# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှု မရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မြန်မာထွက်ကုန် ပဲစင်းငုံ ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် အရောင်းအဝယ်သွက်

**မန္တလေး နိုဝင်ဘာ ၁၀**

ယခုနှစ်တွင် မြန်မာထွက်ကုန် ပဲစင်းငုံများ ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်များ သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

**အရောင်းအဝယ်များ ကောင်းလျက်ရှိ**

ယခုနှစ် ပဲစင်းငုံများသည် ရာသီဥတုကောင်းမွန်မှုကြောင့် အထွက်နှုန်း အသင့်အတင့်ကောင်းကာ အရောင်အသွေးနှင့် အလုံးအဖန်များ ကောင်းမွန်ခြင်းကြောင့် ဈေးကွက်အတွင်း၌ အရောင်းအဝယ်များ ကောင်းနေကြောင်း၊ ယခုလက်ရှိဈေးနှုန်းအနေဖြင့် ပဲစင်းငုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်များ ကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ပဲစင်းငုံကို မြန်မာလူမျိုးတွေက စားသုံးမှုနည်းပါတယ်။ အဓိကအားဖြင့်တော့ အိန္ဒိယလူမျိုးတွေက မြန်မာပဲစင်းငုံကို ဓာတုကင်းစင်ပြီး အရသာမှာလည်း တစ်မူထူးခြားတာကြောင့် ကြိုက်နှစ်သက်ပြီး ဝယ်ယူကြပါတယ်။ ထွက်ရှိတဲ့ ပဲစင်းငုံရာခိုင်နှုန်းပြည့်က ပြည်ပပို့ကုန်အနေနဲ့ နှစ်စဉ်တင်ပို့ရပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

## ကျိုက်မရောမြို့နယ်၌ ဝါးလက်မှုလုပ်ငန်းဖြစ်သည့် တင်းတောင်းများ ဝယ်လိုအားကောင်း

**ကျိုက်မရော နိုဝင်ဘာ ၁၀**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ဒေသထွက်ဝါးများနှင့် ရက်လုပ်ထားသော စပါးခြင်တွယ်ရန်တင်းတောင်းများနှင့် သီးနှံမျိုးစုံထည့်နိုင်သော တောင်းမျိုးစုံမှာ စပါးပေါ်ချိန်၊ ပဲပေါ်ချိန်တွင် ဝယ်လိုအားကောင်းသဖြင့် မိသားစုဝင်ငွေတိုးကာ အဆင်ပြေလျက်ရှိကြောင်း ဝါးလက်မှုလုပ်ငန်းကို မိရိုးဖလာလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်လျက်ရှိသူ ဦးကြိုင်ထံမှ သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ○



**ယနေ့ ဖတ်စရာ**

**မြန်မာရော်ဘာဗိုရမ် - ၂၀၂၃ တွင် ကာလတိုဆောင်ရွက်မည့် လုပ်ငန်း(၁၂)ချက်နှင့် ကာလရှည်ဆောင်ရွက်မည့် လုပ်ငန်း(၉)ချက် ချမှတ်နိုင်ခဲ့**

စာမျက်နှာ » ၄

**အင်ဒိုနီးရှားနိုင်ငံ၌ အရှေ့တောင်အာရှ၏ အကြီးဆုံး ရေပေါ်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်လှစ်**

စာမျက်နှာ » ၁၃




ကြေးမုံ

# စက်မှုကုန်ကြမ်းသီးနှံများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ စသည့်သီးနှံအမျိုးပေါင်း ၆၁ မျိုးကို နိုင်ငံတစ်ဝန်းရှိ စုစုပေါင်း စိုက်ဧရိယာဧက ၄၉ ဒသမ ၃၉ သန်း၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ယင်းတို့တွင် စက်မှုကုန်ကြမ်းသီးနှံပင် ရော်ဘာကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခု၌ ဧက ၁ ဒသမ ၆၄ သန်းစိုက်ပျိုးပြီး အစေးခြစ်ဧက တစ်သန်းနီးပါးမှ ရော်ဘာတန်ချိန် သုံးသိန်းကျော်ထွက်ရှိသည်။

မြန်မာနိုင်ငံ၌ နှစ်စဉ်ထွက်ရှိသည့် ရော်ဘာထုတ်လုပ်မှုတွင် ပြည်တွင်းသုံးစွဲနိုင်ရန်အတွက် တန်ချိန် နှစ်သောင်းကျော်ခန့်ထွက်ရှိပြီး ပြည်ပနိုင်ငံများသို့ တန်ချိန် သုံးသိန်းခန့် တင်ပို့ရောင်းချလျက်ရှိသည်။ ရော်ဘာကို စက်မှုကုန်ကြမ်းသီးနှံအဖြစ် တစ်ကမ္ဘာလုံး အသုံးပြုလျက်ရှိသည်။ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးရိုးမတောင်တန်းဒေသတို့၌ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသော်လည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ပေ။ ရှေးကာလက မြန်မာပြည်တွင် ရော်ဘာစိုက်ဧက တစ်သိန်းကျော်သာရှိပြီး စိုက်ဧက နှစ်ဆကျော် တိုးချဲ့စိုက်ပျိုးခဲ့သည်။ ယခုအခါ စိုက်ဧက တစ်သန်းကျော် တိုးချဲ့စိုက်ပျိုးနိုင်ပြီး လာမည့်နှစ်တွင် ရော်ဘာတန်ချိန် လေးသိန်းခန့် လျာထားဆောင်ရွက်လျက်ရှိသည်။

ရော်ဘာပင်သည် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် အရေးပါသည့် စက်မှုသီးနှံပင်ဖြစ်သည်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ရော်ဘာတင်ပို့မှုမှ တစ်နှစ်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ မှ ၄၅၀ အကြားရရှိခဲ့သည်။ ထို့ကြောင့် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးတွင် အမျိုးသားပို့ကုန် မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန်အမည်များ၌ ရော်ဘာကဏ္ဍသည် အရေးပါသည့် ကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်။ သို့ဖြစ်ရာ ရော်ဘာပင် စတင်စိုက်ပျိုးထုတ်လုပ်သည်မှ မှိုင်းခံရော်ဘာပြားများထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများမှ ကုန်ချောများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်သည်။

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု သမိုင်းကြောင်းတွင် အထွက်နှုန်းနှင့် အရည်အသွေးသည် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အောင်မြင်တိုးတက်မှု အားနည်းနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ လက်ရှိရော်ဘာအထွက်နှုန်းသည် တစ်ဧကပျမ်းမျှ ပေါင် ၇၀၀ ခန့်သာ ထွက်ရှိသဖြင့် အထွက်နှုန်းလျော့နည်းနေသည်။ ဒေသအလိုက် ထောက်ခံထားသည့် မျိုးများအနက် တစ်ဧကလျှင် ပေါင် ၁၃၅၀ ခန့် ထွက်ရှိနိုင်သည့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးပြီးစီးမှုမှာ စိုက်ဧကအားလုံး၏ ၂၆ ဒသမ ၈၃ ရာခိုင်နှုန်းခန့်သာရှိသေးသည့်အတွက် စိုက်ခင်းသစ်များ ဆက်လက်ထူထောင်စိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးနှင့် ဖူးဆက်ပျိုးပင်များ သုံးစွဲစိုက်ပျိုးရေးကို အလေးပေးဆောင်ရွက်ရန် လိုအပ်သည်။

မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “ရော်ဘာတစ်ဧက အထွက်နှုန်းတိုးတက်ရုံတင်မက အရည်အသွေး ကောင်းမွန်စေရန်အတွက်လည်း ရော်ဘာအစေးခဲလုပ်ငန်းစဉ်၌ မှန်ကန်သည့် နည်းစနစ်ကျင့်သုံးရေး၊ မှန်ကန်သည့် ဓာတုပစ္စည်းများသုံးစွဲရေး ပညာပေးခြင်း၊ အရည်အသွေးအာမခံချက်ရှိသည့် ရော်ဘာများ ထုတ်လုပ်နိုင်ရေး ရော်ဘာတောင်သူအစုအဖွဲ့များ စုဖွဲ့လုပ်ဆောင်ခြင်း စသည့်လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာ့ရော်ဘာ အရည်အသွေးနှင့် အဆင့်အတန်း အာမခံချက်ရှိမှသာလျှင် ဈေးကွက်ရရှိနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ရော်ဘာစိုက်တောင်သူများအားလုံး ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း”ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ရော်ဘာအခြေခံ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ရန် အခြေခံကောင်းများရှိသော်လည်း ထုတ်လုပ်မှုကဏ္ဍကို အားပေးမှုမရှိခဲ့ခြင်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်း စသည်တို့ကြောင့် ပြည်ပမှ ရော်ဘာအခြေခံ ထုတ်ကုန်ပစ္စည်းများ နှစ်စဉ်တင်သွင်းနေရခြင်းသည် နိုင်ငံအတွက် များစွာနစ်နာလှသည်။ သာဓကအားဖြင့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ် တာယာများ၊ ကျွတ်များကို နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅ သန်းဖိုး တင်သွင်းနေရသည်။ ထို့ကြောင့် ပြည်တွင်း၌ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ တိုးတက်အောင် ပံ့ပိုးဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော်ဘာဈေးကွက်ရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားရေး၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချရေး၊ စီးပွားရေးတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကုန်ကြမ်းသီးနှံပင်များကို အရည်အသွေးပြည့်မီစွာ တိုးတက်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**
**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၆-၁၁-၂၀၂၃ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပြီး ၂၃-၁၁-၂၀၂၃ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံသစ်တောအသင်း သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**



မြန်မာနိုင်ငံသစ်တောအသင်း တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် ကြို့ကုန်းသစ်တောဝင်း အတွင်းရှိ တော်ဝင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအကျဉ်းကို မြန်မာနိုင်ငံသစ်တောအသင်း လူမှုရေးကော်မတီဥက္ကဋ္ဌဦးမြင့်ဦးက ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူ ကိုယ်စားလှယ်များက ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များအား ကန်တော့ငွေနှင့်ကန်တော့ခံပစ္စည်းများကို ပေးအပ်ကန်တော့ကြသည်။

ဆက်လက်၍ ဦးသင်းကြူ(ဒုတိယအထွေထွေမန်နေဂျာ/ငြိမ်း)က ကန်တော့ချိုးကို ဦးဆောင်ရွတ်ဆို၍ တက်ရောက်လာကြသူများက စုပေါင်းကန်တော့ခဲ့ကြပြီး မြန်မာနိုင်ငံသစ်တောအသင်း အတွင်းရေးမှူးဦးတင်အေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

တတိယအကြိမ်မြောက်ကန်တော့ပွဲတွင် အသက်၈၀နှင့်အထက် သစ်တောဦးစီးဌာနမှ ၂၃ ဦး၊ သစ်လုပ်ငန်းမှ ၂၂ ဦး၊ စုစုပေါင်း ၄၅ ဦးကိုကန်တော့ခဲ့ကြခြင်းဖြစ်သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အေရိုးဗစ်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် **“၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အေရိုးဗစ်ပြိုင်ပွဲ”**ကို နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသမီးအသင်း ၁၄ သင်း ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို**(အခမဲ့)** လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၁၂၁ | ၁,၀၆၄,၈၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၃၅ | ၁၀၃,၂၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၂၂၆ | ၃၆၁,၆၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၁ | ၂,၅၅၀ |
| EFR | ၂,၀၅၀ | ၂,၀၅၀ | ၅ | ၁၀,၂၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀ | ၄၉,၀၀၀ |
| MAEX | ၁,၈၀၀ | ၁,၇၅၀ | ၁၆၆ | ၂၉၁,၄၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# “CLMVT နိုင်ငံများရှိ SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် E-commerce ဆိုင်ရာမူဝါဒ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေး မဟာဗျူဟာများရေးဆွဲနိုင်ရေး သင်တန်းတက်ရောက်ခဲ့မှုအပေါ် အသိပညာမျှဝေဆွေးနွေးခြင်း” ခေါင်းစဉ်ဖြင့်ဆွေးနွေး





**နေပြည်တော် နိုဝင်ဘာ ၁၀**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၃၇) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ KSP အစီအစဉ်တွင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ မြန်မာနှင့် ထိုင်းနိုင်ငံ စသည့် CLMVT ငါးနိုင်ငံတို့ရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and Medium Enterprises-SMEs) ဖွံ့ဖြိုးရေးအတွက် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးစနစ် (E- Commerce) ဆိုင်ရာမူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေး မဟာဗျူဟာများ ရေးဆွဲနိုင်ရေးအတွက် လေ့လာခဲ့မှုများကို မျှဝေဆွေးနွေးမည်ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ မိမိတို့သည် ၂၁ ရာစု၏ Digital Age သို့ရောက်ရှိနေသဖြင့် အဓိကလိုအပ်ချက်သည် သတင်းအချက်အလက်နှင့်နည်းပညာ (Information and Technology-IT) ပင်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် E-Commerce ကို ပုံစံအမျိုးမျိုးဖြင့် အသုံးပြုလာကြသည်သာမက ငွေပေးချေရာတွင် Digital Payment စနစ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာသည်ကို တွေ့ရှိရပါကြောင်း၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro Small and Medium and Enterprise- MSMEs ) တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံတော်၏ GDP တိုးတက်လာပြီး စီးပွားရေးအရှိန်အဟုန် တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသူ အနေဖြင့် CLMVT နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည် အခြေခံအဆောက်အအုံ၊ အင်တာနက်နှင့် ဆက်သွယ်ရေးကဏ္ဍများတွင် တိုးတက်နေပြီဖြစ်သည့်အတွက် ယင်းနိုင်ငံများ၏SMEs လုပ်ငန်းများအခြေအနေနှင့် E- Commerce ဆက်သွယ်ချိတ်ဆက်မှုကို ဝန်ထမ်းများ အနေဖြင့် သိရှိနားလည်ထားရန်နှင့် မိမိနိုင်ငံအတွက် ပြင်ဆင်ဆောင်ရွက်ထားနိုင်ရေး လိုအပ်ချက်များကိုပါ ထည့်သွင်း ဆွေးနွေးပေးရန်နှင့် တက်ရောက်လာကြသူများ အနေဖြင့်လည်းစိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆွေးနွေးသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကိုဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်ဥမ္မာအောင်က **“CLMVT နိုင်ငံများရှိ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် E-commerce ဆိုင်ရာမူဝါဒဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေး မဟာဗျူဟာများ ရေးဆွဲနိုင်ရေး သင်တန်းသို့ တက်ရောက်ခဲ့မှုအပေါ် အသိပညာ မျှဝေဆွေးနွေးခြင်း”** ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ (Non- Tariff Measures) နှင့်စပ်လျဉ်း၍ လည်းကောင်း၊ MSME နှင့် E-commerce ချိတ်ဆက်မှုတွင် MSME များ၏ ထုတ်ကုန်ကို နိုင်ငံတကာ အရည်အသွေးအဆင့်မီ ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် Online Platform အသုံးပြုနေမှုနှင့် စပ်လျဉ်း၍လည်းကောင်း ဖြည့်စွက်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိများနှင့် အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများမှ အွန်လိုင်းဖြင့် တက်ရောက်သူများ အပါအဝင် စုစုပေါင်းဝန်ထမ်း အင်အား ၁၂၀ ကျော် တက်ရောက်ကြသည်။ **သတင်းစဉ်**

---

○ **ကျိုက်မရောမှ**

အဆိုပါ ဒေသမှထွက်ရှိသော ဝါးမျှင်ဝါးနှင့် ဝါးကုတ်ဝါးမျိုးများကို ခုတ်ယူအသုံးပြုကာ စပါးချင်တွယ်ရန်တင်းတောင်းများ၊ အခြားသီးနှံများထည့်နိုင်ရန် တောင်းမျိုးစုံ ရက်လုပ်ခြင်းလုပ်ငန်းကို မိရိုးဖလာရိုးရာအမွေအနှစ်လက်မှုလုပ်ငန်းအဖြစ် ဆက်လက်ထိန်းသိမ်းလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါတင်းတောင်းများရက်လုပ်ရန်အတွက် ကုန်ကြမ်းများကို ရွာနှင့် လေးမိုင်ခန့်ဝေးသော တောင်ပေါ်မှ သွားရောက်ခုတ်ယူရပြီး တင်းတောင်းအနားကွပ်ရန် ကြိမ်များကိုကြိမ်ပင်ရှိရာ အခြားကျေးရွာများမှသွားရောက်ဝယ်ယူပြီးအနားကွပ်ရကြောင်း၊တစ်ရက်လျှင် တောင်းငါးလုံးခန့်ပြီးစီးကြောင်း၊ စပါးတင်းတောင်းတစ်လုံးလျှင် သုံးသောင်းခန့်ဈေးရရှိပြီးအခြားတောင်းများကို အရွယ်အစားအလိုက် တစ်ခုလျှင် ခြောက်ထောင်ကျပ်အထိ ဈေးရရှိကြောင်း သိရသည်။ **မိချို(ပြန်/ဆက်)**



---

☆ **ရှေ့ဖုံးမှ**

ဈေးကွက်ကလည်း အခိုင်အမာရရှိပြီးသားပါ။ ယခုနှစ်မှာ အိန္ဒိယနိုင်ငံအနေနဲ့ ပဲစင်းငုံက လိုအပ်ချက်တွေ များနေတာကြောင့် ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ်စတန်နိုင်ငံတို့ကလည်း နှစ်စဉ်ပုံမှန် ဝယ်ယူနေကြပါတယ်။ ပဲစင်းငုံသီးနှံက နိုင်ငံခြားဝင်ငွေ အဓိကရှာဖွေပေးတဲ့ ပဲအမျိုးအစားထဲမှာ ပါဝင်ပါတယ်” ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲစင်းငုံမှာ ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူနှင့် ပဲစင်းငုံအကြားဟူ၍ အမျိုးအစားသုံးမျိုးရှိကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပဲစင်းငုံများကို စိုက်ပျိုးကြကြောင်း ယခုနောက်ပိုင်းတိုးချဲ့စိုက်ပျိုးလာကြရာ ချင်း၊ ကယား၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလာကြကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအားလက်ခံတွေ့ဆုံ လာအိုနိုင်ငံ၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးသို့ အွန်လိုင်းမှ ပါဝင်တက်ရောက်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (Familiarization Trip-FAM Trip) ပြီးဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပါဝင်သော working group များ ဖွဲ့စည်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ ခရီးသွားများ အပြန်အလှန်သွားလာလည်ပတ်ရေး၊ အစိုးရ-ပုဂ္ဂလိက အားလုံးပါဝင်သော Virtual Tourism Forum ပြုလုပ်နိုင်ရေး၊ နှစ်နိုင်ငံ ခရီးစဉ်ဒေသများသို့ တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲပေးနိုင်ရေး၊ နှစ်နိုင်ငံ ခရီးစဉ်ဒေသများ ကြော်ငြာမြှင့်တင်ရေးနှင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့်အာဆီယံ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးတို့သို့ အွန်လိုင်းမှ ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော မဟာဗျူဟာများနှင့်အညီ အာဆီယံဒေသတွင်း ဦးစားပေး ခရီးစဉ်ဒေသများနှင့် ဝင်ထွက်ပေါက်များ သတ်မှတ်ဆောင်ရွက်ရန်၊ ဒေသတွင်း ခရီးသွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ခရီးသွားလုပ်ငန်းနှင့် ပို့ဆောင်ရေးကဏ္ဍများ အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်၊ အာဆီယံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့နှင့် အာဆီယံ ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအကြား အထူးလုပ်ငန်းအဖွဲ့တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် အဆိုပြုချက်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် ဒေသတွင်း ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံအနေဖြင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ၊ အာဆီယံ ခရီးသွားလုပ်ငန်း ဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ အာဆီယံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များ၊ အာဆီယံ ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ၊ အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့် ကိုယ်စားလှယ်များ၊ နိုင်ငံတကာလေကြောင်း ပို့ဆောင်ရေး အဖွဲ့(IATA)နှင့် နိုင်ငံတကာ အပျော်စီး သင်္ဘောလုပ်ငန်းအဖွဲ့ (CLIA) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးကိုအာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများ မြှင့်တင်ရာတွင် ဒေသတွင်း အဓိက ဦးစားပေး ခရီးစဉ်ဒေသများသို့ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် အာဆီယံပို့ဆောင်ရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍအကြား ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာရော်ဘာဖိုရမ်-၂၀၂၃ တွင် ကာလတိုဆောင်ရွက်မည့်လုပ်ငန်း(၁၂)ချက်နှင့် ကာလရှည်ဆောင်ရွက်မည့်လုပ်ငန်း(၉)ချက် ချမှတ်နိုင်ခဲ့




နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဒုတိယနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ ရော်ဘာလုပ်ငန်းကဏ္ဍ ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ ရော်ဘာပညာရှင်များ၊ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း ၊ မြန်မာ့သဘာဝ ရော်ဘာရေရှည်တည်တံ့မှု ဖော်ဆောင်ရေးအသင်း၊ ရော်ဘာအဝယ်ဒိုင်များ၊ ပြုပြင်ထုတ်လုပ်သည့်စက်ရုံများ၊ ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်း ထုတ်လုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခမ်းအနား ပထမနေ့ ဒုတိယပိုင်းအစီအစဉ်တွင် အဖွဲ့လိုက်ဆွေးနွေးခဲ့ကြမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့ကိုယ်စားလှယ်များက လုပ်ကွက်ငယ်ခြံ၊ ခြံကြီးများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ထုတ်လုပ်နိုင်စွမ်းအား မြင့်မားစေခြင်းဖြင့် ထုတ်လုပ်မှုကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးချက်ရလဒ်များ ၊ ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရော်ဘာတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့်ကဏ္ဍ ပေါ်ထွန်းရေးအတွက် အရေးကြီးသော အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာစေရေးဆိုင်ရာ ဆွေးနွေးချက်ရလဒ်များ၊ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒအဖွဲ့အစည်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပံ့ပိုးမှုများဆိုင်ရာ အဖွဲ့လိုက်ဆွေးနွေးချက်ရလဒ်များကို တင်ပြကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အမြဲတမ်းအတွင်းဝန်တို့က မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းပေးခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ မြန်မာရော်ဘာဖိုရမ်-၂၀၂၃ သို့ တက်ရောက်လာကြသော ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ရော်ဘာကုန်ချောထုတ်လုပ်သူများ၊ ရောင်းဝယ်သူများအပါအဝင် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများအားလုံးက မိမိတို့၏ ကိုယ်ပိုင်အချိန်များပေး၍ မြန်မာရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆွေးနွေးအမြင်ချင်းဖလှယ်၍ ကာလတို၊ ကာလရှည်ဆောင်ရွက်သွားမည့်လုပ်ငန်းများ ချမှတ်အတည်ပြုနိုင်မှုအပေါ် များစွာဝမ်းမြောက်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

မြန်မာရော်ဘာဖိုရမ်-၂၀၂၃ တွင် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်စုသုံးခု၏ ဆွေးနွေးချက်များအပေါ် သုံးသပ်၍ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများအဖြစ် ကာလတိုဆောင်ရွက်မည့် လုပ်ငန်း(၁၂)ချက်၊ ကာလရှည် ဆောင်ရွက်မည့် လုပ်ငန်း (၉)ချက် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍ ရော်ဘာထုတ်လုပ်သည့် ဒေသများတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ ကုန်ချောထုတ်လုပ်သူစသည့် အလွှာစုံပါဝင်သော ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ရေရှည်တည်တံ့သော သဘာဝရော်ဘာ (Sustainable Natural Rubber – SNR) ကို တိုးချဲ့ဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်ဟု သိရသည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် စပါးမျိုးစေ့၊ နေကြာမျိုးစေ့နှင့် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲ ကျင်းပ




ပုသိမ် နိုဝင်ဘာ ၁၀

၂၀၂၃-၂၀၂၄ ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် စပါးမျိုးစေ့၊ နေကြာမျိုးစေ့၊ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားများပြောကြားသည်။ ဆက်လက်၍ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးက ခရိုင်အတွင်းပိုက်ဆံလျှော် (မျိုးစေ့ထုတ်)နှင့် နေကြာစိုက်ပျိုးမှုအခြေအနေများ၊ ၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ တစ်ဧက ၁၀ တင်းနှုန်း ပိုမိုတိုးတက်ထွက်ရှိရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက တောင်သူများထံ ပိုက်ဆံလျှော်မျိုးစေ့၊ နေကြာမျိုးစေ့နှင့် စပါးမျိုးစေ့များ ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် စိုက်ပျိုးဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှ တောင်သူများထံသို့ ပိုက်ဆံလျှော်မျိုးစေ့၊ နေကြာမျိုးစေ့နှင့် စပါးမျိုးစေ့များ ပေးအပ်ခဲ့ပြီး တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ဖျာပုံ-ကျိုက်လတ်ကားလမ်းဘေးရှိ ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ခင်းဧက ၂၀ ကို ကြည့်ရှုပြီး ပိုက်ဆံလျှော်မျိုးစေ့များ တောင်သူများထံသို့ အချိန်မီရောက်ရှိ၍ ထည့်သွင်းစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသည့် ၂၀၂၃-၂၀၂၄ ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် နေကြာမျိုးစေ့၊ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်၍အမှာစကား ပြောကြားပြီး မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့မှ တောင်သူများထံသို့ ပိုက်ဆံလျှော်မျိုးစေ့များနှင့် နေကြာမျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယအဖွဲ့က ကြီးမှူးကျင်းပသည့် ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)၌ ကျင်းပရာ မြန်မာနိုင်ငံ မျက်မမြင်များ မိတ်သဟာယအဖွဲ့ ဥက္ကဋ္ဌ ဦးစောရွှေလင်းက အမှာစကားပြောကြားသည်။

ထို့နောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# ပြည်တက္ကသိုလ်၌ သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပ

ပြည် နိုဝင်ဘာ ၁၀

အဆင့်မြင့်ပညာဦးစီးဌာန ပြည်တက္ကသိုလ်၏ နိုဝင်ဘာ ၁၁ ရက်တွင် ကျရောက်မည့် (၂၄) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပြုလုပ်သောသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ယင်းတက္ကသိုလ် မဋ္ဌူခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က အမှာစကားပြောကြားပြီး သုတေသန စာတမ်းဖတ်ပွဲများ ကျင်းပရာ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဘူမိဗေဒဌာနတို့မှ စာတမ်းများကို မဋ္ဌူခန်းမ၌လည်းကောင်း၊ သတ္တဗေဒနှင့် ရုက္ခဗေဒဌာနမှ စာတမ်းများကို ရုက္ခဗေဒဌာန Seminar Room ၌ လည်းကောင်း၊ မြန်မာ၊ ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ ဥပဒေနှင့် အရှေ့တိုင်းပညာဌာနတို့မှစာတမ်းများကို Theater ခန်းမဆောင်၌ လည်းကောင်း သက်ဆိုင်ရာဌာနအလိုက် ဖတ်ကြားကြသည်။



အဆိုပါ စာတမ်းဖတ်ပွဲများအပြီးတွင် တက္ကသိုလ်၏ ဝန်ထမ်းများ အားလုံးကို ဗလာမပါကံစမ်းမဲ လက်ဆောင်ပစ္စည်းများ မဲဖောက်ပေးခြင်း၊ ကြာဆံချက်နှင့် အစားအသောက်များ စုပေါင်းတည်ခင်းကျွေးမွေးခြင်းနှင့် ပရိတ်တရားတော် နာယူခြင်းတို့ဖြင့် တက္ကသိုလ်မွေးနေ့ကို ပျော်ရွှင် စွာကျင်းပခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ကြေညာချက်

(က) ၁။ အာရှနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကိုတင်ပို့သည့်နေ့မှ၄၅ရက်အတွင်းလည်းကောင်း၊ အာရှနိုင်ငံများအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်းလည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၂ ဖြင့် ထုတ်ပြန်ထားပါသည်။

၂။ သတ်မှတ်ချက်များနှင့်အညီ ငွေပြန်လည်ဝင်ရောက်ခြင်း မရှိသည့် ကုမ္ပဏီများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကုန်သွယ်ရေးဦးစီးဌာနက အသိပေးကြေညာချက် ထုတ်ပြန်ထားပြီး ဖြစ်သဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့အတွင်း လိုက်နာဆောင်ရွက်ခြင်း မရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၃။ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ရငွေပေးသွင်းခြင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြလိုပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန - ဆက်သွယ်ရန်ဖုန်း ၀၆၇-၃၄၁၈၇၅၄၊ ၀၁-၅၄၃၅၁၁ လိုင်းခွဲ ၄၆၁၊ ၄၆၂

(ခ) ကုန်သွယ်ရေးဦးစီးဌာန - ဆက်သွယ်ရန်ဖုန်း-၀၆၇-၃၄၀၈၂၅၈၊ ၀၆၇-၃၄၀၈၂၈၁

(ခ) ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေအရ ပို့ကုန်ရငွေအား သတ်မှတ်ကာလအတွင်း မိမိ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက်ထည့်သွင်းရန် လိုအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့် Japan Myanmar Association ၏ Vice Chairman တို့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံမှလယ်ယာထွက်ကုန်သာမက အခြားထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Japan Myanmar Association ၏ Vice Chairman Mr. Watanabe Yusuke ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၁ နာရီတွင် အဆိုပါ ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက် သွားမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား ငွေပေးချေမှုနှင့် ခရီးသွားကဏ္ဍ ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် ငွေပေးမှုဆိုင်ရာကတ်စနစ် အပြန်အလှန် အသုံးပြုစေရေးနှင့် ကုန်သွယ်မှုတွင် ဘဏ်လုပ်ငန်းမှ ပံ့ပိုးဆောင်ရွက်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မိုင်းတုံမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းတုံ နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မိုင်းတုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပါခါးကျေးရွာ၊ နောင်လဲ(ရွာသစ်)ကျေးရွာနှင့် မုံးထမြို့သစ် ကျေးရွာတို့၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ပါခါးကျေးရွာတွင် အရှည် သုံးမိုင် စိမ့်စမ်းရေသွယ်ယူခြင်း ၊ ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် နောင်လဲ(ရွာသစ်)ကျေးရွာတွင် အရှည် နှစ်ဖာလုံရှိ ရေပိုက်သွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး နှင့် တာဝန်ရှိသူများသည် မုံးထမြို့သစ် ကျေးရွာတွင် အရှည် နှစ်မိုင် စိမ့်စမ်းရေသွယ်ယူခြင်း ၊ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် အိမ်တိုင်ရာရောက် ရေဖြန့်ဝေ ပိုက်သွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အဆိုပါ ကျေးရွာသုံးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းမှုများ ဆက်လက် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာ သုံးရွာ၌ ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၃ ဒသမ ၂၇၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ယခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာ သုံးရွာရှိ တိုင်းရင်းသားပြည်သူ ၈၄၃ ဦးတို့အတွက် သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

၂၂၂



## အထက ချောင်းသာ၌ အမှိုက်စနစ်တကျ စွန့်ပစ်ရေး အသိပညာပေး ဟောပြော

**ချောင်းသာ နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့နှင့် အထက(ချောင်းသာ)တို့ ပူးပေါင်းပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြို့/ရွာ သန့်ရှင်းသာယာရေးအတွက် အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက အထက(ချောင်းသာ)ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးစိုးမိုးကျော်က အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်နိုင်စေရေး၊ ပလတ်စတစ် သုံးစွဲမှု လျှော့ချနိုင်သည့် နည်းလမ်းများနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၏ ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

အသိပညာပေးဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့် ဆွေးနွေးမေးမြန်းမှုများကို ခေတ္တအမှုဆောင်အရာရှိဦးစိုးမိုးကျော်က ပြန်လည်ဖြေကြားပေးခဲ့ပြီး တက်ရောက်လာသူများအား မြို့စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စွန့်ပစ်အမှိုက်နှင့် ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လုပ်အားပြဖို့လိုပြီ

ခင်သန်းမြင့်

ကိုရီးယား K-Drama လှိုင်းတွေရဲ့ရိုက်ခတ်မှုက ဆယ်စုနှစ် နှစ်စုမက ကြာခဲ့ပြီ။ မြန်မာအပါအဝင် အာရှနိုင်ငံအတော်များများက ယနေ့တိုင် နှစ်သက်စွဲလမ်းကြဆဲပါ။ ကျွန်မလည်း ကြိုက်တယ်။ အားတဲ့အချိန်တိုင်း ကြည့်ဖြစ်တယ်။

K-Drama Lover တွေတော့ သတိပြုမိကြရဲ့လားမသိဘူး။ ကျွန်မကတော့ ကိုရီးယားဇာတ်လမ်းတွဲတွေ ကြည့်တိုင်း "နှာခေါင်းသွေး ထွက်အောင်အလုပ်လုပ်ကြမယ်၊ အလုပ်လုပ်ရမယ်"ဆိုတဲ့ စကားနဲ့ ကိုရီးယားလူကြီး၊ လူငယ်မရွေး အလုပ်ကြိုးစားတဲ့ ဇာတ်ဝင်ခန်းတွေ အမြဲလိုလို ပါလေ့ရှိတာကို သတိပြုမိတယ်။ ဆိုဂျူးတို့၊ ကင်ချီတို့၊ ပဲခေါက်ဆွဲတို့က ကိုရီးယားယဉ်ကျေးမှုရဲ့အမှတ်တံဆိပ် ရိုးရာအစားအစာတွေဖြစ်တယ်လို့ဆိုရင် အလုပ်ကြိုးစားမှုကလည်း ကိုရီးယားတို့ရဲ့စရိုက်လက္ခဏာလို့ပဲဆိုရမှာဖြစ်ပါတယ်။

အမှန်တကယ်လည်း ကိုရီးယားသမ္မတနိုင်ငံရဲ့လက်ရှိဖွံ့ဖြိုးတိုးတက်မှုဟာ ပဒေသာပင်မြေကသူ့အလိုလို ပေါက်လာခဲ့တာမဟုတ်ပါဘူး။ ကိုရီးယားလူမျိုးတို့ရဲ့ စိတ်ဓာတ်နဲ့ ကြိုးစားမှုကြောင့်ပါ။

ကိုရီးယားသမ္မတနိုင်ငံလို့ခေါ်တဲ့ တောင်ကိုရီးယားနိုင်ငံဟာ ကိုရီးယားကျွန်းဆွယ်ရဲ့ တောင်ဘက်စွန်းမှာ တည်ရှိပါတယ်။ တောင်နဲ့ မြောက် မိုင် ၃၀၀ ရှည်လျားပြီး အရှေ့နှင့်အနောက် ၁၈၅ မိုင်ကျယ်ဝန်းကာ မြေအကျယ်ဧရိယာ ၃၉၀၀၀ စတုရန်းမိုင်ကျယ်ဝန်းပါတယ်။ ပင်လယ်ကမ်းရိုးတန်း စုစုပေါင်းအရှည် ၈၁၉ မိုင်ရှိပြီး တောတောင် ထူထပ်ပေါများပါတယ်။

အနောက်ဘက်မှာ တရုတ်နိုင်ငံ၊ အရှေ့ဘက်မှာ ဂျပန်နိုင်ငံ၊ မြောက်ပိုင်းမှာ မြောက်ကိုရီးယားလို့ခေါ်တဲ့ ကိုရီးယားဒီမိုကရက်တစ် သမ္မတနိုင်ငံတို့တည်ရှိပါတယ်။ တရုတ်နိုင်ငံ ပေကျင်းမြို့နဲ့ မိုင် ၅၀၀ ခန့် ကွာဝေးပြီး ဂျပန်နိုင်ငံနဲ့ မိုင် ၁၅၀ သာ ကွာဝေးပါတယ်။ တောင်ကိုရီးယား တစ်နိုင်ငံလုံးရဲ့ ၈၀ ရာခိုင်နှုန်းကို တောင်ကုန်း၊ တောင်တန်းများက ဖုံးလွှမ်းနေပြီး သဘာဝသယံဇာတ အရင်းအမြစ်များ နည်းပါးတဲ့အပြင် စိုက်ပျိုးနိုင်တဲ့မြေအကျယ်အဝန်းကလည်း ၂၀ ရာခိုင်နှုန်းသာရှိပါတယ်။ ပထဝီ အနေအထားအရ စိုက်ပျိုးရေးနဲ့ ကုန်သွယ်ရေးလုပ်ဖို့ ခက်ခဲတဲ့အတွက် ကိုရီးယားလူမျိုးများအဖို့ အသက်ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် အစဉ်အမြဲ ရုန်းကန် လှုပ်ရှားခဲ့ရပါတယ်။

ဒါ့အပြင် အိမ်နီးချင်းနိုင်ငံများရဲ့ ကျူးကျော်ရန်စမှုကိုလည်း ရာစုနှစ်ပေါင်းများစွာ ခံခဲ့ရတဲ့အပြင် အိမ်နီးချင်း ဂျပန်နိုင်ငံရဲ့နှစ်ပေါင်းလေးဆယ်နီးပါး ကိုလိုနီနိုင်ငံအဖြစ် ရက်ရက်စက်စက် ကျွန်ပြုခြင်းကို ခံခဲ့ရပါတယ်။ ဒီကြားထဲက ကိုရီးယားလူမျိုးတွေဟာ မိမိရဲ့ကိုယ်ပိုင်ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံ၊ ကိုယ်ပိုင်ဟန်တွေကို မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်ခဲ့တာ အင်မတန်မှ ချီးကျူးစရာကောင်းပါတယ်။

၁၉၅၀-၁၉၅၃ ခုနှစ် တောင်၊ မြောက်ကိုရီးယားနှစ်နိုင်ငံစစ်ပွဲကြီးမှာတော့ တိုင်းပြည်ဟာ ထောင်းလမောင်းကြေကျန်ခဲ့ရပါတယ်။ ကိုရီးယားစစ်ပွဲကြီးကြောင့် ခန့်မှန်းခြေ အရပ်သား နှစ်သန်းကျော်သေခဲ့ရပြီး သိန်းပေါင်းများစွာသော ပြည်သူပြည်သားများ ထိခိုက်ဒဏ်ရာရခဲ့ကြတယ်။ စစ်ကာလအတွင်းမှာ မိသားစုတွေ ကစဉ့်ကလျား တကွဲတပြားဖြစ်ကုန်ကြတယ်။။ စစ်ပွဲရပ်ဆိုင်းဖို့ သဘောတူလက်မှတ်ထိုးပြီးတဲ့အခါမှာတော့ ကိုရီးယားကျွန်းဆွယ်ဟာ နှစ်ပိုင်းကွဲသွားပြီး ပြည်သူအတော်များများဟာ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနဲ့ ကွဲကွာသွားခဲ့ကြရတာ ယခုတိုင်ပါပဲ။ တိုင်းပြည်ရဲ့ အခြေအနေဟာလည်း အလုပ်အကိုင်မရှိ၊ စားစရာကလည်း နတ္ထိနဲ့ ငတ်မွတ်ခေါင်းပါးမှုနဲ့ ကြုံတွေ့ခဲ့ကြရပြန်တယ်။

ထိုစဉ်ကာလမှာ ကိုရီးယားနိုင်ငံသားတွေဟာ အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုတွေကို ဒူးမထောက်၊ လက်မမြှောက် ကြံ့ကြံ့ခံရင်ဆိုင်ပြီး ပိုမိုသာယာဝပြောသော ဘဝတစ်ခုမှာ နေထိုင်ရပ်တည်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားခဲ့ကြရပါတယ်။ မိသားစုအတွက်၊ တိုင်းပြည်အတွက်အနစ်နာခံပေးဆပ်ခဲ့ကြတယ်။ ထောင်ပေါင်းများစွာသော ကိုရီးယားနိုင်ငံသားတွေဟာ နိုင်ငံရပ်ခြားမှာ သတ္တုတွင်းအလုပ်သမားများ၊ ဆောက်လုပ်ရေးအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်ခဲ့ကြရသလို ထောင်ပေါင်းများစွာသော အမျိုးသမီးတွေဟာလည်း သူနာပြုဆရာမများအဖြစ် သွားရောက်အမှုထမ်းခဲ့ကြရတယ်။ ကိုရီးယားနိုင်ငံဟာ သူတို့ပြန်ပို့တဲ့ငွေများကြောင့် ဒေဝါလီခံရမယ့်ဘေးက လွတ်ကင်းခဲ့ရသလို သူတို့မိသားစုဝင်များဟာလည်း ထမင်းဝပြီး စာဖြောင့်ဖြောင့်သင်နိုင်ခဲ့ကြခြင်း ဖြစ်ပါတယ်။

လက်ရှိမှာတော့ ကိုရီးယားသမ္မတနိုင်ငံဟာ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ပါပြီ။ ဆဲလ်ဖုန်းများ၊ ကွန်ပျူတာသုံး တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ရေယာဉ်သင်္ဘောကြီးများ၊ ဇိမ်ခံမော်တော်ကားများကို ထုတ်လုပ်နိုင်ခဲ့ပါပြီ။ ထူးချွန်တဲ့ အားကစားသမားများ၊ အနုပညာရှင်များ၊ ဂီတပညာရှင်များ၊ သိပ္ပံပညာရှင်များစွာဟာလည်း ကမ္ဘာတစ်လွှားမှာ ထင်ရှားကျော်ကြားလာခဲ့ကြပါပြီ။

တစ်ချိန်က အိမ်နီးချင်း ဂျပန်နိုင်ငံရဲ့နှစ်ပေါင်းလေးဆယ်နီးပါး ကိုလိုနီနိုင်ငံအဖြစ် ရက်ရက်စက်စက်ကျွန်ပြုခံခဲ့ရတဲ့အပြင် စစ်ဘေးစစ်ဒဏ်ကြောင့် ကုန်းကောက်စရာ မကျန်အောင် ဖျက်ဆီးခြင်းခံခဲ့ရတဲ့ နိုင်ငံငယ်လေး၊ ၁၉၆၀ ပြည့်နှစ် ကာလအထိ တစ်မျိုးသားလုံး ထုတ်ကုန်တန်ဖိုးက တစ်နှစ်မှ အမေရိကန်ဒေါ်လာ ၈၀ မျှသာရှိခဲ့ပြီး ကမ္ဘာ့အဆင်းရဲဆုံး ဂါနာ၊ ဆူဒန်နိုင်ငံတို့နဲ့ တန်းတူသာသာရှိခဲ့တဲ့ နိုင်ငံလေး၊ လျှပ်စစ်နဲ့ရေပိုက်စနစ်က ကြေးရတတ်လူတန်းစားတို့ရဲ့ဇိမ်ခံပစ္စည်းသာဖြစ်ခဲ့ပြီး အထက်တန်းလွှာလောက်သာ ကိုယ်ပိုင်ကားစီးနိုင်ခဲ့တဲ့ ကိုရီးယားသမ္မတနိုင်ငံဟာ ယနေ့ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ် ဘယ်လိုပေါ်ထွန်း ဖြစ်တည်လာခဲ့သလဲ၊ အချိန်တိုအတွင်း ထိပ်တန်းနိုင်ငံကြီးတစ်နိုင်ငံအဖြစ်ကို ဘယ်လိုတက်လှမ်းနိုင်ခဲ့ပါသလဲ။

> **၁၉၅၀-၁၉၅၃ ခုနှစ် တောင်၊ မြောက်ကိုရီးယားနှစ်နိုင်ငံစစ်ပွဲကြီးမှာတော့ တိုင်းပြည်ဟာ ထောင်းလမောင်းကြေကျန်ခဲ့ရပါတယ်။ ကိုရီးယားစစ်ပွဲကြီးကြောင့် ခန့်မှန်းခြေ အရပ်သား နှစ်သန်းကျော်သေခဲ့ရပြီး သိန်းပေါင်းများစွာသော ပြည်သူပြည်သားများ ထိခိုက်ဒဏ်ရာရခဲ့ကြတယ်။ စစ်ကာလအတွင်းမှာ မိသားစုတွေ ကစဉ့်ကလျား တကွဲတပြားဖြစ်ကုန်ကြတယ်။။ စစ်ပွဲရပ်ဆိုင်းဖို့ သဘောတူလက်မှတ်ထိုးပြီးတဲ့အခါမှာတော့ ကိုရီးယားကျွန်းဆွယ်ဟာ နှစ်ပိုင်းကွဲသွားပြီး ပြည်သူအတော်များများဟာ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနဲ့ ကွဲကွာသွားခဲ့ကြရတာ ယခုတိုင်ပါပဲ။ တိုင်းပြည်ရဲ့အခြေအနေဟာလည်း အလုပ်အကိုင်မရှိ၊ စားစရာကလည်း နတ္ထိနဲ့ ငတ်မွတ်ခေါင်းပါးမှုနဲ့ ကြုံတွေ့ခဲ့ကြရပြန်တယ်။**

> **တစ်ချိန်က အိမ်နီးချင်း ဂျပန်နိုင်ငံရဲ့နှစ်ပေါင်း လေးဆယ်နီးပါး ကိုလိုနီနိုင်ငံအဖြစ် ရက်ရက်စက်စက်ကျွန်ပြုခံခဲ့ရတဲ့အပြင် စစ်ဘေးစစ်ဒဏ်ကြောင့် ကုန်းကောက်စရာ မကျန်အောင် ဖျက်ဆီးခြင်းခံခဲ့ရတဲ့ နိုင်ငံငယ်လေး၊ ၁၉၆၀ ပြည့်နှစ်ကာလအထိ တစ်မျိုးသားလုံး ထုတ်ကုန်တန်ဖိုးက တစ်နှစ်မှအမေရိကန်ဒေါ်လာ ၈၀ မျှသာရှိခဲ့ပြီး ကမ္ဘာ့အဆင်းရဲဆုံး ဂါနာ၊ ဆူဒန်နိုင်ငံတို့နဲ့ တန်းတူသာသာရှိခဲ့တဲ့ နိုင်ငံလေး၊ လျှပ်စစ်နဲ့ရေပိုက်စနစ်က ကြေးရတတ်လူတန်းစားတို့ရဲ့ဇိမ်ခံပစ္စည်းသာဖြစ်ခဲ့ပြီး အထက်တန်းလွှာလောက်သာ ကိုယ်ပိုင်ကားစီးနိုင်ခဲ့တဲ့ ကိုရီးယားသမ္မတနိုင်ငံဟာ ယနေ့ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ် ဘယ်လိုပေါ်ထွန်း ဖြစ်တည်လာခဲ့သလဲ၊ အချိန်တိုအတွင်း ထိပ်တန်းနိုင်ငံကြီးတစ်နိုင်ငံအဖြစ်ကို ဘယ်လိုတက်လှမ်းနိုင်ခဲ့ပါသလဲ။**

ဟွန်ဒိုင်းကုမ္ပဏီရဲ့ဥက္ကဋ္ဌကြီး ချွန်ဂျူးယွန်ကတော့ "ကျွန်တော်တို့ အောင်မြင်မှုများ ရရှိခဲ့ကြခြင်းမှာ ကျွန်တော်တို့ပြည်သူများ၏ အလုပ်ကြိုးစားလိုသောစိတ်ဓာတ် အခြေခံများနှင့် လုံ့လဝီရိယစိုက်ထုတ်ခဲ့ကြသော ကြောင့်သာဖြစ်ပါသည်။ သူတို့သည် သူတို့၏စိတ်ဓာတ်စွမ်းပကားများကို စိုက်ထုတ်ပြီး အလုပ်လုပ်ခဲ့ကြပါသည်။ ပြင်းပြသော ယုံကြည်မှုများက သူတို့၏အနိုင်မခံ အရှုံးမပေးသော ကြိုးပမ်းမှုများကို ဖန်တီးပေးခဲ့ကြပါသည်။ ဤသည်မှာ ထူးခြားဆန်းပြားမှုဟူသမျှကို နိုင်နင်းစေသော သော့ချက် တစ်ခုသာဖြစ်ပါသည်။ လူသားတိုင်းတွင် တိုင်းတာ၍မရနိုင်သော စွမ်းပကားများကို ပိုင်ဆိုင်ကြပါသည်"လို့ ဆိုခဲ့ပါတယ်။

အသက် ၃၅ နှစ်အရွယ်မှာပဲ ဟွန်ဒိုင်းကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ် (CEO) ဖြစ်ခဲ့ပြီး နောက်ပိုင်းမှာ ကိုရီးယားသမ္မတနိုင်ငံသမ္မတအဖြစ် တက်လှမ်းနိုင်ခဲ့သူ သမ္မတအီမြောင်ဘတ်ကလည်း ငယ်စဉ်ဘဝကတည်းက အလုပ်နဲ့လက်ပြတ်တဲ့ အချိန်ရယ်လို့ မရှိခဲ့ဘဲ အလုပ်ဟာ သူ့ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပဲလို့ ဖွင့်ဟဝန်ခံခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ "ထိုခေတ်ထိုကာလက ကျွန်တော်တို့ အသည်းအသန် လိုလားတောင့်တသည်မှာ ပိုမိုသာယာဝပြောသော ဘဝတစ်ခုတွင် နေထိုင် ရှင်သန်ဖို့ နှင့် ထိုဘဝမျိုးရအောင် အသည်းအသန်ကြိုးစားရေးသာ ဖြစ်၏။ အဆိုပါ ပြင်းပြသော ဆန္ဒနှင့် ဖွဲ့မာန်များကြောင့်ပင်လျှင် လူအများက မဖြစ်နိုင်ဟုထင်ထားသည့် အရာများကို ကျွန်တော်တို့ စွမ်းဆောင်နိုင်ခြင်းဖြစ်ပါသည်"လို့လည်း ဆိုပါတယ်။

သမ္မတ ပတ်ချွန်ဟီးကလည်း ထိုခေတ်ထိုကာလမှာ နိုင်ငံတစ်ဝန်းလုံး နိုးကြားတက်ကြွလာစေရေးအတွက် ကြွေးကြော်သံအမျိုးမျိုး၊ အထိမ်းအမှတ်နေ့အမျိုးမျိုးကို သတ်မှတ်ပေးခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်ကို အလုပ်ကြိုးစားမှုနှစ်အဖြစ် သတ်မှတ်ခဲ့သလို "တိုက်ခိုက်ရင်း အလုပ်လုပ်၊ အလုပ်လုပ်ရင်းတိုက်ခိုက်" ဆိုတဲ့ ဆောင်ပုဒ်ကိုလည်း ကြွေးကြော်သံအဖြစ် ကျင့်သုံးခဲ့ပါတယ်။

ကိုရီးယားနိုင်ငံရဲ့ထိပ်တန်းရောက် ကုမ္ပဏီကြီးတိုင်းလိုလိုမှာလည်း ဆပ္ပန်းခေါ် ကြွေးကြော်သံများ ကိုယ်စီရှိကြပါတယ်။ အယ်လ်ဂျီကုမ္ပဏီက "ညီညွတ်ရေး"၊ ဒေဝူးက "တီထွင်ဖန်တီးရေး၊ စိန်ခေါ်ရေးနှင့် စွန့်လွှတ်အနစ်နာခံရေး"၊ ဆမ်ဆောင်းက "လူတစ်ဦးချင်းကို လေးစားရေး၊ တီထွင်ကြံဆရေးနှင့် တာဝန်ယူလုပ်ကိုင်တတ်ရေး"စတဲ့ ကြွေးကြော်သံ ဆောင်ပုဒ်ကိုယ်စီကိုင်စွဲထားကြပါတယ်။

ဟွန်ဒိုင်းကုမ္ပဏီကတော့ "တီထွင်ဖန်တီးသည့် ဥာဏ်ပညာ၊ ခိုင်မာသော စိတ်ဓာတ်၊ အနိုင်မခံ အရှုံးမပေးသော မောင်းနှင်အား"ဆိုတဲ့ ကြွေးကြော်သံဆောင်ပုဒ်ကို ဟွန်ဒိုင်းစိတ်ဓာတ် သုံးရပ်အဖြစ် ကိုင်စွဲခဲ့ပါတယ်။ ဟွန်ဒိုင်းကုမ္ပဏီရဲ့ အကြီးတန်းအမှုဆောင် လူကြီးတစ်ဦးရဲ့ "ကျွန်တော်ဟာ တစ်နေ့ကို ၁၆ နာရီ၊ တစ်ပတ်ကို ခုနစ်ရက်နှုန်းနဲ့ ၁၆ နှစ်လုံး အလုပ်လုပ်ခဲ့ပါတယ်။ အားလပ်ရက်ဆိုလို့ တစ်ရက်မျှမရှိခဲ့ပါဘူး။ ကျွန်တော်တို့ မမှုပါဘူး။ ဥက္ကဋ္ဌကြီးကလည်း အလုပ်လုပ်ကြဖို့ပဲ တောင်းဆိုပါတယ်။ ကျွန်တော်တို့အားလုံး သူ့ကိုကြည်ညိုလေးစားကြပါတယ်။ သူဟာ ကျွန်တော်တို့ရဲ့ဆရာကောင်းပါ"ဆိုတဲ့ ဖွင့်ဟဝန်ခံချက်ကလည်း ဟွန်ဒိုင်းစိတ်ဓာတ်ကို ထင်ဟပ်ပေါ်လွင်စေပါတယ်။

လက်ရှိကာလမှာလည်း ကိုရီးယားနိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာရင်ပဲဖြစ်ဖြစ်၊ ကိုရီးယားဇာတ်လမ်းတွဲတွေမှာပဲဖြစ်ဖြစ် ကုမ္ပဏီကြီးများ၊ ကုန်တိုက်ကြီးများ၊ စူပါမားကက်ကြီးများမှအစ လမ်းဘေးခေါင်းရွက်ဗျပ်ထိုး ဈေးသည်များအဆုံး ညဉ့်နက်သန်းခေါင်အထိ လုပ်ကြကိုင်ကြ၊ ရောင်းကြဝယ်ကြနဲ့ နာရီနဲ့အမျှ အလုပ်လုပ်နေကြတာ၊ အလုပ်ရှုပ်နေကြတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ဟွန်ဒိုင်းကုမ္ပဏီဥက္ကဋ္ဌကြီး ချွန်ဂျူးယွန်ရဲ့ "ကျွန်တော်တို့တစ်တွေသာ အလုပ်ကို အမြဲတမ်းကြိုးကြိုးစားစား လုပ်မနေကြဘူးဆိုရင် အခွင့်ကောင်း အခါကောင်းတွေ ရောက်လာတဲ့တိုင်အောင် လက်လွတ်ဆုံးရှုံးသွားခဲ့ကြမှာ သေချာတယ်။ ကျွန်တော်တို့ ကံကောင်းတယ်လို့ ဆိုရပါလိမ့်မယ်။ ကျွန်တော်တို့ အမှန်တကယ်ပဲ အလုပ်ကြိုးစားခဲ့ကြပါတယ်"ဆိုတဲ့ ဖွင့်ဟပြောကြားချက်ကလည်း တစ်ချိန်က ကျွန်မတို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားခဲ့တဲ့ "ပဒေသာပင်မြေကပေါက် မလာနိုင်ဘူး။ ကျွန်တော်တို့အလုပ်လုပ်မှ ပေါက်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ ကျွန်တော်တို့မှာ သုညကစပြီး အကုန်လုံးပြန်ပြီး အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဖြစ်တော့ တခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျုပ်တို့က ခြေလှမ်း လေးငါးဆယ်လှမ်း လှမ်းမှ နောင် ၁၀ နှစ်၊ ၁၅ နှစ်လောက်ကြာလို့ရှိရင် တန်းတူညီတူ ဖြစ်နိုင်မယ်"စတဲ့ မှာကြားချက်ကို ပြန်ပြောင်းအမှတ်ရစေပါတယ်။

ဒါကြောင့်မို့ မြန်မာလူငယ်မောင်မယ်တွေ အပါအဝင် မြန်မာနိုင်ငံသားတွေအနေနဲ့လည်း ကိုရီးယားဇာတ်လမ်းတွဲများမှတစ်ဆင့် အကျိုးရှိရာ အကျိုးရှိကြောင်း ကောင်းနိုးရာရာကိုရယူရုံမက ကိုရီးယားနိုင်ငံရဲ့အတိတ်သမိုင်းနဲ့လက်ရှိဖြစ်တည်မှု အခြေအနေများကိုလည်း လေ့လာဆင်ခြင်၊ သင်ခန်းစာရယူပြီး ကိုယ့်မိသားစု၊ ကိုယ့်လူ့အဖွဲ့အစည်း၊ ကိုယ့်နိုင်ငံ ကြီးပွားချမ်းသာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တလွဲဆံပင်ကောင်းမနေကြဘဲ လုပ်အားပြဖို့ အချိန်တန်ပါပြီ။ ။

**ကိုးကား - ရဲမြလွင်၏ "ကိုရီးယားတွင် လုပ်သည်သို့မဟုတ် ဟွန်ဒိုင်း၏ ချွန်ဂျူးယွန်"**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစုပိုင် မြေဧက ၂၀ ပေါ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိရစ္ဆာန်အစာစပ်စက်ရုံ တည်ဆောက်မည့် မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာသို့ ရောက်ရှိပြီး ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် စိုက်ပျိုးဧက ၂၀ ကျော်ပေါ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သမဝါယမအသင်း တောင်သူများ စိုက်ပျိုးခဲ့သော မိုးစပါးများရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အထွက်တိုးမျိုးများကိုသာ စုပေါင်းစိုက်ပျိုးခြင်း၊ ထွက်ရှိလာသော မိုးစပါးများကို စုပေါင်းရောင်းချခြင်း၊ ဈေးနှုန်းမှန်ကန်စွာရရှိရေး ဆောင်ရွက်ပေးရန်နှင့် စပါးများရောင်းချမှုမှရရှိသည့်ငွေများအနက် အသင်းသားတောင်သူများအား Refund ငွေများ ပြန်လည်ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ အသင်းသားများနှင့် ညှိနှိုင်းပြီး အကျိုးအမြတ်များကို ညီတူမျှတူ ခွဲဝေပေးနိုင်ရေး ဆောင်ရွက်သွားရန်၊ စိုက်ပျိုးမြေများအား တစ်ဆက်တစ်စပ်တည်း ကွေကွက်များ ဖြစ်ပေါ်စေရေး ကုန်ထုတ်လမ်းသွယ်များ၊ ရေမြောင်းများ ဖောက်လုပ်ဆောင်ရွက်သွားရန်နှင့် စနစ်ကျ လယ်ယာမြေအဖြစ် ဖော်ဆောင်နိုင်ရေးဆောင်ရွက်သွားရန် မှာကြားပြီး အသင်းသားများ အကျိုးတူစုပေါင်းမွေးမြူထားသော အသားတိုးကြက်မွေးထားရှိမှုနှင့် မြို့နယ်သမဝါယမအသင်းစုနှင့် ရွှေပြည်တံခွန်ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် တိရစ္ဆာန်အစာစပ်စက်ရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ ရွှေဇေယျာ သမဝါယမအသင်းနှင့် အောင်နိုင်သစ္စာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်နေသော မြန်မာ- ကိုရီးယား အဆင်မြင့်ဆန်စက်သို့ ရောက်ရှိပြီး စပါးကြိတ်ခွဲနေမှုနှင့် ထွက်ရှိလာသော ဆန်များတင်ပို့ရောင်းချရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်လုံမြို့၌ မိုးစပါး(ရွှေရင်အေး) တိုက်ရိုက်မျိုးစေ့ချစိုက်ခင်း စံကွက်ရိတ်သိမ်း

**ပင်လုံ နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့ ပင်လုံအရှေ့အုပ်စုရှိတောင်သူ ဦးဆံကောင်း၏လယ်တွင် မိုးစပါး(ရွှေရင်အေး) တိုက်ရိုက်မျိုးစေ့ချစံပြစိုက်ခင်းကို ယနေ့နံနက် ၁၀ နာရီက စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း အစိုထွက် ၁၂၅ တင်း၊ အခြောက်ထွက် ၁၀၇ တင်း ထွက်ရှိသည်။



အဆိုပါ မိုးစပါး(ရွှေရင်အေး) တိုက်ရိုက်မျိုးစေ့ချစံပြစိုက်ခင်းမှ မျိုးကောင်းမျိုးသန့်ရရှိစေရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးခဲ့ပြီး စတင်ထွန်ယက်ချိန်မှ ရိတ်သိမ်းချိန်အထိ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လိုအပ်သော စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးခဲ့ကြောင်းနှင့် ထွက်ရှိလာသော မျိုးကောင်းမျိုးသန့် မျိုးစပါးများကို တောင်သူများအား ပြန်လည်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပုဏ္ဏားကျွန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ပုဏ္ဏားကျွန်း နိုဝင်ဘာ ၁၀**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးကြီးကြပ်ရေးကော်မတီဝင်များ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် GW-11 မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာရှိ တောင်သူဦးမောင်အေးကျော်၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ပုဏ္ဏားကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအောင်ကျော်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးကြီးကြပ်ရေးကော်မတီဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး တစ်ဧကအထွက်နှုန်း အစို ၁၃၅ တင်း၊ အခြောက် ၁၁၅ ဒသမ ၈၅ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေကြည်မြို့နယ်၌ သီးနှံအာမခံလုပ်ငန်း တောင်သူအသိပညာပေးရှင်းလင်း

**ရေကြည် နိုဝင်ဘာ ၁၀**

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ်၌ သီးနှံအာမခံလုပ်ငန်းဆောင်ရွက်ရန် တောင်သူအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက စိမ်းလဲ့ရေကြည်ခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းချစ်အေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီးတာဝန်ခံက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် သီးနှံအာမခံလုပ်ငန်းများအကြောင်း၊ အာမခံထားရှိမည်ဆိုပါက ပထမသတ်မှတ်ကာလဖြစ်သည့် အောက်တိုဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၁၅ ရက်ထိ လည်းကောင်း၊ ဒုတိယကာလဖြစ်သည့် ဒီဇင်ဘာ ၁၆ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်ထိ လည်းကောင်း ရက်ပေါင်း ၁၂၀ အထိသာ သတ်မှတ်ထားရှိကြောင်း၊ ပဲမျိုးစုံနှင့် နေကြာ တစ်ဧကအတွက် အာမခံထားငွေကျပ် ၁၀ သိန်းနှုန်းဖြင့် မိမိချေးငွေထုတ်ယူသည့်ဧကအလိုက် ထားရှိနိုင်ကြောင်းနှင့်အာမခံလျော်ကြေးငွေနှင့်ပတ်သက်သည့် သိလိုသည်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာက သီးနှံအာမခံထားရှိခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူလယ်သမားများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၀**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**



# လှည်းကူးမြို့နယ်၌ နို့စားနွားမွေးမြူခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လှည်းကူး နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရဲမွန်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Smart Village ခေတ်မီစံပြကျေးရွာတွင် RBF(နို့စားနွားမွေးမြူခြင်း)စီမံကိန်းနှင့် ရွာတန်းရှည်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် တာဝန်ရှိသူများက ရဲမွန်ကျေးရွာတွင် ခေတ်မီစံပြကျေးရွာ (Smart Village)၊ RBF (နို့စားနွားမွေးမြူခြင်း)စီမံကိန်းနှင့် ရွာတန်းရှည်ကျေးရွာတွင် VDP စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ဉာဏ်ဟိန်း**

# ဘောလုံးနည်းပြ “B” Diploma Coaching Course (Part – 1) သင်တန်းဖွင့်ပွဲနှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် “B” Diploma Coaching Course(Part – 1) ဘောလုံးနည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းက ယခုသင်တန်းမှ အားကစားသမား နည်းပြကောင်းများ ပေါ်ထွက်လာစေရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် နည်းစနစ်/နည်းဥပဒေများကို ကျွမ်းကျင်ပိုင်နိုင်၍ အရည်အချင်းပြည့်ဝပြီး မျိုးဆက်သစ်အားကစားသမားများကိုလည်း အကျိုးရှိသည့် Training Plan များဖြင့် ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်သည့် နည်းပြကောင်းများ ဖြစ်လာစေရန် သင်ယူလေ့လာဆည်းပူး၍ ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်ထားသည့် သင်တန်းနည်းပြ ဦးတင်မြင့်အောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၀ ရက်မှ ၁၈ ရက်အထိ သင်တန်းနည်းပြဆရာ သုံးဦးက သင်တန်းသား သင်တန်းသူ ၂၄ ဦးကို ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ရုံးအမှတ်(၃၁) စုပေါင်းအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသွားရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို အဆင့်အတန်းမြင့်မြင့် ကျင်းပပြုလုပ်နိုင်စေရေးအတွက် အဖွဲ့ချုပ်များအနေဖြင့် အမှန်တကယ် ထည့်သွင်းကျင်းပနိုင်မည့် အားကစားနည်းများကိုသာ ဆွေးနွေးတင်ပြပေးစေလိုပါကြောင်း၊ အမျိုးသားအားကစားပွဲတော်မှ ထူးချွန်သည့် အားကစားသမားများကို (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန်အတွက် ရည်ရွယ်ထားပါကြောင်း၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် ခေတ်နှင့်အညီ ပြောင်းလဲလာသည့် ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများကို စနစ်တကျ ရေးဆွဲသွားရန်လိုပါကြောင်း၊ အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများကိုလည်း ထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Olympic အားကစားနည်းများကို အဓိကထားကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်တွင် Olympic အားကစားနည်းများကို ထည့်သွင်းကျင်းပသွားရန် ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပမည့် လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ထည့်သွင်းကျင်းပမည့် အားကစားနည်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်နှင့် တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များသည် ဝန်ထမ်းအဖွဲ့အစည်း တစ်ခုလုံးရှိ နိုင်ငံ့ဝန်ထမ်းများအား မိမိတို့ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်ကန်စွာ လုပ်ဆောင်တတ်စေရန်နှင့် နိုင်ငံတော်နှင့် ပြည်သူလူထုကို အလုပ်အကျွေးပြုရန်အတွက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် တက္ကသိုလ်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူများစွာ ပေါ်ထွန်းရန်လိုအပ်ပါကြောင်း၊ ပညာရည်မြင့်မားမှသာ ပိုင်းခြားဝေဖန်တတ်သည့် စဉ်းစားဉာဏ် ရင့်သန်မည်ဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များ၏ အတွေးအခေါ် မြင့်မားရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းတတ်စေရေးနှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရေးအတွက် ဆရာ ဆရာမများက ဦးဆောင်လမ်းပြပေးစေလိုပါကြောင်း။

ဆရာ ဆရာမများ အနေဖြင့် မျိုးဆက်သစ် ကျောင်းသားလူငယ်များကို ဘာသာရပ်ဆိုင်ရာများ ပို့ချရုံသာမက လက်တွေ့နယ်ပယ်တွင် စဉ်းစားတွေးခေါ် ချင့်ချိန်တတ်သူများဖြစ်ရန်၊ နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သည့် လူတော်လူကောင်းများ ဖြစ်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ကိန်းအောင်းလာစေရန် ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုပါကြောင်း၊ သင်ကြားရေးတာဝန် ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများအနေဖြင့် “ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်” ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အမိန့်ညွှန်ကြားချက်များ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ ပြုမူကျင့်ကြံနေထိုင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၆)သို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၅၈ ဦး တက်ရောက်ကြပြီး ရက်သတ္တပါတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မုဒုံမြို့၌ သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေး

မုဒုံ နိုဝင်ဘာ ၁၀

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ကျောင်းသား ကျောင်းသူများအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေးပွဲကို နိုဝင်ဘာ ၈ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ကမာဝက်မြို့ အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်သင်းသီရိဝေနှင့် ဒေါ်နှင်းအိခိုင်တို့က အထက(၃)နှင့် အထက(ကမာဝက်)တို့တွင် ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားဖွယ် ဂိမ်းကစားနည်းကိုးနည်း အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မီးဘေးကစားနည်းများဖြစ်ကြသည့် သတ်မှတ်ထားသော ပစ်မှတ်ဆီသို့ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ရသော ကစားနည်း၊ မီးလောင်စာ မီးငြိမ်းသတ်ရေးကတ်များကိုအသုံးပြု၍ ကစားနည်း၊ စောင်ကိုအသုံးပြု၍ လူနာသယ်ဆောင်ကစားနည်း၊ အိမ်တွင်ရှိသည့် ပစ္စည်းများနှင့် ရှေးဦးသူနာပြုစုရမည့်ကစားနည်း၊ ရေသန့်ဘူးအသုံးပြု၍ အသက်ကယ်ကစားနည်း၊ သဘာဝဘေးအန္တရာယ်များသည့်အခါ ယူဆောင်သွားရမည့်ပစ္စည်းများကို စဉ်းစားတတ်စေရန်နည်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသုံးပြု၍ ဉာဏ်စမ်းကစားနည်း၊ ကလေးများလွယ်ကူစွာနားလည်နိုင်သော ရုပ်ပုံများကို အဆင့်လိုက်ဆက်သည့် ကစားနည်း၊ ကြိုးကလေးပုံပြင်စသည့် ကစားနည်းများကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာ၍ ကိုယ်တိုင်ပါဝင်ကစားခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



စာအုပ်စာပေ လူ့မိတ်ဆွေ စာပေမြင့်မှ လူမျိုးတင့်မည်

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏာစိုး၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဌေးလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးသိုလှောင်ဌာနတွင် ဆေးဝါးများ စနစ်တကျသိုလှောင်ထားရှိမှု၊ မီးဖိုနှင့်ရိက္ခာဌာနတွင် ဆေးရုံတက်လူနာများအတွက် အစားအသောက်များ သန့်ရှင်းစွာချက်ပြုတ်နေမှု၊ မူးယစ်ဆေးစွဲလူနာကုသဆောင် ရေကြီးရေလျှံမှုမဖြစ်စေရန် ရေတားဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံကြီးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သည် မြန်မာနိုင်ငံတွင် အကြီးဆုံးစိတ်ကျန်းမာရေး ဆေးရုံကြီးဖြစ်သည်နှင့်အညီ ဆေးရုံတက်ရောက်ကုသမှုခံယူသည့် လူနာများပြားသည့်အတွက် လူနာများ စိတ်ချမ်းသာစွာဖြင့် ကုသမှုခံယူနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် မိုးများသည့်အတွက် ဆေးရုံကြီးအတွင်း ရေလျှံခဲ့သည့်အတွက် နောင်နှစ်များတွင် ရေကြီးရေလျှံမှုမဖြစ်ပွားစေရန် ဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိုးတွင်းကာလတွင် ရေကြီးရေလျှံမှုမဖြစ်ပွားစေရန် ဆေးရုံကြီးမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် ဆေးဝါးများ၊ ကုသမှုအထောက်အကူပြုပစ္စည်းများ အလုံအလောက်ပံ့ပိုးထားရှိပြီး ဖြစ်သည့်အတွက် အလေအလွင့်မရှိအောင် ထိထိရောက်ရောက် သုံးစွဲနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်သွားရန် အရေးကြီးကြောင်း၊ လိုအပ်ချက်ရှိသည့် ဆေးနှင့် ဆေးပစ္စည်းများကို အောက်ခြေအဆင့်ဆင့်က စနစ်တကျတွက်ချက်၍ အချိန်နှင့်တစ်ပြေးညီ တင်ပြတောင်းခံသွားရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိပြီး နယ်ပယ်အသီးသီးတွင် ဖြည့်ဆည်းခန့်ထားပေးလျက်ရှိပါကြောင်း၊ ဘွဲ့ကြို/ဘွဲ့လွန်ဆေးပညာ သင်ကြားရေးကိစ္စရပ်များ၊ သူနာပြုများ၊ သူနာပြုအကူများခန့်ထားရေး၊ ဝန်ထမ်းအိမ်ရာများအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကျန်းမာရေးဝန်ထမ်းများအတွက် ပညာရှင်ကြေးများ၊ ညဂျူတီကြေးများ၊ ထောက်ပံ့ကြေးများ ပံ့ပိုးပေးလျက်ရှိသည့်အတွက် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိ၍ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း လမ်းညွှန်အမှာစကား ပြောကြားသည်။

ထို့နောက်ဆေးရုံအုပ်ကြီးဒေါက်တာခင်သန်းမွန်က စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)၏ ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်များ၊ ကျန်းမာရေးဝန်ထမ်းအင်အား၊ လျှပ်စစ်ရရှိမှု၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ယခုနှစ်အတွင်း ဆေးရုံကြီးအတွင်းသို့ ထူးကဲရေဝင်ရောက်ခဲ့မှု၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့် တက်ရောက်လာကြသည့်ဝန်ထမ်းများက ကုသရေးဆိုင်ရာနှင့် ဆေးပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏာစိုးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပျဉ်းမနားမြို့နယ်၌ စတုတ္ထနေ့အဖြစ် မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့တွင် ပျဉ်းမနားမြို့နယ်၌ စတုတ္ထနေ့အဖြစ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။



ဦးစွာ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးကြကာ မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit)ကို မဲဆန္ဒရှင်များကိုယ်တိုင် ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်မမှန် စိစစ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ကြသည်။

မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်း မဲပေးစက်ကို နည်းစနစ်တကျ ကိုင်တွယ်ဆောင်ရွက်နိုင်ပြီး မဲပေးရာတွင် လွယ်ကူရှင်းလင်းစွာမဲပေးနိုင်ခြင်း၊ မဲရလဒ်များ မှန်ကန်တိကျမှုရှိခြင်း၊ ပယ်မဲမရှိတော့ခြင်း၊ မဲမသမာမှုမပြုလုပ်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကို လက်တွေ့သိရှိခဲ့ရကြောင်းနှင့် နည်းပညာခေတ်၌ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အဆင့်အတန်းပြည့်မီသော၊ လွတ်လပ်၍ တရားမျှတသော၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရန်အောင်(၁)ရပ်ကွက်၊ ရန်အောင်(၂)ရပ်ကွက်၊ ဥယျာဉ်စုရပ်ကွက်၊ ပျဉ်းမနားဟောင်းကျေးရွာအုပ်စု၊ နှမ်းတောကျေးရွာအုပ်စု၊ ကံဦးကျေးရွာအုပ်စု၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ လဲလူးအိုင်ကျေးရွာအုပ်စုနှင့် သစ်လေးလုံးကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ချမ်းအေးသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ချမ်းအေးသာစံ နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယမန်နေ့က ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ ကိုးလုံးတကာဘုရား ကမ္ဘာကျော်ဓမ္မဗိမာန်၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်နှင့် တာဝန်ရှိသူများက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလင်းလင်းချစ်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နေဇာဝင်းနှင့် အဖွဲ့ဝင်များက သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ အသက် ငါးနှစ်အောက်ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရဖြည့်စွက်စာများ ဝေငှပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာပညာဌာန အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာနွယ်နွယ်ဝင်းက သွေးတိုးရောဂါနှင့် ဆီးချိုရောဂါအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောခဲ့သည်။

ထိုသို့ ကွင်းဆင်းရာတွင် သက်ကြီးဘိုးဘွား ၈၀၊ ကိုယ်ဝန်ဆောင် အမျိုးသမီး ၁၆ ဦးနှင့် အသက်ငါးနှစ်အောက်ကလေးငယ် ၂၃ ဦး စုစုပေါင်း ၁၁၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**ဓာတ်ခွဲနမူနာစုစုပေါင်း ၃၀၁၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ**

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၀-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၉-၁၁-၂၀၂၃)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၀-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၀၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၃)ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

# အင်ဒိုနီးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအား လေ့လာခြင်း

**ခန့်ဇော် (ကျေးလက်)**

**(ယမန်နေ့မှအဆက်)**

### မူဝါဒအကြံပြုချက်များ

လေ့လာမှုစစ်တမ်းအရ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးသည် ကျေးလက်နေပြည်သူများ၏ လူမှုဘဝတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် မရှိမဖြစ် အရေးပါလျက်ရှိသည်ကို တွေ့ရှိရပြီး အင်ဒိုနီးရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများတွင်လည်း အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုသည် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုကို သိသိသာသာလျော့ကျသွားစေကြောင်း တွေ့ရှိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့်အနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို ကျေးလက်ဒေသများတွင် စဉ်ဆက်မပြတ် ဦးတည်ဆောင်ရွက်ခြင်း၊ ဗဟိုချုပ်ကိုင်မှုစနစ်ကိုဖြေလျှော့ပြီး ဒေသဆိုင်ရာအစိုးရများက ဦးဆောင်၍ ကျေးလက်ဒေသအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ခြင်းတို့ကို မူဝါဒပိုင်းအရ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြထားရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

အင်ဒိုနီးရှား၏အလုံးစုံဖွံ့ဖြိုးရေးမူဝါဒ(Inclusive Growth Policy) များသည် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေရန်နှင့် စီးပွားရေးဖူလုံစေရန် လိုက်လျောညီထွေမှုရှိပြီး အလွန်အမင်းဆင်းရဲနွမ်းပါးမှု ပပျောက်လုနီးပါးဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ သို့ရာတွင် ဆင်းရဲနွမ်းပါးသောလူဦးရေ၏ ထက်ဝက်ခန့်သည် ဆင်းရဲတွင်းသို့ ပြန်လည်ကျရောက်နိုင်ခြေရှိသည့်အတွက် တုံ့ပြန်နိုင်စွမ်းအား ကောင်းမွန်သော အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုများ ဖန်တီးပေးရန် လိုအပ်မည်ဖြစ်ပါသည်။

ဝင်ငွေတိုးတက်မြင့်မားစေပြီး ကုန်ကျစရိတ်သက်သာစေမည့် နိုင်ငံတစ်ဝန်း လူ့စွမ်းအားအရင်းအမြစ်များ သာတူညီမျှတိုးတက်စေရေးအတွက် ကန့်သတ်ချက်များကို ဖယ်ရှားပေးနိုင်မည့် ထိရောက်သောမူဝါဒများ ချမှတ်နိုင်ရန်လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် အလုံးစုံဖွံ့ဖြိုးရေးကို စဉ်းစားရာတွင် နိုင်ငံဆင်းရဲနွမ်းပါးမှုကို ဖြစ်စေသည့် အကြောင်းရင်းများအနက် တစ်ခုအပါအဝင်ဖြစ်သော သဘာဝဘေး အန္တရာယ် မကြာခဏကျရောက်တတ်ခြင်းကိုလည်း အလေးထား စီမံခန့်ခွဲရန် လိုအပ်ပါသည်။ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသည့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် လိုအပ်ကြောင်း လေ့လာသိရှိရပါသည်။

### လူမှုဖူလုံရေးစနစ်

၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကတည်းကပင် လူမှုဖူလုံရေးအစီအမံများကို ကျယ်ကျယ်ပြန့်ပြန့် စတင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပြီး ယင်းတွင် ပညာသင်ထောက်ပံ့ကြေးများ၊ အခမဲ့ကျန်းမာရေးအာမခံ၊ ပင်စင်လစာ၊ ဆန်ပေးဝေခြင်း စသည်တို့အပါအဝင် ဆင်းရဲမှုမှ လွတ်မြောက်ရေးအတွက် အလုံးစုံအစီအမံများ ပါဝင်သည်ကို လေ့လာတွေ့ရှိရသည်။ သို့ရာတွင် နိုင်ငံတကာစံနှုန်းများအရ လူမှုဖူလုံရေးအတွက် ငွေကြေးထောက်ပံ့နိုင်မှုပမာဏ နည်းပါးနေသေးသည်ဟု ဆိုနိုင်ပါသည်။ လူမှုဖူလုံရေးအထောက်အပံ့များရရှိသည့် လုပ်သားအရင်းအမြစ်များ တိုးပွားလာစေရန်၊ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များရရှိနိုင်စေရန်အတွက် လူမှုဖူလုံရေးအာမခံ တိုးမြှင့်ပေးရေး၊ အခွန်စည်းကြပ်မှုတိုးမြှင့်ပြီး တရားဝင်လုပ်ကိုင်သူများဖြစ်စေရေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

### အနာဂတ်ကျေးလက်ဒေသဖွံ့ဖြိုးရေးမျှော်မှန်းချက်

၂၀၂၀ ပြည့်နှစ်တွင် ကျေးလက်ဒေသစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ မက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ရေးနှင့် လူတစ်ဦးချင်း၏ဝင်ငွေနှင့် စိုက်ပျိုးရေး GDP ကို နှစ်ဆတိုးမြှင့်ခြင်းဖြင့် ဒေသတွင်းအဆင့် ဆင်းရဲနွမ်းပါးသည့် လူဦးရေကို လျှော့ချနိုင်ရန်၊ ကျေးရွာများတွင် တစ်ဦးချင်း ပျမ်းမျှ တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၀၀ ခန့်အထိ ရရှိစေရန်နှင့် ဆင်းရဲမှုမျဉ်းအောက်ရှိ ကျေးရွာလူဦးရေသည် ကျေးရွာရှိ လူဦးရေ၏ ငါးရာခိုင်နှုန်းအောက် ဖြစ်လာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော နည်းပညာနှင့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ရိတ်သိမ်းပြီးချိန် နည်းပညာများ တိုးမြှင့်ရရှိစေရန် စသည်တို့နှင့်စပ်လျဉ်း၍ မျှော်မှန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

> **ကျေးလက်ဒေသစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ မက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတိုးမြှင့်ရေးနှင့် လူတစ်ဦးချင်း၏ဝင်ငွေနှင့် စိုက်ပျိုးရေး GDP ကို နှစ်ဆတိုးမြှင့်ခြင်းဖြင့် ဒေသတွင်းအဆင့် ဆင်းရဲနွမ်းပါးသည့် လူဦးရေကို လျှော့ချနိုင်ရန်၊ ကျေးရွာများတွင် တစ်ဦးချင်း ပျမ်းမျှ တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၀၀ ခန့်အထိ ရရှိစေရန်နှင့် ဆင်းရဲမှုမျဉ်းအောက်ရှိ ကျေးရွာလူဦးရေသည် ကျေးရွာရှိ လူဦးရေ၏ ငါးရာခိုင်နှုန်းအောက် ဖြစ်လာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော နည်းပညာနှင့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ရိတ်သိမ်းပြီးချိန် နည်းပညာများ တိုးမြှင့်ရရှိစေရန် စသည်တို့နှင့်စပ်လျဉ်း၍ မျှော်မှန်းဆောင်ရွက်လျက်ရှိ**

အစိုးရနှင့် နိုင်ငံရေးပါတီအသီးသီးသည် ဆင်းရဲနွမ်းပါးသူများ သက်သာချောင်ချိရေးအတွက် အာရုံစိုက် ကြိုးပမ်းလျက်ရှိပြီး အရင်းအနှီးရရှိရေးနှင့် ထုတ်ကုန်အရည်အသွေးမြှင့်တင်ရန်၊ ဈေးကွက်ချဲ့ထွင်နိုင်မှုနှင့် စီးပွားရေးဝန်ဆောင်မှုစွမ်းရည်များမြှင့်တင်ရန်၊ စွန့်ဦးတီထွင်မှုနှင့် အစုအစပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထို့အပြင် မညီမျှမှုများကို လျှော့ချရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေထောက်ပံ့မှုများကို အစဉ်သဖြင့် ပြန်လည်သုံးသပ်ပြုပြင်ပြောင်းလဲခြင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းလုပ်ငန်းရှင်များကို ပံ့ပိုးပေးခြင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အွန်လိုင်း၊ လက်လီရောင်းချသူများနှင့် ချိတ်ဆက်ရောင်းချစေခြင်းဖြင့် သွင်းကုန်ဖိအားလျှော့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အဓိကထား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

### သုံးသပ်ချက်

ကျေးလက်ဒေသ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဆင့်တိုင်းသည် အလွန်ထိရောက်မှုရှိပါသည်။ သို့ရာတွင် ကျေးလက်နေလူထုသည် သတင်းအချက်အလက်များ လက်လှမ်းမီရန်ခက်ခဲသည့်အတွက် ၎င်းတို့လက်လှမ်းမီမှုရှိစေမည့် နည်းလမ်းများ၊ လုံလောက်သော အခြေခံအဆောက်အအုံများရရှိစေရန် ထည့်သွင်းစဉ်းစားသင့်ပြီး ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသွင်ကူးပြောင်းရေးကိုလည်း ဆောင်ရွက်သင့်ပါသည်။ လက်ရှိတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအတွက် သွင်းအားစုများ (အရင်းအနှီးများ၊ လယ်ယာသုံးစက်ကိရိယာ)များ ထောက်ပံ့မှု၊ BEKERJA အစီအစဉ်နှင့် အခြားအကူအညီများ ထောက်ပံ့ပေးထားသည်မှန်သော်လည်း ၎င်းအသွင်ကူးပြောင်းမှုတွင် ခေါင်းဆောင်ပိုင်းက ပါဝင်မှုလည်း လိုအပ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်အသီးသီးက ဆိုသည်။ မြေမျက်နှာသွင်ပြင်အနေအထား၊ ကျေးလက်လူမှုအသိုင်းအဝိုင်း၏ လူမှုရေးပြဿနာများ၊ လူ့စွမ်းအားအရင်းအမြစ်ပြဿနာများ၊ ဗဟိုနှင့် ဒေသဆိုင်ရာ စည်းမျဉ်းအာဏာပိုင်များကြား အချိုးမညီမျှမှု စသည်တို့ကြောင့် စိန်ခေါ်မှုများစွာကို တွေ့ကြုံခဲ့ရသည်။ မည်သို့ပင်ဆိုစေ ဗဟိုအစိုးရသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်မှု၊ စားရေရိက္ခာနှင့် ငွေကြေးထောက်ပံ့မှုတို့အပါအဝင် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကိုမြှင့်တင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ပြီး အပြုသဘောဆောင်သော တုံ့ပြန်ချက်များစွာရရှိခဲ့သည့်အပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချရာတွင်လည်း သိသိသာသာ အောင်မြင်ခဲ့သည်ဟု ဆိုရပါမည်။ ။

**ရည်ညွှန်းကိုးကားချက်**


- The Impact of Rural Infrastructure Development on Poverty Reduction in Indonesia, written by Nuzul Achjar, Maddaremmeng A. Panennungi
- https://www.adb.org/where-we-work/indonesia/poverty
- Analysis of Indonesia's Government Strategy for Rural Development through Agriculture (https://ap.fftc.org.tw/article/1612)
- Prioritising Village Fund Utilisation: Cash-for-Work to Prevent Covid-19
- https://www.statista.com/statistics/586119/indonesia-access-to-improved-sanitation- by-country/




## တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်းစက်ပစ်ကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပူဖောင်းအား ပစ္စတိုဖြင့်ပစ်ဖောက်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် အမျိုးသား/အမျိုးသမီး ပစ္စတို ထိ၊ လဲ ပစ်ခတ်စဉ်၊ အမျိုးသား ပစ္စတိုအမြန်နှင့် အကာအကွယ်နောက်ပစ်ခတ်စဉ် ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် နိုဝင်ဘာ ၁၇ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များရှိ နေရာအချို့ကို အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ ကောလာဟလ သတင်းတု၊ သတင်းအမှားများ ထွက်ပေါ်နေမှုအပေါ် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့ ရှမ်းပြည်နယ်မြောက်ပိုင်း တိုက်ပွဲဖြစ်ပွားမှု အခြေအနေကတော့ ကွမ်းလုံမြို့မှာ တိုက်ပွဲဆက်လက်ဖြစ်ပွားလျက်ရှိပါတယ်။ ကွမ်းလုံမြို့တချို့နေရာတွေမှာတော့ MNDAA သောင်းကျန်းသူတွေ ရောက်ရှိနေတာ တွေ့ရတယ်။ ဒီကွမ်းလုံဗျူဟာနဲ့ ကွပ်ကွဲမှုအောက် တပ်တွေအနေနဲ့ကတော့ ရက်သတ္တပတ်ခန့်ရှိပြီး ရန်သူကို ရှုပ်ရှုပ်ချုံချုံ ခုခံတိုက်ခိုက်နေတာမျိုး ဖြစ်ပါတယ်။ ပြီးရင်တော့ TNLA ဝင်ရောက်သွားတဲ့ သီနီမြို့အခြေအနေမှာတော့ သီနီမှာရှိတဲ့တပ်တွေအနေနဲ့ ပြန်လည်လွှမ်းမိုးမှုရရှိပြီးဖြစ်ပါတယ်။ ပြီးရင် လားရှိုးမြို့အနီးတစ်ဝိုက်၊ ကွတ်ခိုင်တစ်ဝိုက်မှာရှိတဲ့ သောင်းကျန်းသူ ပူးပေါင်းအဖွဲ့တွေကိုတော့ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်တယ်။ ထို့အတူ မုန်းကိုးတို့၊ ချင်းရွှေဟော်တို့ လက်လွှတ်ခဲ့ရတဲ့ နေရာလေးတွေရှိတယ်။ ဒီလက်လွှတ်ခဲ့ရတဲ့နေရာတွေမှာလည်း ပြန်လည်ပြီးတော့ လုံခြုံမှုတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့ တစ်ဆက်တည်းမှာပဲ စစ်ကိုင်းတိုင်းဘက်မှာတော့ ကောလင်းမြို့ထဲကို ဝင်ရောက်သွားတာရှိတယ်။ စစ်ကိုင်းတိုင်းဘက်မှာတော့ PDF နဲ့ KIA တို့ပူးပေါင်းပြီး KIA က စစ်ကိုင်းတိုင်းထဲမှာလာပြီး တိုက်ကွက်ဖော်နေတာ ဖြစ်ပါတယ်။ ဒီနေ့မှာတော့ ထီးချိုင့်မှာ ထိတွေ့တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်


ဗိုလ်ချုပ်ဇော်မင်းထွန်း (သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

တာကတော့ ပျံ့နှံ့နေတဲ့ ကောလာဟလ ရန်သူရဲ့ ဝါဒဖြန့်ချိချက်ပေါ့။ ဒါနဲ့ပတ်သက်ပြီးတော့ နယ်မြေတစ်ခုလုံးကို သိမ်းနိုင်တဲ့ပုံစံ။ အကုန်လုံးမှာရှုတ်ရှုတ်သဲသဲဖြစ်နေတဲ့ ပုံစံမျိုးတွေလုပ်နေတာရှိပါတယ်။ ဒီကောလာဟလတွေ၊ ဝါဒဖြန့်ခြိမ်းခြောက်မှုတွေကို ပြည်သူလူထုတွေအနေနဲ့ သတိရှိဖို့လိုတယ်လို့ပဲ ကျွန်တော်ပြောကြားချင်ပါတယ်။ ဒီအရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ ချင်းရွှေဟော်၊ မုန်းကိုးတို့လိုနေရာမျိုးတွေပြီးရင် ကြားထဲကနေရာပေါ့။ ဒီနေရာလေးတွေက မြန်မာပြည်ရဲ့ ကိုးကန့်ဒေသပေါ့။ မြန်မာပြည်တောင်မဟုတ်ဘူး ကိုးကန့်ဒေသရဲ့ အစိတ်အပိုင်းတစ်ခုလောက်ပဲ ရှိသေးတယ်။ ဒီမှာလည်းကျွန်တော်တို့အနေနဲ့ လုံခြုံမှုပြန်လည်ရရှိရေး အမြန်ဆောင်ရွက်လျက်ရှိတယ်။ ပြီးရင် စစ်ကိုင်းတိုင်းဘက်မှာဖြစ်နေတဲ့ ထီးချိုင့်တို့ ကသာတို့ ကောလင်းတို့ နေရာမျိုးပေါ့။ ဒီဟာတွေလည်း ကျွန်တော်တို့က ဖြစ်ပွားနေတဲ့ စစ်ကိုင်းတိုင်းရဲ့ အစိတ်အပိုင်းတစ်ခုလောက်ပဲ ရှိပါသေးတယ်။ ဒါတွေကို ကျယ်ပြန့်နေတဲ့ ပုံစံပေါ့နော်။ ဒါကို ဝါဒဖြန့်ချိပြီးတော့ အကြောက်တရားစိုးရိမ်မှုအပေါ်မှာ မူတည်ပြီးတော့ ဝါဒဖြန့်ချိတာမျိုးပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ မြန်မာ့တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် လုပ်ဆောင်နေပါတယ်။ လုပ်လည်းလုပ်နိုင်ပါတယ်။ ဆက်လက်ပြီးတော့လည်း လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ဒီကောလာဟလတွေ၊ ဝါဒဖြန့်ခြိမ်းခြောက်မှုတွေနဲ့ ပတ်သက်ပြီး နားမယောင်ဖို့၊ မကြောက်ရွံ့ဖို့ ပြီးရင် ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ ထို့အတူ ရှေ့တန်းစစ်မျက်နှာအသီးသီးမှာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သား/ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် မိသားစုဝင်အားလုံးကို နိုင်ငံတော်အကြီးအကဲ တပ်မတော်အကြီးအကဲများအနေနဲ့ အမြဲအထူးဂရုပြုလျက်ရှိပါတယ်။ အမြဲတမ်းအားပေးလျက်ရှိပါတယ်။ ရှုပ်ရှုပ်ချုံချုံ တာဝန်ထမ်းဆောင်မှုတွေကိုလည်း အမြဲတမ်းအသိအမှတ်ပြုလျက်ရှိတယ်။ မကြာခင်မှာလည်း တည်ငြိမ်တဲ့အခြေအနေ၊ လုံခြုံမှုရှိတဲ့အခြေအနေတွေကို ပြန်လည်တည်ဆောက်သွားမယ်ဆိုတာ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မိုး/ဇလ

## နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်ခန်းမ အသီးသီး၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးရာ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုချီးမြှင့်ပေးအပ်လျက်ရှိသည်။




ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။ ယင်းနောက် စေတနာရှင်အလှူရှင် ၇၁ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ်သိန်း ၆၆၈၀ ကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မော်လမြိုင်မြို့၌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၅၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၅၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဆင့်ဆင့်သော ဝန်ထမ်းများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ပေးသည့်လုပ်ငန်းတာဝန်များ၊ ပြည်ထောင်စု အစိုးရအဖွဲ့မှပေးအပ်သောလုပ်ငန်းတာဝန်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ပေးအပ်သော လုပ်ငန်းတာဝန်များ၊ အခြားဝန်ကြီးဌာနမှ ပေးအပ်သော လုပ်ငန်းတာဝန်များအပြင် မိခင်ဌာန၏ပင်မလုပ်ငန်းတာဝန်ဖြစ်သော မြေယာစီမံခန့်ခွဲခြင်းလုပ်ငန်း၊ ယစ်မျိုးစီမံခန့်ခွဲခြင်းလုပ်ငန်း၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန် သတ္တု(ရွှေ)ရောင်းဝယ်သူများ ကြီးကြပ်ရေး အာဏာပိုင်အဖြစ် တာဝန်ပေးအပ်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့်ဌာနတစ်ခုဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၅၃)နှစ်မြောက် နှစ်ပတ်လည်နေ့မှသည် ပြည်သူ့အကျိုး၊ ဒေသအကျိုး၊ ဌာနအကျိုး၊ တိုင်းပြည်အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်သော ဝန်ထမ်းကောင်းများ ဖြစ်ကြပါစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကန်တော့ခံ ပြည်နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း) ဦးကျင်ဖေက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဖြစ်စဉ်သမိုင်းကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေများကို ပြည်နယ်အုပ်ချုပ်ရေးမှူးထံပေးအပ်ကာ ဝန်ထမ်းများအတွက် တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။



ဆက်လက်၍ ဌာနမှစေလွှတ်သည့် သင်တန်းများတွင် စစ်ရေးပြထူးချွန်ဆုရရှိသူ နှစ်ဦးအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ချီးမြှင့်ခဲ့သည့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေ ကျပ်ငါးသောင်းနှင့် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထပ်ဆောင်းချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းအား ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အငြိမ်းစားဝန်ထမ်းများထံ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လူငယ်ရေးရာ

# ဖလမ်းမြို့၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲနှင့် စာအုပ်ပြပွဲ ကျင်းပ

**ဖလမ်း နိုဝင်ဘာ ၁၀**

ချင်းပြည်နယ် ဖလမ်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲနှင့်စာအုပ်ပြပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှုလွယ်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးရှိန်းတမ်က လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဟုမ်ဇထန်းဦးဆောင်မှုဖြင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မဂေရဲင်ကျုံးစင်မွေးနှင့် မအက်စတာငွန်ရှန်းပါရ်တို့က လူငယ်နှင့်ဘဝရည်မှန်းချက်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မချောနဒီနှင့်မောင်ဆန်းမင်းဌေးတို့က လူငယ်နှင့်ဆိုရှယ်မီဒီယာ၊အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း Grade-10 မှ မထောင်သင်မွေးနှင့် Grade-11 မှ မဟာနဗျက်ထားမွေးတို့က လူငယ်နှင့် ခေါင်းဆောင်မှုတို့ဖြင့် ဆွေးခဲ့ကြသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် အကြောင်းအရာများမေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူနှင့် ဆွေးနွေးသည့်ကျောင်းသား ကျောင်းသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြကြောင်းသိရသည်။

**ရဲမြင့်အောင်**

# ဇေယျာသီရိမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရေဆင်းအခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန္တာမြင့်မြင့်ကျော်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်း ဆက်လက်ကျင်းပရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန္တာမြင့်မြင့်ကျော်နှင့် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် ဝတ်စားဆင်ယင်မှု စသည့်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းတွင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။

အခမ်းအနားအပြီးတွင် ကျောင်းသား ကျောင်းသူများက ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# သထုံမြို့နယ်၌ ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြော

**သထုံ နိုဝင်ဘာ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ (ကျောင်းကုန်း)အခြေခံပညာမူလတန်းလွန်ကျောင်း၌ အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အသိပညာပေးဟောပြောရာတွင် (ကျောင်းကုန်း) မူလတန်းလွန်ကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမ ဒေါ်ထင်မိုးသူက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာပေလေ့လာဖတ်ရှုကြရေး ဟောပြောဆွေးနွေးသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များ ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လှည်းကူး အထက(ဖောင်ကြီး)၌ လူငယ်စကားဝိုင်း ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် မြို့နယ် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသောလူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဖောင်ကြီး) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့် အထက (ဖောင်ကြီး)မှ ဒေါ်လှလှဝင်းတို့က ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်ပြီး Grade- 10၊ Grade-11၊ Grade-12 တို့မှ ကျောင်းသား ကျောင်းသူများ ဖြစ်ကြသော မမေမြတ်နိုးအေးက လူငယ်နှင့်စာပေ၊ မသိမ့်သဉ္ဇာစိုးက လူငယ်နှင့် ယဉ်ကျေးမှု၊ မောင်ကြယ်ဇင်ထွန်းက လူငယ်နှင့် ပညာရေး၊ မစောလဲ့နဒီ က လူငယ်နှင့်နည်းပညာ၊ မောင်မင်းသွေးခန့်က လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ မောင်ထက်ဝင်းယံက လူငယ်နှင့်အားကစား စသည့်ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေး ကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်အလိုက် သိရှိလိုသည များကို မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးခဲ့သော ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်ဒိုနီးရှားနိုင်ငံ၌ အရှေ့တောင်အာရှ၏ အကြီးဆုံး ရေပေါ်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်

**ဂျကာတာ နိုဝင်ဘာ ၁၀**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ဆီရာတာ ရေလှောင်ကန်တွင် တည်ရှိသည့် ဟက်တာ ၂၅၀ ကျယ်ဝန်းသော အရှေ့တောင်အာရှ၏ အကြီးဆုံးရေပေါ်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို နိုဝင်ဘာ ၉ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

**ထပ်လောင်းပြောကြား**

"ဒီနေ့ဟာ မိမိတို့နိုင်ငံရဲ့ အိမ်မက်ဖြစ်တဲ့ အကြီးစား ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စက်ရုံ တည်ဆောက်ရေး အိပ်မက်ကြီးဖြစ်လာတာကြောင့် သမိုင်းဝင်နေ့တစ်နေ့ပါ။ ဘာကြောင့်လဲဆိုတော့ အရှေ့တောင်အာရှဒေသမှာ အကြီးဆုံး ရေပေါ်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနဲ့ ကမ္ဘာပေါ်မှာ တတိယအကြီးဆုံး ရေပေါ်လျှပ်စစ်ဓာတ်အားပေးစက်ရုံကို အင်ဒိုနီးရှားနိုင်ငံက တည်ဆောက်နိုင်ခဲ့ပါတယ်" ဟု ဝီဒိုဒိုက ထပ်လောင်း ပြောကြားသည်။

တရုတ်နိုင်ငံ Power China Huadong Engineering Corporation Ltd. မှ တည်ဆောက်သည့် အဆိုပါ လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် အင်ဒိုနီးရှားနိုင်ငံပိုင် လျှပ်စစ်ကော်ပိုရေးရှင်း PLN နှင့် ယူအေအီး စွမ်းအင်ကုမ္ပဏီ Masdar တို့အကြား ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၅ သန်းဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်သည်။

ဆိုလာပြား ၃၄၀၀၀၀ ကျော်ဖြင့် ရေလှောင်ကန်မျက်နှာပြင်ကို ဖြန့်ကြက်ထားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နှစ်စဉ် စွမ်းအင် ကီလိုဝပ်နာရီ သန်း ၃၀၀ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ဝီဒိုဒိုက နိုင်ငံအတွင်း ကာဗွန်ထုတ်လွှတ်မှု လျှော့ချရန်နှင့် ၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု သုညအဆင့် ရောက်ရှိရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုရန် အားပေးခဲ့သည်။




ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခဖြစ်ပွားမှု တစ်လတာအတွင်း ပါလက်စတိုင်းနိုင်ငံ၏ ပြည်တွင်းထုတ်ကုန်တန်ဖိုး လေးရာခိုင်နှုန်းကျော် လျော့ကျ

**ဂျေရုဆလင် နိုဝင်ဘာ ၁၀**

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခဖြစ်ပွားမှု စတင်သည့်အချိန်မှစပြီး တစ်လတာအတွင်း ပါလက်စတိုင်းနိုင်ငံ၏ ပြည်တွင်းထုတ်ကုန်တန်ဖိုးသည် လေးရာခိုင်နှုန်းကျော် လျော့ကျသွားသည်ဟု ကုလသမဂ္ဂ အစီရင်ခံစာတွင် ခန့်မှန်းရေးသားထားကြောင်း သိရသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့် အခြားကုလသမဂ္ဂ အဖွဲ့တစ်ခုဖြစ်သည့် အနောက်အာရှစီးပွားရေးနှင့် လူမှုရေးကော်မရှင်က ပါလက်စတိုင်း စီးပွားရေးအပေါ် ဂါဇာစစ်ပွဲ၏ သက်ရောက်မှုများနှင့်ပတ်သက်ပြီး အစီရင်ခံစာတစ်စောင် ယမန်နေ့က ထုတ်ပြန်ခဲ့သည်။

ပါလက်စတိုင်းနိုင်ငံ၏ ပြည်တွင်းထုတ်ကုန်တန်ဖိုးသည် ၄ ဒသမ ၂ ရာခိုင်နှုန်း လျော့ကျသွားသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။



အဆိုပါ ပြည်တွင်းထုတ်ကုန်တန်ဖိုး လျော့ကျမှုပမာဏသည် အမေရိကန်ဒေါ်လာ ၈၅၇ သန်းခန့် ဆုံးရှုံးမှုရှိကြောင်း သိရသည်။ အစ္စရေးနှင့် ဟားမတ်စ် ပဋိပက္ခသည် ဒုတိယလအတွင်းဆက်လက်ဖြစ်ပွားမည်ဆိုပါက ပြည်တွင်းထုတ်ကုန်တန်ဖိုးသည် ၈ ဒသမ ၄ ရာခိုင်နှုန်း လျော့ကျမည်ဟုလည်း အစီရင်ခံစာတွင် ခန့်မှန်းထားသည်။

အလားတူ တတိယလအတွင်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေပါက ပြည်တွင်းထုတ်ကုန်တန်ဖိုးသည် ၁၂ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားနိုင်ကြောင်း သိရသည်။ ခန့်မှန်းခြေအားဖြင့် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့် ဆုံးရှုံးမည်ဖြစ်သည်။

တတိယလအတွင်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေပါက ပါလက်စတိုင်းနယ်မြေအတွင်း ဆင်းရဲမွဲတေမှုနှုန်းသည် ၄၅ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ဟားမတ်စ် စစ်သွေးကြွများအပေါ် စစ်ဆင်ရေးဆင်နွှဲမှုများကို နေ့စဉ် လေးနာရီကြာရပ်တန့်မည်ဟု အစ္စရေးပြောကြား

**ဂျေရုဆလင် နိုဝင်ဘာ ၁၀**

အစ္စရေးသည် ဟားမတ်စ် စစ်သွေးကြွများအပေါ် စစ်ဆင်ရေးဆင်နွှဲမှုများကို နေ့စဉ် လေးနာရီကြာ ရပ်တန့်ပေးမည်ဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားသည်။

စစ်ဆင်ရေးဆင်နွှဲမှုများကို ရပ်တန့်ပေးသည့် သတိပေးချက်ကို သုံးနာရီကြိုတင် ကြေညာမည်ဖြစ်ပြီး ယင်းသို့ရပ်တန့်ပေးခြင်းသည် ဂါဇာကမ်းမြောင်ရှိ အရပ်သားများကို ဘေးလွတ်ရာသို့ ထွက်ပြေးနိုင်စေရန်နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် လွယ်ကူချောမွေ့စေရန်ဖြစ်ကြောင်း အမေရိကန် လုံခြုံရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ပြောကြားသည်။

ယခုသီတင်းပတ်အစောပိုင်းတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် သမ္မတဂျိုးဘိုင်ဒင်တို့ကြား ဆွေးနွေးမှုများပြီးနောက် ဂါဇာကမ်းမြောင်ရှိ စစ်ဆင်ရေး ဆင်နွှဲမှုများကို ခေတ္တရပ်နားရန် အစ္စရေးတပ်ဖွဲ့က သဘောတူညီခဲ့ခြင်းဖြစ်သည်။

ဟားမတ်စ်တို့ ဖမ်းဆီးထားသည့် ဓားစာခံ ၂၀၀ ကျော်ကို ပြန်လည်လွှတ်ပေးခြင်းမရှိဘဲ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ခြင်းအပေါ် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပယ်ချခဲ့သည်။ သမ္မတဂျိုးဘိုင်ဒင်သည် ဓားစာခံများကို လွှတ်ပေးရန်နှင့် တိုက်ခိုက်မှုများ သုံးရက်ကျော် ခေတ္တရပ်နားထားရန် တွန်းအားပေးခဲ့ကြောင်း နိုဝင်ဘာ ၉ ရက်က ပြောကြားသည်။

ဓားစာခံများလွှတ်မြောက်ရေး သဘောတူညီချက်ကို ဆွေးနွေးရန် အမေရိကန်နှင့် အစ္စရေးထောက်လှမ်းရေးခေါင်းဆောင်များသည် ကာတာနိုင်ငံ၌ ကာတာတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ အလားတူ ဟားမတ်စ်အဖွဲ့၏ အကြီးတန်းအဖွဲ့ဝင်များသည် မြေပြင်အခြေအနေများကို ဆွေးနွေးရန်အတွက် ကိုင်ရိုမြို့တော်၌ အီဂျစ်တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# နီပေါနိုင်ငံရှိ ငလျင်ဒဏ်သင့်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများ တရုတ်နိုင်ငံလှူဒါန်း

**ခတ္တမန္ဒူ နိုဝင်ဘာ ၁၀**

နီပေါနိုင်ငံ အနောက်ဘက်ခြမ်းရှိ ငလျင်ဒဏ်သင့်ဒေသများအတွက် တရုတ်နိုင်ငံက လှူဒါန်းသည့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းတစ်သုတ်ကို နီပေါနိုင်ငံ ပိုကာရာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုဝင်ဘာ ၈ ရက်က ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**မှတ်ချက်ပြုပြောကြား**

တရုတ် ကုန်တင်လေယာဉ်နှစ်စင်းသည် တရုတ်ယွမ်ငွေ ငါးသန်း (အမေရိကန်ဒေါ်လာ ၆၉၀၀၀၀) တန်ဖိုးရှိ ချည်ရွက်ဖျင်တဲ ၆၀၀ နှင့် စောင် ၄၆၀၀ တို့ဖြင့် ၎င်းလေဆိပ်သို့ ဆင်းသက်ခဲ့သည်။ ၎င်းထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး နရာယန်ကာဂျီရှရက်စ်တာနှင့် နီပေါနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ဆောင်တို့တက်ရောက်ခဲ့ကြသည်။ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ရှရက်စတာက တရုတ်နိုင်ငံသည် နီပေါနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အစဉ်အမြဲ ပံ့ပိုးကူညီခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်းဖြစ်ပွားသည့် ငလျင်လှုပ်ခတ်မှုများနှင့် ကိုဗစ်–၁၉ကပ်ရောဂါကာလအတွင်း လိုအပ်သည့် အချိန်များတွင် အကူအညီပေးခဲ့ကြောင်း ၎င်းထောက်ပံ့ပစ္စည်းများလွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။

ကယ်ဆယ်ရေး ပစ္စည်းများသည် တရုတ်–နီပေါနိုင်ငံများအကြား မြစ်များနှင့် တောင်များ ဆက်သွယ်တည်ရှိသကဲ့ သို့ မျှဝေခံစားသော အနာဂတ်အသိုက်အဝန်းကို တည်ဆောက်ရန် တရုတ်နိုင်ငံ၏ ကတိကဝတ်ဆိုင်ရာ သင်္ကေတဖြစ်ကြောင်း ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် ချန်က ပြောကြားခဲ့သည်။ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်ရှိ တရုတ်–နီပေါ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို တရုတ်နိုင်ငံက တန်ဖိုးထားကြောင်း ချန်က ထပ်လောင်းပြောကြားခဲ့သည်။

**ပေးအပ်**

နီပေါနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခတ်ပြီးနောက်တွင် တရုတ်အစိုးရသည် တရုတ်– တောင်အာရှနိုင်ငံများ အရေးပေါ်ထောက်ပံ့ရေးအရန်ရန်ပုံငွေမှ ယွမ်ငါးသန်းတန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို နီပေါနိုင်ငံသို့ ပေးအပ်ခဲ့သည်။ ထောက်ပံ့ရေးပစ္စည်းများသည် Kerung–Rasuwagadhi နယ်စပ်ဂိတ်သို့ နိုဝင်ဘာ ၆ ရက်ကတည်းက ဝင်ရောက်လာခဲ့ကြောင်း နီပေါနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# အကြိမ်(၂၀)မြောက် တရုတ် နိုင်ငံတကာ စိုက်ပျိုးရေးကုန်စည်ပြပွဲ ကျင်းပ

**ပေကျင်း နိုဝင်ဘာ ၁၀**

အကြိမ်(၂၀)မြောက် တရုတ် နိုင်ငံတကာ စိုက်ပျိုးရေးကုန်စည်ပြပွဲကို တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်ရှိ ချင်ဒေါင်း မြို့တွင် နိုဝင်ဘာ ၉ ရက်တွင် စတင်ကျင်းပခဲ့ပြီး ပြည်တွင်း ပြည်ပမှ ဝယ်ယူသူပေါင်း ၃၀၀၀၀ ကျော်ကို ဆွဲဆောင်ခဲ့သည်။

**အမျိုးအစားပေါင်း ၂၀၀၀၀ ကျော် ပြသထား**

အဆိုပါပြပွဲတွင် လယ်ယာထွက်ကုန် အမျိုးအစားပေါင်း ၂၀၀၀၀ကျော် ပြသထားပြီး အဆိုပါကုန်ပစ္စည်းများတွင် ဆီ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ မွေးမြူရေးထုတ်ကုန်၊ ရေထွက်ပစ္စည်းများနှင့် အဆင်သင့်ပြုလုပ်ထားသော ဟင်းလျာများ စသည်တို့ပါဝင်သည်။

ပြပွဲအတွင်း သီရိလင်္ကာ၊ ကာဂျစ္စတန်၊ ဥဇဘက်ကစ္စတန်၊ အီရန်၊ ရုရှားနှင့် ယူကရိန်းနိုင်ငံများအပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၁၈ ခုမှ လုပ်ငန်းများ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) စိုးထွဋ်အား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၁၀

ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) စိုးထွဋ်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ် Green Channel စနစ်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန်အတွက် ကုမ္ပဏီများက အကူအညီတောင်းခံခဲ့မှုအပေါ် ၎င်း၏ ရာထူးနှင့်လုပ်ပိုင်ခွင့်ကို မလျော်ဩဇာအသုံးပြု၍ နိုင်ငံကူးလက်မှတ်များ ခွင့်ပြုပေးရန်ညွှန်ကြားခဲ့ခြင်း၊ တံစိုးလက်ဆောင် လက်ခံရယူခဲ့ခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ဝန်ထမ်းသက်သာချောင်ချိရေးရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိသည့် ဆောင်ရွက်မှုများအပေါ် ထိန်းသိမ်းကြပ်မတ်ကွပ်ကဲရန် ပျက်ကွက်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာဥပဒေပုဒ်မများဖြင့် စွဲချက်တင်ကာ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး ထောင်ဒဏ်ငါးနှစ်ချမှတ်ခဲ့ကြောင်းနှင့် အမှုတွင် ပါဝင်ပတ်သက်ခဲ့သူများကို နယ်ဘက်တရားရုံးတွင် လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများကို ရဲစည်းကမ်းဖြင့် လည်းကောင်း ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၀

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဘားအံမြို့ ကမေ့ကစင်ကျေးရွာ အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် SOHOU Men Slipper ဖိနပ် အရန် ၉၉၀၀၊ Omega နို့ဘူး ၁၄၄၀၀၊ 108 Detergent ဆပ်ပြာမှုန့် အထုပ် ၈၀၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၆၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၆၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Sunway Tech ဆိုလာပြား ၁၅၅ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၀၀၀၀)ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Omega နို့ဘူး ၂၆၄၀၀ ဘူး အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို လည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် VICO ထမင်းပေါင်းအိုး အလုံး ၉၀၊ Picnic Cooler ရေခဲပုံး ၆၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၂၅၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၅၇၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၈ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နမ္မတီးမြို့ ဆီးဒင်ယံကျေးရွာအနီး၌ မြစ်ကြီးနားမြို့မှ (၈)မိုင်ကျေးရွာသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၇၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် DONG FENG Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ဗန်းမော်မြို့ ရွှေပြည်သာရပ်ကွက်၌ တရားမဝင်ကျွန်းသစ်နှင့် အခြားသစ်မျိုးစုံ ၆၉ ဒသမ ၀၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၄၁၅၈၄) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၈၄၁၅၈၄ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့ပြင် နိုဝင်ဘာ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လှော်ကားလမ်းမကြီး တောင်ဒဂုံစက်မှုဇုန်(၁)၊(၂)အတွင်းရှိ သစ်စက်၊ ခွဲသားအရောင်းဆိုင်များအား ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် အခြားသစ် ၃ ဒသမ ၀၅၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၁၀၂ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၃၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၁၂၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ် စစ်ကွင်းမြို့ တာကလေးကျေးရွာအနီး၌ လိုင်စင်မဲ့ Super Custom ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၀၁၂၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၀၆၀၈၀၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# လျှပ်စစ်သုံး မော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁၁-၂၀၂၃ စနေနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ တောရှုံ့သုတ်အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၄၅ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၂၀ | ရသစုံစွာ ဤမြေမှာ |
| ၀၈:၃၅ | ရောက်ခဲ့လေသမျှ...သူ့ဒေသ...သူ့အလှ | ၁၇:၃၅ | နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့အလည်တစ်ခေါက် |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၀:၃၀ | လူငယ်ရေးရာအစီအစဉ် | ၁၈:၃၅ | သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ |
| ၁၁:၄၀ | တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ(မွန်) "မော်လမြိုင်မုန့်ဟင်းခါး" | ၁၉:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတားလာ' (အပိုင်း-၈) |
| ၁၂:၃၅ | မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၈) | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၁၃:၃၀ | MRTV National News | ၂၁:၀၀ | ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) "အကြံကောင်းလျှင်တစ်ချက်" |
| ၁၄:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်' (အပိုင်း-၈) | ၂၁:၄၀ | ဟိုးတုန်းကကာကြီဇာတ်လမ်းများ "ဒွဲရတာချစ်လို့ပါ" |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် "ပညာရှိစကား" | | |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: An Da Yel Kin (Htar) |
| 07:10 | Weekly Review |
| 07:26 | Mural Painting Bagan |
| 07:40 | Inn-Waing Waterfall |
| 07:43 | Myanmar Family Life: Children & Library |
| 08:01 | News |
| 08:28 | Discovering Tribes: Tai Khun (or) Gon: their life and customs (Part 2) |
| 08:44 | Paper Art Creator |
| 09:01 | Quiz Time (Ep-52) |
| 10:01 | News |
| 10:26 | Beasts of Asia (Malaysia) |

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
အရပ်ရှစ်မျက်နှာဦးချသူများ

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ပို့ပွင့်ကမ်းခြေသို့အလည်သွားကြမယ်

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
မြေအိုးပြုလုပ်နည်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ပူဒီနာသုပ်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ကယားရိုးရာခေါင်ရည်

**ဝကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
တစ်နိုင်တစ်ပိုင်ရိုးရာငါးပိပြုလုပ်ပုံ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
စွန့်ပစ်ဌက်ပျောမှတန်ဖိုးမြင့်လူသုံးကုန်လက်မှုထည်များဆီသို့

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဘိုးဘိုးကြီးနှင့် ယုံကြည်ကိုးကွယ်မှု

**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
အလှဖြာဝေတောင်ဇလပ်မြေ (ဒေသအလှဓလေ့ရိုးရာအစားအစာနှင့်ထွက်ကုန်များ)

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
အမဲအူထန်းနှစ်ချက်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | တောင်ပိုင်းပိုးလမ်းမသစ် တရုတ်-မြန်မာ အခန်းကဏ္ဍ (အပိုင်း-၁၉) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၀:၄၅ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၁၅ | Bird's Eye View |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၈) |

### MRTV FARMERS / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၀ | တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့ တစ်နှစ်သုံးသီးစိုက်ကြစို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | ပီးအိပ် (ဇာတ်လမ်း) |
| ၂၂:၀၀ | 200 Futuristic Agriculture Machines That are Next Level > 53 |
| ၂၃:၀၀ | Raise chickens for sale.How to raise newly hatched chicks with high effieiency (Episode 148) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Sports Diary |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၃၀ | ပညာပေးဇာတ်လမ်း "အိမ်နီးချင်း" |

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ခရိုင် / မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေး



**ပဲခူး နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

**လမ်းညွှန်မှာကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လယ်ယာမြေများအား ဝယ်ယူထားပြီး အမှန်တကယ် စိုက်ပျိုးမှု မရှိခြင်းနှင့် စနစ်တကျစိုက်ပျိုးမှု မရှိခြင်းများကို လယ်ယာမြေဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်း အနေဖြင့် မိုးစပါးတစ်ဧက တင်း ၁၀၀၊ နွေစပါး တစ်ဧက တင်း ၁၁၀ ထွက်ရှိနိုင်ရေး အောင်မြင်အောင် မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ပြီး သတ်မှတ်သီးနှံများအားလုံး ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာစစ်ဆေးရေးဂိတ်များအလိုက် တရားမဝင်ကုန်ပစ္စည်း၊ ကျွဲ/နွားသယ်ဆောင်မှုနှင့် သစ်ခိုးထုတ်မှုများ မရှိစေရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန်နှင့် ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်အလိုက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်း မှာကြားကြသည်။

**တင်ပြဆွေးနွေး**

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား တင်ပြဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် အစိုးရအဖွဲ့ရုံးအတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားချက်များအား ဖတ်ကြားရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဒီဂရီ/ကောလိပ်များ၊ တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် သီးခြားလိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းညွှန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဖမ်းဆီး**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Rose Kyi Zin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်နေ ကြည်ဇင်လှိုင်အား မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ "Sparrow" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈)ရပ်ကွက်နေ ဇော်မိုးဦးအား ည ၉ နာရီ မိနစ် ၂၀ တွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

**အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာအုပ်စု ဖော့တောကျေးရွာအနီးတွင် TOYOTA HIACE အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိန်လှိုင် သယ်ဆောင်လာသည့် စုစုပေါင်း ငွေကျပ် ၁၀၄၅ သိန်း တန်ဖိုးရှိ ဘိန်းဖြူ ၄ ဒသမ ၁၈ ကီလိုကို သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲပိုင်းတွင် ကွင်းဆက်တရားခံ သိန်းကျော်ကို ဖော့တောကျေးရွာလမ်းဆုံတွင် ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊



သိန်းကျော်နှင့် စိန်လှိုင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ထိုနေ့ ညနေ ၄ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် အောင်ဇေယျလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ကောင်းမြတ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် လေဆိပ်လမ်းမနှင့် အောင်ဇေယျလမ်းထောင့်တွင် မင်းမင်းသန်းနှင့် မအိသန္တာဆွေတို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၊ TOYOTA CALDINA အမျိုးအစားယာဉ်တစ်စီးနှင့် လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်း(မြောက်/အရှေ့)ရပ်ကွက် ကမ်းနားလမ်းရှိ နေအိမ်တွင် မျိုးမင်းထွန်း(ခ)ကိုမျိုးကို ဘိန်းဖြူ သုည ဒသမ ၀၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် အထက်ပုဇွန်တောင်လမ်းတွင် စည်သူဝင်း(ခ)စည်သူ မောင်းနှင်လာသည့် HARRIER အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ အက်တက်စီ ဆေးပြား ၉၃၀၊ ကက်တမင်း သုည ဒသမ ၀၄၂၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် ကမာရွတ်မြို့နယ် (၅)ရပ်ကွက် အောင်ချမ်းသာလမ်းရှိ ၎င်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း သုည ဒသမ ၀၀၃ ကီလို၊ Happy Water သုည ဒသမ ၀၈၄ ကီလိုကို လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက် သန်လျင်ချဉ်းကပ်လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ဇော်ဝင်း(ခ)အိုစမန်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၄၅ ကီလိုကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့နယ် သောက်တော်တွင်းရပ်ကွက် ဘုရားဖြူလမ်းရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အမာမြို့၌ ငါးသယံဇာတထိန်းသိမ်းရေး ကွင်းဆင်းဟောပြော

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ အမာမြို့အတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် နိုဝင်ဘာ ၉ ရက်က နောက်မီးကျေးရွာရှိ ရေလုပ်ငန်းရှင်အသင်းရုံး၌ ပညာပေးဟောပြောပွဲ ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးလွင်နှင့် အမာမြို့ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းဦးတို့က အင်္ဂလန်ကျားပိုက်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော နောက်မီးကျေးရွာမှ ရေလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ သတ်မှတ်ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးလုပ်ကိုင်နိုင်ရေး၊ တရားမဝင်ကျားဖောင်များမရှိစေရေး၊ လိုင်စင်မဲ့ငါးဖမ်းရေယာဉ်များမရှိစေရေး၊ ဥပဒေနှင့်အညီလုပ်ကိုင်နိုင်ရေးတို့အတွက် ဟောပြောဆောင်ရွက်ခဲ့သည်။

အလားတူ အမာမြို့နယ်အတွင်းရှိ ချောင်းဝကျေးရွာ၊ ခမင်းဆိပ်နှင့် ခါးပြတ်ကျေးရွာများသို့လည်း နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဈေးရောင်းပွဲတော်ကနေရရှိတဲ့ ဈေးကွက်အခွင့်အလမ်းထက် အမြဲတမ်းဖွင့်လှစ်ထားတဲ့ အခုလိုအရောင်းစင်တာတွေက ပိုပြီးဈေးကွက်အခွင့်အလမ်းရနိုင်တယ်

ဦးဇေယျာဆွေ၊ ညွှန်ကြားရေးမှူး

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအနေဖြင့် ပဲခူးတိုင်းဒေသကြီးထုတ်ကုန်များ အရောင်းစင်တာကို ပဲခူးမြို့ သီရိဥဿာဈေး၌ အောက်တိုဘာလ ၁၉ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့သည်။ ထိုသို့ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဒေသထွက်ကုန်များကို တစ်နေရာတည်းတွင် တစုတစည်းတည်း ခင်းကျင်းပြသ ရောင်းချဝယ်ယူနိုင်မည့်အခြေအနေနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၏စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-


ဦးတင်ဦး

**ဦးတင်ဦး**
**ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး**

နိုင်ငံတော်အကြီးအကဲ အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ MSME လုပ်ငန်းတွေကို အားပေးမြှင့်တင်ဖို့ ကျွန်တော်တို့ အစိုးရအဖွဲ့ကို လမ်းညွှန်မှာကြားတာရှိပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်မှုနဲ့ တိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်က ထွက်ရှိတဲ့ စိုက်ပျိုးရေးကို အခြေခံတဲ့ ဒေသထွက်ကုန်တွေ၊ စားသောက်ကုန်၊ လူသုံးကုန်တွေကို အဆင့်မြှင့်တင်ပြီး တစုတဝေးတည်း ခင်းကျင်းပြသနိုင်အောင် ဒီအရောင်းစင်တာကို စီစဉ်ခဲ့တာဖြစ်ပါတယ်။

ဒီလိုစီစဉ်ပေးတာက အဓိကအားဖြင့် လုပ်ငန်းရှင်တွေအတွက် ဈေးကွက်ချဲ့ထွင်နိုင်အောင် တစ်ဖက်တစ်လမ်းကနေ ကူညီဆောင်ရွက်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ ဒီစင်တာအတွက် သက်ဆိုင်ရာ အေဂျင်စီအဖွဲ့ဝင် ဌာနဆိုင်ရာအားလုံးက ပူးပေါင်းပါဝင် အထောက်အကူပြုခဲ့ကြပါတယ်။ ဒီစင်တာက တိုင်းဒေသကြီး အနေနဲ့ ပထမဆုံး ဆောင်ရွက်နိုင်ခဲ့တဲ့ MSME လုပ်ငန်းနဲ့ပတ်သက်တဲ့ အရောင်းစင်တာဖြစ်ပါတယ်။

အခု ဒီစင်တာမှာ တိုင်းဒေသကြီး အတွင်းက ထုတ်ကုန်အမည်ပေါင်း ၃၀၀ ကျော်ကို ခင်းကျင်းပြသရောင်းချထားပါတယ်။ ဒီထဲမှာ MEC ရဲ့ ထုတ်ကုန်တွေလည်း ပါဝင်ပြသထားပါတယ်။ ပြည်သူတွေကလည်း စိတ်ဝင်တစားနဲ့ လာရောက်အားပေးဝယ်ယူကြပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီးကို အချိန်တိုအတွင်းဖွံ့ဖြိုးဖို့ ဆက်ပြီးတော့ MSME လုပ်ငန်းတွေကို အားပေးမြှင့်တင်သွားပါမယ်။ လုပ်ငန်းရှင်တွေ လိုအပ်တဲ့ငွေကြေး အရင်းအနှီး၊ ဈေးကွက်၊ ကုန်ကြမ်း၊ နည်းပညာတွေကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိပါတယ်။


ဦးဇေယျာဆွေ

**ဦးဇေယျာဆွေ**
**ညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန**

ကျွန်တော်တို့ တိုင်းဒေသကြီး ခရိုင်ခြောက်ခရိုင်ထဲမှာ MSME လုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ ဈေးရောင်းပွဲတော်၊ ထုတ်ကုန်ပစ္စည်း ပြပွဲပြိုင်ပွဲတွေ လုပ်ခဲ့တယ်။ MSME လုပ်ငန်းတွေအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်တဲ့ ဈေးကွက်ရရှိအောင်ပါ။ ဈေးရောင်းပွဲတော်ကနေ ရရှိတဲ့ ဈေးကွက်အခွင့်အလမ်းထက် အမြဲတမ်းဖွင့်လှစ်ထားတဲ့ အခုလို အရောင်းစင်တာတွေက ပိုပြီးဈေးကွက်အခွင့်အလမ်းရနိုင်တယ်။ ဒါကြောင့် ကုန်သွယ်မှုရှုထောင့်ကနေ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပဲခူးမြို့ မြို့မဈေးကြီးအပေါ်ထပ်မှာပဲ MSME အရောင်းစင်တာဖွင့်လှစ်ဖို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ ညွှန်ကြားမှုနဲ့အညီ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီစင်တာမှာ တိုင်းဒေသကြီး ထဲမှာရှိတဲ့ ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်က MSME လုပ်ငန်းတွေက ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ပြသခင်းကျင်းရောင်းချနိုင်ဖို့ စီစဉ်ခဲ့ပါတယ်။ ဒီလိုစီစဉ်ခဲ့တဲ့အတွက် အခု ဒီအရောင်းစင်တာထဲမှာ လုပ်ငန်းရှင် ၁၀၀ ကျော်ရဲ့ ထုတ်ကုန်အမည် ၃၀၀ ကျော်ကို ပြသရောင်းချနေပါပြီ။ လုပ်ငန်းရှင်တွေအတွက် အခမဲ့ လာရောက်ပြသ ခင်းကျင်းရောင်းချနိုင်အောင် စီစဉ်ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဒါကြောင့် အရောင်းစင်တာမှာ တိုင်းဒေသကြီးထဲက MSME လုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ထုတ်ကုန်ပစ္စည်းတွေ လာရောက်ခင်းကျင်းပြသ ရောင်းချဖို့ ဖိတ်ခေါ်ပါတယ်။ ထပ်ပြီးတော့ လာရောက်ပြသမယ့် လုပ်ငန်းရှင်တွေ အဆင်ပြေအောင်လည်း ကျွန်တော်တို့အနေနဲ့ MSME အေဂျင်စီအနေနဲ့ လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**ဒေါ်သီရိရတနာလှိုင်**
**ရိုးရာမောင်း မြန်မာ့ချည်ထည်ထုတ်ကုန်လုပ်ငန်း**

ချည်ထည် အဝတ်အထည်တွေကို ရွှေတောင်ကနေ ပါဝင်ရောင်းချတာဖြစ်ပါတယ်။ အခုလို တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေကိုယ်တိုင် အားပေးတဲ့အတွက် ကျွန်မတို့လို MSME လုပ်ငန်းရှင်တွေအတွက် အထောက်အပံ့အများကြီး ရပါတယ်။ ကျွန်မအနေနဲ့ ဒီလိုမျိုး MSME လုပ်ငန်းတွေကိုအားပေးတဲ့ အရောင်းပြပွဲတွေ၊ ဈေးရောင်းပွဲတော်တွေမှာ လိုက်လံပြသရောင်းချလျက်ရှိပါတယ်။ ကျွန်မတို့လို လုပ်ငန်းရှင်တွေအတွက် ဝယ်ယူသူနဲ့ တိုက်ရိုက်ချိတ်ဆက်မှု အများကြီးရပါတယ်။ ကိုယ်တိုင်ကိုယ်ကျ ဈေးကွက်ရှာမယ်ဆိုရင် အများကြီး အားထုတ်ရပါတယ်။ အခုလိုမျိုး ပါဝင်ပြသတဲ့ အခါကျတော့ MSME လုပ်ငန်းရှင်တွေ တစုတစည်းတည်းဖြစ်တယ်၊ ဒီလိုစုစည်းမိပြီး ဝယ်သူကလည်း တစ်နေရာတည်းကို လာရတယ်၊ ဈေးကွက်ချဲ့ထွင်မှုကလည်း ပိုအားသာပါတယ်။ စင်တာဖွင့်ပွဲမနက်မှာပဲ ကျွန်မဆိုရင် ဈေးကွက်အသစ်တွေ ရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်အသစ်တွေ ရရှိခဲ့တယ်။ အခုလို ကြီးကျယ်ခမ်းနားတဲ့ MSME အရောင်းစင်တာမှာ အခမဲ့နေရာပေးပြီး ကျွန်မတို့လုပ်ငန်းရှင်တွေရဲ့ ဒေသထွက်ကုန်တွေကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခဲ့တဲ့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။


ဒေါ်သီရိရတနာလှိုင်


Mr. Andrew Kim

**Mr. Andrew Kim**
**Managing Director**
**Law & Accounting Firm**

ဒီစင်တာဖွင့်ပွဲ အခမ်းအနားကို ပါဝင် တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒီစင်တာစဖွင့်တဲ့နေ့မှာပဲ တိုင်းဒေသကြီးထဲက ထုတ်ကုန်တွေ၊ စားသောက်ကုန်ပစ္စည်း အမျိုးမျိုးကို တစ်နေရာတည်းမှာ ခင်းကျင်းရောင်းချနေမှုအပေါ် စိတ်ကြိုက်ဝယ်ယူခွင့်ရခဲ့ပါတယ်။ ပြီးတော့ ဒီစင်တာက အသေးစား၊ အလတ်စား လုပ်ငန်းတွေကို အားပေးဖို့ ဖော်ဆောင်ထားတာဖြစ်ပါတယ်။ ဒီစင်တာကြီးက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာထောက်ပံ့ကူညီပေးနိုင်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

**ဦးအောင်ကြည်စိုး**
**တောင်သူအကျိုးပြု လယ်ယာသုံးလုပ်ငန်းနှင့် အာမခံပန်းပဲ**

ကျွန်တော်က အုတ်ဖိုမြို့ကနေ လယ်ယာသုံးပစ္စည်းတွေ လာရောက်ပြသရောင်းချတာ ဖြစ်ပါတယ်။ ဒီနေ့မှာပဲ ပြသရောင်းချထားတဲ့ လယ်ယာသုံး ပစ္စည်းတွေကို စိတ်ဝင်တစား လာရောက်မေးမြန်းဝယ်ယူကြပါတယ်။ ဒီအတွက် ဝမ်းသာမိပါတယ်။ ဒီလယ်ယာသုံးပစ္စည်းတွေဟာ တောင်သူတွေရဲ့ လုပ်ငန်းခွင်အတွက် အသုံးဝင်တဲ့ပစ္စည်းတွေ ဖြစ်ပါတယ်။ ဒီပစ္စည်းတွေ ရောင်းချနိုင်ဖို့ ဈေးကွက်အခွင့်အလမ်းကို ဒီစင်တာကနေ ရရှိမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုစင်တာမှာ ပါဝင်ပြသနိုင်ဖို့ သက်ဆိုင်ရာဌာနဆိုင်ရာတွေက အားတက်သရော



ဦးအောင်ကြည်စိုး

ကူညီပေးကြပါတယ်။ အခုလို အရောင်းစင်တာမှာ နေရာပေးပြီး ခင်းကျင်းရောင်းချခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးသူရဝင်း**
**ရှင်မ ငါးပိငံပြာရည်လုပ်ငန်း**

ပဲခူးမြို့ကနေ ပါဝင်ရောင်းချပြသတာဖြစ်ပါတယ်။ ကျွန်တော်တို့ ငါးပိငံပြာရည်လုပ်ငန်းက ကျွန်တော်တို့ဒေသက ဆည်မြောင်းအင်းအိုင်တွေက ထွက်ရှိတဲ့ ရေထွက်ကုန်ကိုပဲ အဓိကထားထုတ်လုပ်ပါတယ်။ ရေထွက်ကုန် ကုန်ကြမ်းကို ကျွန်တော်တို့ ဒေသကနေပဲ ရရှိတာဖြစ်ပါတယ်။ ဒီလိုမျိုး ပါဝင် ခင်းကျင်းရောင်းချခွင့် ရတာဟာ ကျွန်တော်တို့လို လုပ်ငန်းရှင်တွေအတွက်


ဦးသူရဝင်း

အကျိုးကျေးဇူး များစွာရှိပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးထဲက တခြား လုပ်ငန်းရှင်တွေကိုလည်း လာရောက်ပါဝင်ပြသဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ဒီလို MSME အရောင်းစင်တာတွေကနေ ကျွန်တော်တို့လို လုပ်ငန်းတွေရဲ့ ကုန်ပစ္စည်းတွေကို ဈေးကွက်ပိုပြီး ချဲ့ထွင်ခွင့်ရနိုင်မယ့် အခွင့်အလမ်းရှိတယ်။ လက်ရှိရှိနေတဲ့ ဈေးကွက်အပြင် ကိုယ်မသိသေးတဲ့ ဈေးကွက်အခွင့်အလမ်းကို ရနိုင်တဲ့အတွက် ဒီအရောင်းစင်တာတွေဟာ MSME လုပ်ငန်းရှင် တွေအတွက် အများကြီးအထောက်အကူပြုတယ်လို့ မြင်ပါတယ်။

**ဦးသိန်းအောင်**
**ထွန်း ပဲကြီးလှော်လုပ်ငန်း**

ဒီလုပ်ငန်းကို လုပ်ကိုင်လာတာ ၇၅ နှစ်ကျော်ကာလရှိပါပြီ။ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒီအရောင်းစင်တာမှာ နေရာပေးပြီး ပါဝင်ပြသရောင်းချဖို့ ဖိတ်ခေါ်ခဲ့တဲ့အတွက် ပါဝင်ပြသရောင်းချခွင့်ရခဲ့တယ်။ ဒီလို မြန်မာ့ရိုးရာအစားအစာကို အားပေးမြှင့်တင်ဖော်ထုတ်ပေးတဲ့အတွက် အင်မတန်ဝမ်းသာရပါတယ်။ မိရိုးဖလာလုပ်ငန်းဖြစ်တဲ့အတွက် ထုပ်ပိုးမှုက ရိုးရှင်းတယ်။ ဝယ်ယူသူကို ဆွဲဆောင်နိုင်ဖို့အတွက် ခေတ်မီတဲ့ ထုပ်ပိုးမှုပုံစံအသစ်တွေနဲ့ ထုတ်ကုန်အဆင့်မြှင့်တင် ဆောင်ရွက်ဖို့



ဦးသိန်းအောင်

တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင်က အားပေးပြီး လိုအပ်တာတွေကို အစစအရာရာ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီစင်တာမှာ

စာမျက်နှာ ၁၇ သို့ ❒

❐ စာမျက်နှာ ၁၆ မှ

ထုပ်ပိုးမှုပုံစံအသစ်နဲ့ ကျွန်တော်တို့ ဒေသထွက် ပဲကြီးလှော်၊ ပဲခြမ်းကြော်၊ မြေပဲလှော် စတဲ့ဒေသထွက်ကုန်တွေကို ပါဝင်ခင်းကျင်းရောင်းချနိုင်တာ ဖြစ်ပါတယ်။ မြန်မာလူမျိုးတွေနှစ်သက်တဲ့ မြန်မာ့ရိုးရာအစားအစာကို အခုလို ထုပ်ပိုးမှုပုံစံအသစ်နဲ့ ထုတ်ကုန်အဆင့်မြှင့် ပြောင်းလဲထားတဲ့အတွက် ပိုပြီး အရောင်းတွင်ကျယ်လာပါတယ်။ ဈေးကွက်ချဲ့ထွင်နိုင်သလို ဈေးကွက်များစွာလည်း ရရှိခဲ့ပါတယ်။

**ဦးအောင်ကျော်ဆန်း**
**ပန်းကမ္ဘာမြန်မာ့လက်မှုလုပ်ငန်း**

ကျွန်တော်တို့ မြန်မာ့လက်မှုလုပ်ငန်းက ရန်ကုန်၊ နေပြည်တော်မှာ ပြုလုပ်တဲ့ MSME ထုတ်ကုန်ပြပွဲတွေ၊ ဈေးရောင်းပွဲတော်တွေမှာလည်း ပါဝင်ပြသရောင်းချခဲ့ပါတယ်။ အခု ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ပထမဆုံး ဖွင့်လှစ်တဲ့ MSME လုပ်တဲ့ အရောင်းစင်တာမှာလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ဖိတ်ခေါ်မှုနဲ့အတူ လာရောက်



ဦးအောင်ကျော်ဆန်း

ပြသ ခင်းကျင်းရောင်းချပေးတာ ဖြစ်ပါတယ်။

ဒီလိုပြသ ခင်းကျင်းရောင်းချရာမှာလည်း လာရောက်တဲ့ လူတန်းစားမရွေး ဝယ်ယူနိုင်အောင် ကျွန်တော်တို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေဟာ ကျပ်ငါးရာ၊ တစ်ထောင်ကနေစပြီး တန်ဖိုးမျိုးစုံ သက်သာတဲ့နှုန်းထားနဲ့ ရောင်းချနေပါတယ်။ အရောင်းစင်တာက မြို့မဈေးမှာ ရှိတဲ့အတွက် ဈေးလာဝယ်ကြတဲ့ အိမ်ရှင်မတွေ စိတ်ဝင်စားမယ့် မီးဖိုချောင်သုံး မြန်မာ့လက်မှုလုပ်ငန်း ပစ္စည်းတွေကို အဓိကထား ပြသရောင်းချနေပါတယ်။ ဒီလို ပြသရောင်းချခွင့်ရတဲ့အတွက် တိုင်းဒေသကြီးကနေ ဒီလိုပစ္စည်းမျိုးတွေ ထွက်ရှိတယ်ဆိုတာကို အများပြည်သူကြား ပိုပြီးကျယ်ပြန့်သွားပါတယ်။ ဒီကနေတစ်ဆင့် ဈေးကွက်လည်း ပိုပြီးကျယ်ပြန့်လာမှာ ဖြစ်ပါတယ်။ အခုလို ကျွန်တော့်ရဲ့ လက်မှုပစ္စည်း MSME ရောင်းကုန်တွေကို အရောင်းစင်တာ ဖွင့်လှစ်ပေးပြီး ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနိုင်ရေး၊ ဈေးကွက်ရရှိရေး တွန်းအားပေး မြှင့်တင်ဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ။

**တွေ့ဆုံမေးမြန်း- စိုးပိုင်**
**ဓာတ်ပုံ- ဝဏ္ဏ**



# ငမိုးရိပ်ရေထိန်းတံခါးတွင် ချောင်းအတွင်းမှ နုန်းစုပ်တင်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီး ဝန်ကြီးများသည် နိုဝင်ဘာ ၉ ရက် နံနက် ၁၁ နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ငမိုးရိပ်ရေထိန်းတံခါးတွင် ချောင်းအတွင်းမှ နုန်းများကို ရေပေါ်သွားမြေတူးစက် Amphibious Excavator လေးစီးနှင့် Long Anm Back Hoe နှစ်စီးတို့ဖြင့် နုန်းစုပ်တင်နေမှုနှင့် ငမိုးရိပ်ချောင်းတစ်လျှောက် နုန်းပို့ချမှုအခြေအနေနှင့် ရေစီးနှုန်းတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်မြို့နယ်တို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ငမိုးရိပ်ချောင်းပေါ်တွင် ငမိုးရိပ်ရေလှောင်တမံ၊ ပေါင်းလင်းရေလှောင်တမံနှင့် မဟူရာရေလှောင်တမံတို့ကို တည်ဆောက်ထားပြီး ရေချိုများ ထိန်းသိမ်းသိုလှောင်၍ စိုက်ပျိုးရေနှင့် မြို့တော် သောက်သုံးရေပေးဝေပြီး အကျိုးပြုလျက်ရှိကြောင်း၊ ထို့အတူ ငမိုးရိပ်ချောင်းပေါ်ရှိ ငမိုးရိပ်ရေထိန်းတံခါးသည်လည်း ချောင်းအထက်ပိုင်းသို့ ရေငန်နှင့် နုန်းများမဝင်စေရေး၊ သောက်သုံးရေ၊ စိုက်ပျိုးရေ ပေးဝေရေးတို့အတွက် အကျိုးပြုပေးလျက်ရှိကြောင်း၊ ငမိုးရိပ်ချောင်း ဖြတ်သန်းစီးဆင်းရာ တစ်လျှောက်ရှိ မြို့နယ်များအတွင်း ရေကြီးရေလျှံမှု လျော့နည်းစေရေးအတွက် အဓိကရေထွက်မြောင်းနှင့် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် ပြန်လည်တူးဖော်ခြင်း၊ ရေဘေး ကာကွယ်ရေးတာများကို သတ်မှတ် A.C.L. ပြည့်မီအောင် မြှင့်တင်ခြင်းနှင့် တောင့်တင်းအောင် ဆောင်ရွက်ခြင်းတို့ဖြင့် ရေကြီးမှုဖြစ်စဉ်များ လျော့နည်းသက်သာစေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နုန်းများ စုပ်ယူရန်အတွက် ငမိုးရိပ်ချောင်းတစ်လျှောက် နုန်းပို့ချမှုအခြေအနေနှင့် ရေစီးနှုန်းတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သံဖြူဇရပ်မြို့နယ်၌ ကျိုက်နဲရေလယ်ဘုရားပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**သံဖြူဇရပ် နိုဝင်ဘာ ၁၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလောင်းကျေးရွာရှိ ကျိုက်နဲ ရေလယ်ဘုရားပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က ကျိုက်နဲရေလယ် ဘုရားပွဲတော် ကျင်းပရေးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ရာ ဘုရားပွဲတော် ကျင်းပစဉ်ကာလအတွင်း ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ဖူးမြော်နိုင်ရေး၊ ကမ်းခြေတွင် ဘုရားပွဲတော်လာပြည်သူများအား သတ်မှတ်စည်းကမ်းချက်အတိုင်း လိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေး ဗီနိုင်းပိုစတာများ ဆောင်ရွက်ထားရှိရေး၊ ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ချပြရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ဂေါပကအဖွဲ့များက လုံခြုံရေးဆိုင်ရာ လုပ်ငန်းများ၊ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ကြပြီး ကျိုက်နဲ ရေလယ်ဘုရားပွဲတော်အား နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့ရာ ယခုနှစ်တွင် အခြေအနေအရပ်ရပ်ကြောင့် လဆန်း ၁၄ ရက်တွင် ပဋ္ဌာန်းဖွင့်ပွဲကျင်းပခြင်း၊ လပြည့်နေ့တွင် ပဋ္ဌာန်းသိမ်းရေစက်ချ တရားပွဲကျင်းပခြင်းဖြင့် နှစ်ရက်သာလျှင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**



# ခရိုင်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပ

**မအူပင် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ခရိုင်အဆင့်အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက မိုးလုံလေလုံအားကစားခန်းမ အထက(ခွဲ)အလက(၁)ကျောင်း အားကစားခန်းမ၊ အထက(၂)ကျောင်းအားကစားကွင်းနှင့် ပြည်သူ့အားကစားကွင်းကြီးအတွင်း၌ ကျင်းပသည်။

အဆိုပါအားကစားပြိုင်ပွဲများကို မိုးလုံလေလုံအားကစားခန်းမ၌ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အထက(ခွဲ) အလက(၁) ကျောင်းအားကစားခန်းမ၌ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ အထက(၂) ကျောင်းအားကစားကွင်း၌ ဘော်လီဘောပြိုင်ပွဲနှင့် ပြည်သူ့အားကစားကွင်းကြီး၌ ဘောလုံးပြိုင်ပွဲတို့ကို ကျင်းပခဲ့ရာ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်ကျောင်းများမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၁၀ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၁၅ | ၂၀၉၅ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၇၅ | ၂၈၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၅ | ၂၂၉၀ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၃၁၅ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၄၀ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၅ | ၂၀၂၈ |
| 95 Ron | ၂၀၅၃ | ၂၁၂၇ |
| HSD (500 ppm) | ၂၀၈၈ | ၂၁၆၀ |
| HSD (50 ppm) | ၂၂၀၀ | ၂၂၇၄ |
| HSD (10 ppm) | ၂၂၀၈ | ၂၂၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုတည်ဆောက်ခြင်း

**ဆုမြတ်သဇင် (အလရ)**

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသည် အလုပ်သမားများအတွက်လည်းကောင်း၊ လုပ်ငန်းများအတွက်လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း အလွန်အရေးကြီးသဖြင့် နိုင်ငံတိုင်းတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများ ထုတ်ပြန်ခြင်း၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ချမှတ်၍ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာယဉ်ကျေးမှု (Occupational Safety and Health Culture) တည်ဆောက်ခြင်းလုပ်ငန်းကိုပါ နိုင်ငံများတွင် ချမှတ်ဆောင်ရွက်လာခဲ့ကြပါသည်။

**စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖန်တီးတည်ဆောက်**

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုဆိုသည်မှာ အဖွဲ့အစည်းအတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၏ အရေးပါမှုအပေါ် ယုံကြည်မှု၊ တန်ဖိုးထားမှုစသည့် စိတ်နေစိတ်ထားများကို လေ့ကျင့်ပျိုးထောင်ပေးပြီး အန္တရာယ်များ မဖြစ်ပွားစေရေးဆောင်ရွက်ရာ၌ အားလုံးတွင် တာဝန်ရှိသည်ဟူသော စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖြစ်ပေါ်လာစေရေး ဖန်တီးတည်ဆောက်ပေးခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဖွဲ့အစည်းပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် အပြုအမူပိုင်းဆိုင်ရာဟူ၍ ခွဲခြားဆောင်ရွက်ရသည်။ အဖွဲ့အစည်းပိုင်းဆိုင်ရာအနေဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာမူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် နည်းစနစ်များကို ချမှတ်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာအနေဖြင့် လူတစ်ဦးချင်းစီ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအပေါ် စိတ်ပါဝင်စားမှု၊ တန်ဖိုးထားမှုများကို မြှင့်တင်ပေးခြင်း၊ အပြုအမူပိုင်းဆိုင်ရာအနေဖြင့် လူတစ်ဦးချင်းစီ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အပြုအမူများအပေါ် လေ့ကျင့်တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ရပါသည်။ အပြုအမူပိုင်းမှတစ်ဆင့် အလေ့အကျင့်ပိုင်းကိုဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် အလေ့အထပိုင်းဖြစ်ပေါ်အောင် ဆောင်ရွက်ရသဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုတည်ဆောက်ခြင်းသည် အချိန်ယူ၍ ဆောင်ရွက်ရသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုတည်ဆောက်ရာတွင် အဆင့်သုံးဆင့် သတ်မှတ်ဆောင်ရွက်ရပြီး ပထမအဆင့်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များကို လိုက်နာမှုမရှိပါက အန္တရာယ်များ ဖြစ်ပွားမည်ကိုသိရှိခြင်း၊ ဒုတိယအဆင့်မှာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များ အတိုင်းလိုက်နာသဖြင့် အန္တရာယ်ဖြစ်ပွားမှုများ သိသိသာသာလျော့နည်းသွားခြင်း၊ တတိယအဆင့်မှာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များနှင့်အညီ အဆင့်အလိုက် တာဝန်ယူလုပ်ကိုင်နိုင်သဖြင့် အန္တရာယ်ဖြစ်ပွားမှုများ အလွန်ပင်လျော့နည်းသွားခြင်းတို့ ဖြစ်ပါသည်။





အဆိုပါ အဆင့်အလိုက် အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အပြုအမူပိုင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းစေရေး၊ လုပ်ငန်းခွင်ပိုင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းစေရေးနှင့် စနစ်ပိုင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းစေရေးတို့ကို အကောင်အထည်ဖော်လုပ်ကိုင်ရမည်ဖြစ်ပါသည်။ အပြုအမူပိုင်းသည် ထိန်းချုပ်ရန်ခက်ခဲပြီး အန္တရာယ်မကင်းသည့် ဆောင်ရွက်မှုများကြောင့် လုပ်ငန်းခွင်ထိခိုက်မှုနှင့် လုပ်ငန်းခွင်ဆိုင်ရာရောဂါများ အများဆုံးဖြစ်ပွားသဖြင့် စနစ်တကျဖြင့် အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ အပြုအမူပိုင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ Behavioural Safety Programme များ ပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အန္တရာယ်မကင်းသည့် လုပ်ငန်းခွင်အခြေအနေများကြောင့် လုပ်ငန်းခွင်ထိခိုက်မှုနှင့် လုပ်ငန်းခွင်ဆိုင်ရာရောဂါများဖြစ်ပွားလေ့ရှိ၍ ကာကွယ်ထိန်းချုပ်မှုများကို ဆောင်ရွက်ရန် လိုအပ်သည်။ လုပ်ငန်းခွင်ပိုင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းစေရေးအတွက် Risk Assessment ပြုလုပ်ခြင်း၊ စစ်ဆေးရေးစီမံချက်များ ချမှတ်၍ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များအပေါ် ပြုပြင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အပြုအမူပိုင်းနှင့် လုပ်ငန်းခွင်ပိုင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးဆောင်ရွက်ရပါမည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကျင့်သုံးရာတွင် မူဝါဒများ ချမှတ်ခြင်း၊ အဖွဲ့ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ခြင်း၊ စစ်ဆေးသုံးသပ်ခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ပြုပြင်ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ရန် လိုအပ်ပါသည်။ အဆိုပါလုပ်ငန်းများကို အစီအစဉ်များချမှတ်ခြင်း (Plan)၊ လုပ်ကိုင်ဆောင်ရွက်ခြင်း (Do)၊ စစ်ဆေးဆောင်ရွက်ခြင်း (Check)၊ ပြုပြင်လုပ်ကိုင်ခြင်း (Act) ဟူ၍ အဆင့်လေးဆင့် ခွဲခြား၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာယဉ်ကျေးမှု တည်ဆောက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ ဦးဆောင်မှုပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အသိပညာမြှင့်တင်ပေးခြင်း၊ သတင်းအချက်အလက်များ မျှဝေပေးခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်း၊ ပူးပေါင်းပါဝင်လုပ်ကိုင်စေခြင်း၊ အသိအမှတ်ပြုခြင်းတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဦးစီးဌာနအနေဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာယဉ်ကျေးမှု တည်ဆောက်နိုင်စေရေးအတွက် ဦးဆောင်မှုပေးခြင်းကဏ္ဍတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ ရေးဆွဲထုတ်ပြန်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကိုလည်းကောင်း၊ စီမံခန့်ခွဲခြင်းကဏ္ဍတွင် စစ်ဆေးစည်းကြပ်ခြင်း၊ ပညာရပ်ပိုင်းဆိုင်ရာ ထောက်ပံ့ပေးခြင်းနှင့် တရားစွဲဆိုခြင်းတို့ကိုလည်းကောင်း၊ အသိပညာမြှင့်တင်ပေးခြင်းကဏ္ဍတွင် စစ်ဆေးရေး အရာရှိများ၊ အလုပ်ရှင်၊ စီမံခန့်ခွဲသူနှင့် အလုပ်သမားများအား သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ အသိပညာပေးခြင်း၊ ဆွေးနွေးပွဲများနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့အခမ်းအနားများ ကျင်းပပြုလုပ်ပေးခြင်းတို့ကိုလည်းကောင်း၊ သတင်းအချက်အလက်များမျှဝေခြင်းကဏ္ဍတွင် လမ်းညွှန်စာစောင်၊ လက်ကမ်းစာစောင်၊ ပိုစတာနှင့် စတစ်ကာများ ဖြန့်ဝေပေးခြင်းတို့ကိုလည်းကောင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းကဏ္ဍတွင် အလုပ်ရှင်၊ အလုပ်သမားများ၊ သက်ဆိုင်ရာဌာနများ၊ ပြင်ပကျွမ်းကျင်သူများ၊ ဒေသတွင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

ထို့ပြင် ပူးပေါင်းပါဝင်လုပ်ကိုင်စေခြင်း ကဏ္ဍတွင် စက်ရုံ၊ အလုပ်ရုံများ၌ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီများဖွဲ့စည်း၍ အလုပ်ရှင်၊ စီမံခန့်ခွဲသူများနှင့် အလုပ်သမားများကို ပူးပေါင်းလုပ်ကိုင်စေခြင်း၊ သက်ဆိုင်ရာဌာနများ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ၊ ပြင်ပကျွမ်းကျင်သူများ ပါဝင်သည့် အမျိုးသားအဆင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကောင်စီဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခြင်းတို့ကိုလည်းကောင်း၊ အသိအမှတ်ပြုခြင်းကဏ္ဍတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုကောင်းမွန်သည့်လုပ်ငန်းများကို အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ဆုများ ပေးအပ်ချီးမြှင့်နိုင်ရန်အတွက် နှစ်နှစ်လျှင်တစ်ကြိမ် ဆုရွေးချယ်ပေးခြင်းကိုလည်းကောင်း ဆောင်ရွက် လျက်ရှိရာ ၃၀-၉-၂၀၂၂ ရက်နေ့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် Virtual စနစ်ဖြင့် လက်ခံကျင်းပခဲ့သည့် (၄) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် **စာမျက်နှာ ၁၉ သို့** ✧






## တိုင်းဒေသကြီးဝန်ကြီးချုပ် မြိတ်မြို့၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ တက်ရောက်

မြိတ် နိုဝင်ဘာ ၁၀

မြိတ်မြို့နယ် သဘွတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၅) ဦးပိုင်အမှတ် (၈၃/၃) တောင်သူ ဦးအေးမင်း၏လယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်ကြည့်ရှုအားပေးသည်။

သဘွတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၅) ဦးပိုင်အမှတ် (၈၃/၃) တွင် တောင်သူဦးအေးမင်း၏ စိုက်ကေနှစ်ကေကွက်တွင် ပေါင်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးရက်သက်တမ်း ရက် ၁၁၀ ရှိသော မျိုးသန့်စပါး GW–11 မျိုး ရိတ်သိမ်းခဲ့ရာတွင် တစ်ဧကပျမ်းမျှအထွက်နှုန်း (အစို) ၁၃၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်းနှင့် ယခုမျိုးသန့်စပါး GW–11 ကို ပြောင်းလဲစိုက်ပျိုးခြင်းသည် ဒေသခံတောင်သူများအနေဖြင့် အထွက်နှုန်းပြောင်းလဲတိုးတက်စေခြင်း၊ အပင်ပွားနှုန်းကောင်းပြီး မျိုးစေ့အောင်မြင်ခြင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်တွင် မိုးစပါးအနေဖြင့် စိုက်ပျိုးမည်ဆိုပါက မြိတ်ခရိုင်/ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများတွင် မှာယူစိုက်ပျိုးနိုင်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## နိုင်ငံ့စီးပွားမြှင့်တင်ရေးအဖွဲ့ကော်မတီဝင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအေဂျင်စီ နိုင်ငံ့စီးပွားမြှင့်တင်ရေးအဖွဲ့ ကော်မတီဝင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယမန်နေ့ မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအတိုင်း ရှမ်းပြည်နယ်တွင်ရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအပါအဝင် MSME လုပ်ငန်းရှင်များ အဓိကလိုအပ်နေသော ချေးငွေအရင်းအနှီးရရှိရေး၊ နည်းပညာများရရှိရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်၍ MSME လုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး အဆိုပါတွေ့ဆုံပွဲများမှ လုပ်ငန်းရှင်များ၏ အားနည်းချက်၊ တင်ပြချက်များကိုစုစည်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖြေရှင်းပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကိုလည်း အစုအဖွဲ့များ၊ အသင်းအဖွဲ့များကို အကျိုးရှိရှိ ထိရောက်စွာ ရရှိသုံးစွဲရေးအတွက် စိစစ်ကြပ်မတ်၍ ထုတ်ချေးပေးနိုင်ခဲ့သလို ယခုအခါ MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကျပ် ၁၅၀ ဘီလီယံကို ထုတ်ချေးပေးနိုင်ရန် စီစဉ်နေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သော ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် မတည် ထောက်ပံ့ငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ငွေကျပ်ရှစ်ဘီလီယံ ရရှိခဲ့ကြောင်း၊ ယခုလိုရရှိခဲ့သည့် မတည်ထောက်ပံ့ငွေများကို နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ရန်ပုံငွေများကို ရှမ်းပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စီးပွားရေးကုန်ထုတ်လုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ၊ သမဝါယမအသင်းဖြင့် ဆောင်ရွက်မည့် စီးပွားမြင့်မားရေးလုပ်ငန်းစသည်တို့တွင် အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရန်အတွက် စုစုပေါင်းအစုအဖွဲ့ ၂၂၇ ဖွဲ့ကို ၈၈၆၆ ဒသမ ၁၇ သန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များက တင်ပြဆွေးနွေးကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံအထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ (၂၀၂၃) ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

တရုတ်နိုင်ငံ Zhejiang ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် Chinese Textile & Garment Association in Myanmar တို့ပူးပေါင်း၍ တရုတ်– မြန်မာ နှစ်နိုင်ငံအထည်အလိပ်နှင့်အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်ဖြင့် မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ (၂၀၂၃) ကို ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်ထိ ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းရှိ Yangon Convention Center ၌ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် Made in Myanmar ထုတ်ကုန်များဖြစ်သည့် အဝတ်အထည်၊ ဖိနပ်နှင့်အိတ်များကို ပြသသွားမည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံမှ အမှတ်တံဆိပ် ၂၅ ခုနှင့် အထည်အလိပ်နှင့်အဝတ်အထည်၊ ဖိနပ်နှင့် အိတ်ထုတ်လုပ်သူ ၁၀၀ ကျော်တို့က ၎င်းတို့၏ထုတ်ကုန်များကို ပါဝင်ပြသမည်ဖြစ်သည်။ ပြည်တွင်း SME လုပ်ငန်းများက အရောင်းမြှင့်တင်ခြင်း၊ ထုတ်ကုန်များမိတ်ဆက်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

အာဆီယံနိုင်ငံများမှ အထည်ချုပ်လုပ်ငန်းရှင်ကိုယ်စားလှယ်များက အာဆီယံနိုင်ငံများ၏ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍတို့၏ အလားအလာများကို Panel Discussion များဖြင့် ရှင်းလင်းပြောကြားမည်ဖြစ်သည်။ ပြပွဲသို့ လာရောက်လေ့လာသူများသည် သက်ဆိုင်ရာပြခန်းများမှ ကိုယ်စားလှယ်များနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်ဖြစ်သည်။

ပြပွဲတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံရှိ ပြည်ပအထည်ချုပ်လုပ်ငန်းရှင်အသင်းများဖြစ်သည့် ကိုရီးယား ( KOGAM )၊ ဂျပန်(JGMA )၊ ဟောင်ကောင် ( HKMMA ) တို့မှ အသင်းဝင်စက်ရုံများ၏ Pavilion များကို ခင်းကျင်းပြသထားမည်ဖြစ်သည်။

ပြပွဲနှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၁၀ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က “နိုင်ငံတိုင်းမှာ အဝတ်အထည်နဲ့ပတ်သက်ပြီး အရောင်အသွေး၊ ဖက်ရှင်ဒီဇိုင်း အကြိုက်ချင်းကွဲပြားကြတယ်။ အားလုံးက အရည်အသွေးကောင်းပြီး ဆန်းသစ်တာကို ကြိုက်ကြတယ်။ မြန်မာ့ထုတ်ကုန်တွေကို ဈေးကွက်မြှင့်တင်မှာဖြစ်လို့ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင်တို့က လုပ်ငန်းရှင်တွေနဲ့အတူ လက်တွဲပြီး မတူကွဲပြားတဲ့ထုတ်ကုန်တွေကို တစ်နေရာထဲမှာ ပြသသွားမှာဖြစ်ပါတယ်။ မြန်မာ့ထုတ်ကုန်တွေရဲ့အရည်အသွေးမြင့်မားမှုကို မြင်တွေ့ရပြီး ဂုဏ်ယူရမှာဖြစ်ပါတယ်”ဟု ပြောသည်။

**မျိုးမင်းသူရ**

✧ စာမျက်နှာ ၁၈ မှ

ကျန်းမာရေးကွန်ရက် ထူးခြားစွမ်းဆောင်ဆု (ASEAN OSHNET Excellence Award) ကို မြန်မာနိုင်ငံမှ Apache ဘိလပ်မြေစက်ရုံကလည်းကောင်း၊ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် အလေ့အထကောင်းများဆု (ASEAN OSHNET Best Practices Award) ကို ရွှေဖီဦးလက်ဖက်ခြောက်စက်ရုံကလည်းကောင်း ဆုများအသီးသီးရရှိခဲ့သည်။

### အခြေခံလုပ်ငန်းစဉ်များ တူညီမှုရှိ

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုတည်ဆောက်ရာတွင် နိုင်ငံအနေဖြင့်လည်းကောင်း၊ အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ လုပ်ငန်းများအနေဖြင့်လည်းကောင်း ခွဲခြား၍ ဆောင်ရွက်ရသော်လည်း အခြေခံလုပ်ငန်းစဉ်များသည် တူညီမှုရှိပါသည်။ အဖွဲ့အစည်းများနှင့် လုပ်ငန်းများအနေဖြင့် ဦးဆောင်မှုပေးခြင်းကဏ္ဍတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ စည်းမျဉ်း၊ စည်းကမ်းများချမှတ်ခြင်းကိုလည်းကောင်း၊ စီမံခန့်ခွဲခြင်းကဏ္ဍတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ အစီအမံများရေးဆွဲ၍ အကောင်အထည်ဖော်ခြင်းကိုလည်းကာင်း၊ အသိပညာမြှင့်တင်ပေးခြင်းကဏ္ဍတွင် လေ့ကျင့်သင်ကြားပေးခြင်း၊ အသိပညာပေးခြင်းတို့ကိုလည်းကောင်း၊ သတင်းအချက်အလက်များမျှဝေခြင်းကဏ္ဍတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်သည့်အချက်အလက်များ၊ လုပ်ငန်းနှင့်သက်ဆိုင်သည့် အချက်အလက်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်းကောင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းကဏ္ဍတွင် အလုပ်ရှင်၊ စီမံခန့်ခွဲသူများနှင့် အလုပ်သမားများအကြား အပြန်အလှန်ဆက်သွယ်နိုင်စေရေး ဆောင်ရွက်ထားရှိခြင်းကိုလည်းကောင်း၊ ပူးပေါင်းပါဝင်လုပ်ကိုင်စေခြင်းကဏ္ဍတွင် အလုပ်ရှင်၊ စီမံခန့်ခွဲသူများနှင့် အလုပ်သမားများ ပူးပေါင်းပါဝင်လုပ်ကိုင်နိုင်စေရေး ဆောင်ရွက်ထားရှိခြင်းကိုလည်းကောင်း၊ အသိအမှတ်ပြုခြင်းကဏ္ဍတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုကောင်းမွန်သူများအား အသိအမှတ်ပြုခြင်းကိုလည်းကောင်း ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုကို ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်ပါသည်။

> **“စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီနှင့် လုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာယဉ်ကျေးမှုကို တည်ဆောက်ခြင်းဖြင့် လုပ်ငန်းခွင်ထိခိုက်မှုနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှုများ လျော့နည်းသွားခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုနည်းပါးခြင်း၊ အလုပ်သမားများ၏ ယုံကြည်အားကိုးမှုရရှိခြင်း၊ အလုပ်သမားများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးနိုင် ခြင်း၊ လျော်ကြေးနှင့် ဆေးကုသစရိတ်များ လျော့နည်းသွားခြင်း၊ အာမခံကြေးများ သက်သာခွင့်ရရှိခြင်း၊ ကုန်ထုတ်စွမ်းအားများ တိုးတက်မြင့်မားလာခြင်း . . . စသည့်အကျိုးကျေးဇူးများရရှိမည်”**

### အကျိုးကျေးဇူးများ

စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီနှင့် လုပ်ငန်းများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုကို တည်ဆောက်ခြင်းဖြင့် လုပ်ငန်းခွင်ထိခိုက်မှုနှင့် လုပ်ငန်းခွင်ဆိုင်ရာရောဂါရရှိမှုများ လျော့နည်းသွားခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုနည်းပါးခြင်း၊ အလုပ်သမားများ၏ ယုံကြည်အားကိုးမှုရရှိခြင်း၊ အလုပ်သမားများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးနိုင်ခြင်း၊ လျော်ကြေးနှင့် ဆေးကုသစရိတ်များ လျော့နည်းသွားခြင်း၊ အာမခံကြေးများ သက်သာခွင့်ရရှိခြင်း၊ ကုန်ထုတ်စွမ်းအားများ တိုးတက်မြင့်မားလာခြင်း၊ လုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးနိုင်ခြင်း၊ ကောင်းသတင်းကျော်စောခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူများကို ဆွဲဆောင်နိုင်ခြင်း၊ ထောက်ပံ့ချီးမြှင့်မှုများရရှိခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုတည်ဆောက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိပြီး လုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုသဖြင့် စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီနှင့် လုပ်ငန်းများအနေဖြင့် မိမိတို့နှင့် လိုက်လျောညီထွေရှိသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ကို ဖန်တီးနိုင်စေရေး တိုက်တွန်းရေးသားအပ်ပါသည်။ ။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့ရှိ ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၀

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် နယ်လှည့်အထူးကုဆေးအဖွဲ့ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## စီစဉ်ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၄၇၂ ဦး၊ ခွဲစိတ်ရောဂါ ၇၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၉ ဦး၊ ကလေးရောဂါ ၅၇ ဦး၊ အရိုးရောဂါ ၁၁၈ ဦး၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ ၇၀၊ မျက်စိရောဂါ ၂၄၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ် လူနာ ၄၆ ဦး စုစုပေါင်း ၁၁၈၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူ ကိုးဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးမြန်အောင်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၃၉ ဦး၊ ခွဲစိတ်ရောဂါ ၆၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၆ ဦး၊ ကလေးရောဂါ ၇၇ ဦး၊ အရိုးရောဂါ ၁၆၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၆ ဦး၊ မျက်စိရောဂါ ၁၃၃ ဦးနှင့် သွားရောဂါ ၁၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေ ခွဲစိတ်လူနာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ရှစ်ဦး၊ တယ်လီဗီးရှင်း ဓာတ်မှန်ရိုက်လူနာ ၃၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ကိုးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၄ ဦး စုစုပေါင်း ၆၇၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူ တစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရသည်။



ဒေါ်အေးအေး



ဦးခင်ဇော်

**ဒေါ်အေးအေး**
**ကျွဲချိုင်ကျေးရွာ**
**ငရုတ်ကောင်းမြို့**

တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးလာကုမယ်လို့ ပြောတော့ ကျွန်မတို့က လှိုက်လှိုက်လှဲလှဲနဲ့လာပြီးတော့ ဆေးကုသခံတာပါ။ မျက်စိကိုသွားပြီးပြတော့ ခွဲရမယ် ခြောက်သိန်း၊ ခုနစ်သိန်းကျမယ်လို့ပြောလို့ ကျွန်မမှာ ပိုက်ဆံကမရှိဘူး။ လယ်လုပ်မှ စားရတယ်ဆိုတော့ အဆင်မပြေဘူး။ အဆင်မပြေတဲ့အတွက် မခွဲဘဲနေတော့ မျက်စိကကိုက်တယ်။ မျက်ရည်တွေကျတယ်။ ယားတယ်။ ခေါင်းတွေပူတယ်။ ဒီလို ဆေးကုသမှုတွေလာတော့ အလွန်ဝမ်းသာ ကြည်နူးမိပါတယ်။ ကျွန်မဒီကိုလာပြတာ။ ဆေးကုသရေးအဖွဲ့က ပြုံးပြုံးရွှင်ရွှင်နဲ့ ကြိုဆိုကြတယ်။ ပိုက်ဆံမရှိတော့ အဖေ အမေလိုအားကိုးမိတာပါ။ ဒီအဖွဲ့က ကောင်းပါတယ်။ အခမဲ့လည်းဖြစ်သလို မိသားစုစိတ်ဓာတ်လည်း ရှိကြပါတယ်။ ကိုယ့်ဘက်ကလည်း ဘာမှပြန်ပြီး မပေးနိုင်ဘူး။ ဘယ်လို လက်ဆောင် ပေးလိုက်ရမလဲ မသိဘူး။ ကျွန်မက ပေးချင်ပေမယ့် လယ်လုပ်နေရတော့ စားရေးသောက်ရေးတောင် အဆင်မပြေဘူး။ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က စေတနာမေတ္တာတွေနဲ့ ဒီလိုလာရောက်ဆေးကုသပေးတဲ့အတွက် အလွန်ဝမ်းမြောက် ကြည်နူးမိပါတယ်။ နောက်နှစ် နောက်နှစ်တွေလည်း လာစေချင်တယ်။ ကုသပေးစေချင်တယ်။ အခုလို စီစဉ်ပေးတဲ့ တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။

**ဦးခင်ဇော်**
**တလုတ်ကုန်းကျေးရွာ**
**မြန်အောင်မြို့**

ကျွန်တော်က ခါးမကောင်းလို့ပါ။ ခါးက နာနေတာ တော်တော်ကြာပြီ။ အခုလို နယ်လှည့်ဆရာဝန်ကြီးတွေ ဒီကိုရောက်လာတော့ လာပြီးပြသခြင်းဖြစ်ပါတယ်။ ပြသတဲ့လူတော်တော်များလည်းတွေ့ရပါတယ်။ ဝေဒနာသည်တွေက အေးအေးချမ်းချမ်းနဲ့ပြသတာလည်း တွေ့ရပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ အခုလို တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက်ဆေးကုသပေးတာကတော့ အခမဲ့ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမြို့နယ်ကို ဆေးကုသပေးတဲ့ဆရာဝန်တွေအားလုံးကို အလွန်လည်း ကျေးဇူးတင်ပါတယ်။ လာရောက်ပြသကြတဲ့သူတွေ အားလုံးလည်း စိတ်ချမ်းသာကြပါတယ်။ ဌာနဆိုင်ရာ ဝန်ထမ်းအားလုံးကလည်း ဝိုင်းဝန်းပြီးတော့ စောင့်ရှောက်ပေးပါတယ်။ မသိတဲ့နေရာကိုလည်း သိအောင်လိုက်ပြပေးပါတယ်။ ဘယ်လိုပြောရမှန်းတောင်မသိအောင်ဖြစ်နေပါတယ်။ ဝမ်းသာလွန်းအားကြီးလို့ပါ။

**သတင်းစဉ်**

# မျှင်ငါးပိဈေးကောင်းရရှိ၍ ဖောင်ဦးစီးနှင့်ရေလုပ်သားများ ယမန်နှစ်ထက် စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်း

ရန်ကုန် နိုဝင်ဘာ ၁၀

နာမည်ကြီး မျှင်ငါးပိထွက်ရှိရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ်ရှိ ကျေးရွာများတွင် ဒေသအခေါ်ငွေးကောင်ဟု ခေါ်သော မျှင်ငါးပိကုန်ကြမ်းများကို ကမ်းနီးပင်လယ်ပြင်၌ ပိုက်တန်းများဖြင့် အောက်တိုဘာ ၂၅ ရက်မှစ၍ ဖမ်းဆီးကြလျက်ရှိရာ မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၅၉၀၀ ဈေးရရှိသည့်အတွက် ယမန်နှစ်ထက် ဈေးကောင်းရရှိမှုကြောင့် ဖောင်ဦးစီးများနှင့်ရေလုပ်သားများ စီးပွားရေးအခွင့်အလမ်း ပွင့်လန်းလျက်ရှိကြောင်း သိရသည်။



ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာ၌ မြန်မာနိုင်ငံမှ ရေချို၊ ရေငန်ထွက်ကုန်များကို ပြည်ပသို့ တင်ပို့လျက်ရှိသည့်အပြင် ပြည်တွင်းစားသုံးမှုဖူလုံစွာ ထုတ်လုပ်လျက်ရှိရာ ဒေသအလိုက် ရေထွက်ကုန်များ နာမည်ရလျက်ရှိ၍ မြိတ်ခရိုင် ကျွန်းစုမြို့နယ်မှ ထွက်ရှိသော မျှင်ငါးပိနှင့်ပုစွန်ခြောက်မှာ နာမည်ကြီးသည်။

"ဒီနှစ်မှာ မနှစ်ကထက် မျှင်ငါးပိပိုပြီး ထုတ်လုပ်နိုင်ကြတယ်။ ပိုက်တစ်ဖုံကို ငွေးကောင်အချိန် ၁၀၀ ကနေ ၁၅၀ အထိ ရကြတဲ့အတွက် ရန်ကုန်မြို့ကို မျှင်ငါးပိ ပိုပြီး တင်ပို့နိုင်ကြတယ်။ ဒီရေအတက်အကျမှာ ဖမ်းရတာဖြစ်တဲ့အတွက် တစ်ကြိမ်ဖမ်းရင် ၁၀ ရက်ကြာပြီး လေးရက်နား၊ ဆက်ပြီးလုပ်ငန်းဝင်ကြတယ်။ ဖောင်ဦးစီးနဲ့လုပ်သား ၁၀၀ ကျော်ရှိတဲ့အတွက် ကျွန်းစုမြို့နယ်ဟာ ငွေးကောင်အများဆုံး ဖမ်းဆီးတဲ့ဒေသဖြစ်သလို နာမည်ကြီး မျှင်ငါးပိထွက်ရှိရာနေရာလည်းဖြစ်ပါတယ်။ ဒီနှစ်ရန်ကုန် ဘုရင့်နောင်ပွဲရုံမှာ မျှင်ငါးပိတစ်ပိဿာ ငွေကျပ် ၅၉၀၀ ဈေးရရှိတာကြောင့် အလုပ်အကိုင်နဲ့ စီးပွားရေးအဆင်ပြေကြတဲ့အတွက် အားလုံးဝမ်းသာနေကြပါတယ်"ဟု ကျွန်းစုမြို့နယ် ပန်းဇင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းလတ်က ပြောသည်။

ယမန်နှစ် ရာသီချိန်၌ မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ဖြင့် အမြင့်ဆုံးဈေးရရှိခဲ့ပြီး အထိအမိနည်းခဲ့ကာ ယခုနှစ်ရာသီအစ၌ အထိအမိကောင်းသည့်အပြင် ဈေးကောင်းရရှိသောကြောင့် ဖောင်ဦးစီးများနှင့် ရေလုပ်သားများ စီးပွားရေး အဆင်ပြေလျက်ရှိသည်။ ကမ်းနီးပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ငွေးကောင်များကို ကမ်းခြေပြမ်းစင်များပေါ်၌ နံနက်ပိုင်းဆားဖြူးနေလှန်းကာ ညနေပိုင်းတွင် စက်ဖြင့်ကြိတ်၍ နောက်တစ်ရက် နေပြန်လှန်းပြီးနောက် ညနေပိုင်း၌ ထပ်မံကြိတ်ပြီးပါက မျှင်ငါးပိအဖြစ်ရရှိကြောင်း သိရသည်။ ငွေးကောင်ကို အောက်တိုဘာလမှ မေလအထိ ဖမ်းဆီးလေ့ရှိပြီး ကျွန်းစုမြို့နယ်ရှိ ပန်းဇင်ကျေးရွာမှ မျှင်ငါးပိမှာ သဘာဝအတိုင်း ထုတ်လုပ်သည့်အတွက် အရသာကောင်းမွန်ခြင်းနှင့် တာရှည်ခံခြင်းတို့ကြောင့် မြန်မာပြည်တွင် နာမည်ကြီးလျက်ရှိသည်။

မျှင်ငါးပိထုတ်လုပ်ချိန် ကာလအတွင်း ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ ကျွန်းစုမြို့နယ်၌ ပုစွန်များကို ဖမ်းဆီး၍ ရေဖြင့်ပြုတ်၊ အခြောက်လှန်းပြီးပါက သဘာဝပုစွန်ခြောက်အဖြစ် ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ယခုလတွင် ပန်းဇင်ရွာပုစွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ ဈေးရှိကြောင်း သိရသည်။ မြိတ်ကျွန်းစုရှိ ကျွန်းစုမြို့နယ်၌ မျှင်းငါးပိနှင့် ပုစွန်ခြောက်ထုတ်လုပ်သော ကျေးရွာပေါင်း ၂၀ ကျော်ရှိပြီး ကမ်းနီးရေလုပ်ငန်းဖြင့် အသက်မွေးရာ၌ မျှင်ငါးပိထုတ်လုပ်သောရာသီသည် ရေလုပ်သားတို့အတွက် စီးပွားရေးအခွင့် အလမ်းတစ်ခုဖြစ်ရာ ယခုနှစ်တွင် ပုစွန်ခြောက်ဈေးကောင်းရရှိနေသည့်အပြင် ယမန်နှစ်ထက် မျှင်ငါးပိ ဈေးကောင်းရရှိနေသောကြောင့် ဖောင်ဦးစီးနှင့် ရေလုပ်သားမိသားစုများ စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၁ - ၁၁ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅) ၊ အမှတ်(၄၅)တွင် ပညာရှိ ရွှေဟသာ်စကားကို နားမထောင်မိ၍ ဘုံဗိမာန်ပျောက်သွားသော ပေါက်ပင်စောင့်နတ်အကြောင်းကို ရေးဖွဲ့ထားသည့် "မိတ်ဆွေစကား မပယ်ရှားနှင့်" မျက်နှာဖုံးဇာတ်လမ်း၊ မြန်မာ့ရိုးရာခုနစ်ထွေအကအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "ခုနစ်ထွေအကအကြောင်း သိကောင်းစရာ" သုတဆောင်းပါးကဏ္ဍ၊ အိမ်မြှောင်ကိုခေါ်ဆိုပုံနှင့် ပတ်သက်၍ ငြင်းခုံနေကြသော ဗိုက်ပူနှင့် ဝတုတ်တို့ကို ဆုံးဖြတ်ပေးလိုက်သော ဖြတ်ထိုးဉာဏ်ကောင်းသည့် ချက်စူအကြောင်းကို ရေးဖွဲ့ထားသည့် "ချက်စူရဲ့ အယူအဆ" နှစ်မျက်နှာ ကာတွန်း၊ ကလေးများအနေဖြင့် မိမိတို့ ရရှိသည့်မုန့်ဖိုးများကို စုဆောင်းတတ်စေရန်နှင့် ငွေကိုသုံးစွဲရာ၌ အသုံးနှင့်အဖြုန်း ခွဲခြားတတ်စေရန် ပညာပေးရေးဖွဲ့ထားသည့် "အတိုင်အဖောက်" ဝတ္ထုကဏ္ဍ၊ ရွှေသွေးဂျာနယ်အထူးထုတ် ၂၀၂၄ တွင် ထည့်သွင်းဖော်ပြမည့် ကလေးလက်ရာ ပန်းချီပြိုင်ပွဲဝင်များကို ဖိတ်ခေါ်သည့် "ရွှေသွေးတို့လက်ရာပန်းချီများ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း" ကဏ္ဍ၊ အားလပ်ချိန်တွင် မိမိအတွက် အကျိုးရှိမည့်အလုပ်များသာမက အခြားသူများအတွက် ကောင်းကျိုးရှိမည့် အလုပ်များကို ဆောင်ရွက်သင့်ကြောင်း ရေးဖွဲ့ထားသည့် "ဖိုးတစ်တို" တစ်မျက်နှာကာတွန်း၊ သူတစ်ပါး၏ စည်းလုံးညီညွတ်မှုကို ဖျက်ဆီးပါက မိမိတွင်လည်း ဒုက္ခနှင့် ကြုံတွေ့ရနိုင်ပုံကို ရေးဖွဲ့ထားသည့် "အဘိုးပြောသော ပုံပြင်" ပုံပြင် ကဏ္ဍ၊ အသိပညာ ဗဟုသုတနည်းပါး၍ ဆားကိုရေထဲသို့စိမ်၍ သိမ်းထားသော မောင်ရိုးအကြောင်းကို ရေးဖွဲ့ထားသည့် "ဗဟုသုတ" နှစ်မျက်နှာကာတွန်း၊ ဒုက္ခရောက်နေသောသူများကို ကူညီဆောင်ရွက်ပေးခဲ့သောကြောင့် ကောင်းကျိုးများ ခံစားရပုံနှင့် ကျေးဇူးရှင်ကို ပြစ်မှားမိပါက ဒုက္ခနှင့် ကြုံတွေ့ရနိုင်ပုံကို တင်ပြထားသည့် "ကျေးဇူးကန်းတဲ့သူ" နှစ်မျက်နှာ ကာတွန်း၊ လူပုဂ္ဂိုလ်နှစ်ဦး သို့မဟုတ် အရာဝတ္ထုနှစ်ခုဖြစ်သည့် A နှင့် B တို့တွင် A သည် B ကဲ့သို့ အလားတူဖြစ်သည့် သို့မဟုတ် A သည် B လုပ်သကဲ့သို့ လိုက်လုပ်သည်ဆိုသည်ကို ပြောဆိုရာတွင် Auxiliary Verb ကိုအသုံးပြု၍ အတိုချုံ့ပြောဆိုပုံကို တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာကဏ္ဍ၊ ကလေးလက်ရာကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဟိုပုံးမြို့နယ်၌ မိုးစပါးစံပြကွက်စိုက်ခင်းများ စတင်ရိတ်သိမ်း

**ဟိုပုံး နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစံပြကွက် စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၈ ရက်က ဟိုပုံးမြို့ မြို့မအုပ်စု လေးအိမ်ကုန်းရွာမကွင်း တောင်သူ ဦးဇော်ဌေး ကွင်းအမှတ်-၁၂ ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို မြို့မအုပ်စု လေးအိမ်ကုန်းရွာမကွင်း ကွင်းအမှတ်-၁၂ ဦးပိုင်အမှတ် ၂၄ ဧရိယာ ၁ ဒသမ ၇၈ ဧကရှိ တောင်သူဦးဇော်ဌေး၏လယ်မြေတွင် သုည ဒသမ ၀၀၁ အရွယ်ရှေရင်အေး အထွက်ကောင်း မျိုးစပါးရိတ်သိမ်းရာ တစ်ဧကအခြောက်ထွက်တင်း ၁၂၀ ဒသမ ၈၂ တင်း ထွက်ရှိကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးတို့က ဦးဆောင်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများကအနီးကပ်ကြီးကြပ်ခဲ့ကြသည်။ ရွှေရင်အေးအထွက်ကောင်းမျိုးသန့်မိုးစပါးစိုက်ပျိုးခြင်းဖြင့် ဒေသတွင်း စားသုံးမှုဖူလုံရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်မြင့်မားရေး၊ တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ စပါးသီးနှံ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးစံပြစိုက်ခင်းများအား တစ်ဧကလျှင် MPE ပုလဲမြေသြဇာ တစ်ပိဿာနှုန်းအခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာနမှ အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်း၍ စံပြစိုက်ခင်းများ ဖော်ဆောင်ပြီး တောင်သူများအား နည်းပညာပေးကာစိုက်ခင်းတည်ထောင်ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

**❂ ကျောဖုံးမှ**

အုပ်စု (B) တွင် Winner Soccer အသင်း၊Black Cross အသင်း၊ Malikalsin အသင်း၊ အုပ်စု (C) တွင် Futsal 19 အသင်း၊ ရွှေပြည်သာအသင်း၊ SGF အသင်း၊ အုပ်စု (D) တွင် Dream Team အသင်း၊ လက်ဝဲသုန္ဒရအသင်း၊ UPK အသင်း၊ အုပ်စု (E) တွင် ဖူဆယ်ချစ်သူအသင်း၊ ရိုးမ အသင်း၊ YRG အသင်း၊TG Utd အသင်း၊ အုပ်စု (F) တွင် MIU အသင်း၊ DT Legends အသင်း၊ KKY အသင်း၊ အုပ်စု (G) တွင် Generation အသင်း၊ Red Eagle အသင်း၊ ပြည့်စုံအသင်း၊ အုပ်စု (H) တွင် လင်းလက်အသင်း၊ M-Million အသင်း၊ Seven အသင်းတို့ ပါဝင်နေသည်။



အုပ်စုပွဲများကို နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်၊ ရှုံးထွက်ပွဲစဉ်များကို နိုဝင်ဘာ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**❖ မြန်မာအသင်း**

လက်ရှိ ဥရောပဘောလုံးလောကတွင် ခြေစွမ်းပြနေသည့် ကစားသမားများပါဝင်လာပြီး စပိန်ကလပ် ရီးယဲလ်ဆိုစီဒက်အသင်း တောင်ပံတိုက်စစ်ကစားသမား ကူဘို၊ အင်္ဂလန်ကလပ် ဘရိုက်တန်အသင်း တောင်ပံကစားသမား မီတိုမာ၊ လီဗာပူးလ်ကွင်းလယ်ကစားသမား အန်ဒို၊ ပြင်သစ်ကလပ် မိုနာကိုအသင်း တိုက်စစ်ကစားသမား မီနာမီနို၊ ဂျာမနီကလပ် ဘိုချမ်အသင်းတိုက်စစ်မှူး အဆာနို၊ အင်္ဂလန်ကလပ် အာဆင်နယ်အသင်း နောက်ခံလူ တိုမီယာဆုစသည့် ကစားသမားများ ပါဝင်လာသည်။

ဂျပန်လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် မြန်မာအသင်းနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် ဆီးရီးယားအသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ဂျပန်အသင်းသည် ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် တွေ့ဆုံခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

**❍ ဝက်စ်ဟမ်းမှ**

ပွဲစဉ် လေးပွဲကစားပြီးချိန်မှာ ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ ဝက်စ်ဟမ်းအသင်းက ရမှတ်ကိုးမှတ်၊ ဘရိုက်တန်အသင်းက ရမှတ်ခုနစ်မှတ်၊ လီဗာပူးအသင်းက ရမှတ်ကိုးမှတ် အသီးသီးရရှိထားတာ ဖြစ်ပါတယ်။

နိုဝင်ဘာ ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ယူရိုပါလိဂ်ပွဲစဉ်တွေမှာတော့ ရိန်းဂျားစ်အသင်းက စပါတာပရက်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ LASK အသင်းက ယူနီယံစိန့်ဂီလွိုက်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဗီလာရီးယဲလ်အသင်းက မကာဘီဟိုင်ဖာအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရင်းနက်စ်အသင်းက ပါနာသီနိုင်ကော့အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဆာဗက်တီအသင်းက ရှရစ်တီရာစပိုးလ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဆလာဗီယာပရက်အသင်းက ရိုးမားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ လေဗာကူဆင်အသင်းက ကာရာဘတ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဖရိုင်းဘတ်အသင်းက ဘက်ကာတိုပိုလာအသင်းကို ငါးဂိုး-ဂိုးမရှိ၊ မာဆေးလ်အသင်းက AEK အေသင်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရီယဲလ်ဘတ်တစ်အသင်းက လီမာဆိုအသင်းကို လေးဂိုး-တစ်ဂိုး၊ အတ္တလန္တာအသင်းက စတမ်းဂရက်ဇ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မိုလ်ဒီအသင်းက ဟေကန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ စပို့တင်းစီပီအသင်းက ချက်စတိုချိုဝါအသင်းကို နှစ်ဂိုး-တစ်ဂိုး စသဖြင့်အသီးသီးနိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဌွန်ကိုကို CDC-102238 ၏ စီဒီစီစာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

09-699302602

**အမည်မှန်**

မန္တလေး တိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အလက ကူတော် Grade(1) တွင် ပညာသင်ကြားနေသော အဖ ဦးပြည့်ဖြိုးဆွေ [၉/မထလ(နိုင်)၃၁၉၇၄၅] ၏ သားဖြစ်သူ အမည်မှန်မှာ မောင်ဝေယံဘုန်းခန့် ဖြစ်ကြောင်း။

**ဖခင်အမည်မှန်**

မန္တလေး တိုင်းဒေသကြီး၊ မိတ္ထီလာမြို့ FAME ကိုယ်ပိုင်အထက်တန်းကျောင်း Grade (11) တွင် ပညာသင်ကြားနေသော မောင်နိုင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးမင်းထွန်း [၉/မထလ(နိုင်) ၂၁၁၅၃၀] ဖြစ်ကြောင်း။

**ဦးမင်းထွန်း**

**အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ခြင်း**

| | | |
|---|---|---|
| ၁။ | ခေါ်ယူသည့်တင်ဒါ | - ရန်ကုန်တက္ကသိုလ်၏ (၁၂၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း |
| ၂။ | တင်ဒါသက်တမ်း | - ၁၄-၁၂-၂၀၂၃ ရက်မှ ၁၇- ၁၂ -၂၀၂၃ ရက်အထိ |
| ၃။ | တင်ဒါပုံစံ ရောင်းချမည့်နေရာ | - ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာန |
| ၄။ | တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - ၁၅ -၁၁ -၂၀၂၃ (ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း |
| ၅။ | တင်ဒါပုံစံပိတ်မည့်ရက် | - ၂၁ -၁၁ -၂၀၂၃ (အင်္ဂါနေ့) ရုံးချိန်အတွင်း |
| ၆။ | တင်ဒါတင်သွင်းရမည့် ရက်၊ အချိန်၊ နေရာ | - ၂၈ -၁၁ - ၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ(၁:၀၀) နာရီ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ကောင်စီခန်းမ |

၇။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံရောင်းချမည့်နေရာသို့ လူကိုယ်တိုင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တက္ကသိုလ်**

**ပျောက်ဆုံးကြောင်း**

ဦးရွှေဖိုး [၁၂/ကတတ(နိုင်) ၀၁၈၂၈၈] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် အမှတ် (M314971) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-428237621

**ပြင်ဆင်ဖတ်ရှုပါရန်**

၃-၁၁-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၄)ကန့်ကွက်နိုင်ကြောင်းကြော်ငြာဒဂုံမြောက်မြို့နယ်၊GPရသူဒေါ်အေးစုလှိုင်၏ပိုင်ဆိုင်+အပိုင်ပေးမြေပုံကူးတွင်ဒေါ်မြင့်မြင့်သန်း(၁၂/မဂတ(နိုင်)၀၃၈၄၀၇) အစား(၁၂/မဂတ(နိုင်)၀၃၈၄၀၂)ဟု အမှန်ဖတ်ရှုပါရန်။

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ်၊ ဒ-၈(က)၊ မြေဧရိယာ(၂.၅၀)ဧကရှိ ဒေါ်သန်းသန်းစိုး(ဘ) ဦးကျင်ငြိမ်း [၁၄/ပတန(နိုင်)၀၀၄၃၂၈]၊ ဦးစိုးအောင် (ဘ) ဦးကျင်ငြိမ်း[၁၄/ပတန(နိုင်)၀၀၃၃၈၄]၊ ဦးစိုးလှိုင်(ဘ) ဦးကျင်ငြိမ်း[၁၄/ကကန(နိုင်)၀၄၂၈၈၆]၊ ဒေါ်သန်းမြိုင်(ဘ)ဦးကျင်ငြိမ်း [၁၄/ပတန(နိုင်)၀၀၃၉၃၆] တို့ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို အမည်ပေါက်သူများဖြစ်သော ဒေါ်သန်းသန်းစိုး၊ ဦးစိုးအောင်၊ ဦးစိုးလှိုင်၊ ဒေါ်သန်းမြိုင်တို့မှ စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့( ၂၅ -၁၁ -၂၀၂၃)ရက်နေ့ နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ဌာနမှူး(ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၀၊ မြေကွက်အမှတ်-၂၆ ၊ မြေကွက်တည်နေရာအမှတ်-၂၆၊ ကေရာဇ်လမ်း၊၁၁၀ရပ်ကွက်၊ဒဂုံအရှေ့မြို့နယ်၊ ဦးကျော်လွင် [၁၂/ဒဂန(နိုင်)၀၀၉၄၅၉]၊ ဒေါ်ခင်ဖူးသန့်(ခ)ဒေါ်ဖွားသန့် [၁၂/ဗတထ(နိုင်)၀၁၃၅၃၀]အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်လွင်(ခင်ပွန်း)သည် (၁၅-၆-၂၀၁၂) ရက်နေ့တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ(ဇနီး) ဒေါ်ခင်ဖူးသန့်(ခ)ဒေါ်ဖွားသန့် [၁၂/ဗတထ(နိုင်)၀၁၃၅၃၀] မှ တရားဝင် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင် RC ၂ ထပ်တစ်လုံးရှိပြီး လူနေထိုင်ခြင်းမရှိဘဲ နေအိမ်သော့ဖွင့်ပြပြီး ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခင်ဖူးသန့်(ခ)ဒေါ်ဖွားသန့်မှ ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ် စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်အဆင့်မြင့်အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်း၊ (၆)ရပ်ကွက်၊ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၃၀၅) တတိယထပ်ဟုခေါ်တွင်သော အကျယ်အဝန်း(၇၅၀ စတုရန်း)ပေရှိ တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစိုင်းလင်ခမ်း (ခ) စိုင်းလော၀်မိုင်း (LYHE – 137853) [၁၃/တကန(နိုင်)၀၁၂၉၉၂]ကိုင်ဆောင်သူမှ ၎င်းတရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မေသဇင်ဌေး [၁၂/ပဇတ(နိုင်)၀၃၀၃၆၆]မှလည်း ဝယ်ယူရန် သဘောတူညီသဖြင့် ယင်းတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်း တန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှ စ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေသဇင်ဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှေရည်ဖူး (အထက်တန်းရှေ့နေ) (စဉ်–၄၉၀၅၀)**
**ဖုန်း–၀၉–၄၃၁၁၀၃၃၄၊ ၀၉–၂၅၃၆၉၅၄၄၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် –၂၄၆

CB Bank PCL နှင့် ၁။ ဦးသန်းဇော်
(ယခင်သမဝါယမဘဏ်လီမိတက်) ၂။ ဒေါ်ဝင်းဝင်းခိုင်
(၎င်း၏ကိုယ်စား ဒေါ်ဝင်းဝင်းမာ–
ဒုတိယမန်နေဂျာ)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်းနှင့် စံပယ်လမ်းထောင့်၊ တိုက်အမှတ်–(ဘီ)၊ အခန်းအမှတ်–၃၀၁၊(၆)လွှာ နေ တရားပြိုင် ၁။ဦးသန်းဇော်၊ ၂။ဒေါ်ဝင်းဝင်းခိုင်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက (၁၇–၈–၂၀၂၃)ရက်နေ့အထိ ကျသင့်သော ဘဏ်ချေးငွေအတိုး၊ အရင်းနှင့် နောက်ကျဒဏ်ကြေးငွေစုစုပေါင်း ၄၃၉,၁၄၂,၁၀၂.၉၅ (ကျပ်လေးထောင်သုံးရာကိုးဆယ့်တစ်သိန်းလေးသောင်းနှစ်ထောင်တစ်ရာ့ နှစ်ကျပ်ကိုးဆယ့်ငါးပြားတိတိ)အတွက် အပေါင်ပစ္စည်းရောင်းချပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက် ခဲ့လျှင်သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရ မည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၃၆ကေ၊မြေကွက်အမှတ်–၁၁၁ အက်စ်/၂အေ၁အေ၊ဧရိယာ(၀.၀၆)ဧက၊မြေကွက်တည်နေရာအမှတ်(၄၂အေ) အင်းယားမြိုင်လမ်း၊ရွှေတောင်ကြား(၂)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ဦးလွင်အောင် အေး(၁၂/မဂဒ(နိုင်)၀၂၂၅၆၃)၊ဒေါ်နီနီသိန်း(၁၂/သလန(နိုင်)၀၁၇၈၀၈) မြေပိုင်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူ(ဇနီး)ဒေါ်နီနီသိန်းသည်(၁၁–၆– ၂၀၂၃)ရက်နေ့တွင်ကွယ်လွန်ခဲ့ပါသဖြင့်ကျန်အမည်ပေါက်(ခင်ပွန်း)ဦးလွင် အောင်အေး(၁၂/မဂဒ(နိုင်)၀၂၂၅၆၃)မှတရားဝင်ခင်ပွန်းဖြစ်ပြီး၎င်းမှလွဲ၍ အခြားသောခင်ပွန်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ဇနီးဖြစ်သူဒေါ်နီနီ သိန်း၏ပိုင်ဆိုင်ခွင့်အစုအားမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်း ဆိုင်ရာဥပဒေအရ၎င်းကသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း နှင့်အခြားသောအမွေဆက်ခံပိုင်ဆိုင်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှတ်ပုံတင်အမှတ်–၅၅၇/၂၀၂၃ (၁၉–၉–၂၀၂၃)ရက်နေ့ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်နီနီသိန်း၏သေဆုံးမှုလက်မှတ်၊အမည်ပေါက်အရောင်းအဝယ်စာချုပ်စာချုပ် အမှတ်–၆၀၀၀/၂၀၂၂(၁၅–၈–၂၀၂၂)၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံ သားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အ ထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါ ကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၆၊မြေကွက်အမှတ်–၂၇၇၊ ဧရိယာ(၀.၀၅၅)ဧက၊မြေကွက်တည်နေရာအမှတ်(၂၇၇)၊နဝရတ်လမ်း၊(၈) ရပ်ကွက်၊သခင်မြပန်းခြံ၊ရွှေပြည်သာ၊ဗိုလ်ကြီးလှိုင်မြင့်(KGN–၀၆၄၇၇၀) အမည်ပေါက်ပါမစ်မြေအားပါမစ်မြေအမည်ပေါက်–ဦးလှိုင်မြင့်(KGN–၀၆၄ ၇၇၀)ထံမှအရပ်ကတိအရောင်းစာချုပ်ဖြင့်ဝယ်ယူထားသူဦးဘိုဘိုဟန်(၉/ဝတန (နိုင်)၁၂၅၁၅၈)၊ဒေါ်နှင်းဝေဝေ(၁၂/ရပသ(နိုင်)၀၅၅၆၆၄)တို့ထံမှ ရန်ကုန် မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၀၈၆(၂၅–၁၁–၂၀၂၂)ရရှိသူဒေါ်ခိုင်ခိုင်ဝင်း(၁၂/ရပသ(နိုင်)၀၅၇၃၈၂)မှ မိသားစုဓါတ်ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်၊အိမ်ရာဆောက် လုပ်နေထိုင်ခွင့်၊မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်း၊ပါဝါ၊ပါဝါ ပေးသူသက်ရှိထင်ရှားရှိပြီးပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းရန်ကုန်တိုင်းဒေ သကြီးတရားလွှတ်တော်၏ကျမ်းကျိန်လွှာအမှတ်–၂၆၃၅/၂၀၂၂(၅–၁၂– ၂၀၂၂)၊နိုင်ငံသားစိစစ်ရေးကဒ်တို့တင်ပြ၍ပါမစ်မူရင်း(စုံ)ဖြင့်နှစ်(၆၀)မြေငှား စာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများ ဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့၊ ညောင်လွန့် အနောက်ရွာနေ ဦးဟန် တင်၏ သမီးဖြစ်သူ ဒေါ်တင် မာမြင့် [၉/တကန(နိုင်) ၂၁၁၅၇၀]၏ မွေးသက္ကရာဇ် အမှန်မှာ (၈–၅–၁၉၉၇) ဖြစ် ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၂၊ မြေ ကွက်အမှတ်–၁၃၅၄၊ မြေကွက်တည် နေရာအမှတ်–၁၃၅၄၊ ဇော်ဂျီ(၃)လမ်း၊ ၄၂ ရပ်ကွက်၊ ဒဂုံမြောက်(ဦးတင့်စိန် ISN–၂၁၅၁၀၁)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအား အမည် ပေါက် ဦးတင့်စိန်(ဖခင်)ကွယ်လွန်နှင့် ဒေါ်တင်မြ(မိခင်)တို့ အသီးသီး ကွယ် လွန်သဖြင့် ၎င်းမိဘများမှမွေးဖွား သည့်သားများဖြစ်ကြသည့် ဦးစိုးမိုး လွင် [၁၂/အစန(နိုင်)၁၂၃၇၁၆] နှင့် ဦးတင့်ဝေ [၁၂/အစန(နိုင်)၁၂၃၇၀၂] တို့မှ မိဘများတွင်မိမိတို့ညီအစ်ကို နှစ်ဦးတည်းသာ မွေးဖွားခဲ့ကြောင်း၊ အခြားမွေးချင်းများ၊ ကိတ္တိမသားသမီး များလည်း မွေးစားထားခဲ့ခြင်းမရှိပါ ကြောင်း၊ မိမိတို့မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့်အားလျော်စွာ မိဘများ ကွယ် လွန်ပြီးနောက် ၎င်းမြေကွက်နှင့်မြေ ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အား မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့ အရ မိမိတို့ညီအစ်ကိုနှစ်ဦးသာ အမွေ ဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျမ်းကျိန် လွှာ၊ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန် လွှာ(၂)စောင်၊ မိဘများ၏ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ် တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေ ကွက်အမှတ်(၁၀၆၇)၊ မြေကွက်တည် နေရာအမှတ်(၁၀၈၇)၊ ငွေစင်လမ်း (၄၄)ရပ်ကွက်၊ ဒဂုံမြောက်၊ ဒေါ်မြမြ ဝင်း [၁၂/ရကန(နိုင်)၀၂၆၂၄၁]အမည် ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန် မြေအား ဒေါ်မြမြဝင်း(ဇနီး)ဖြစ်သူ ကွယ်လွန်သဖြင့် ကျန်ရစ်သူ ဒေါက်တာ ထွန်းခင်(ခင်ပွန်း)ဖြစ်သူ [၈/မကန (နိုင်)၀၀၈၁၃၉၆]မှ ဂရန်၊ ဇနီးသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ မိမိနှင့်ဇနီးဖြစ်သူ မှာသက်ရှိထင်ရှားရှိစဉ်ကပင် အတူ တကွ နေထိုင်ခဲ့ပြီး ဇနီးကွယ်လွန် စဉ်မိမိမှပင် ကောင်းမွန်စွာသင်္ဂြိုဟ်ခဲ့ ကြောင်း၊ ဗုဒ္ဓဘာသာဝင်များဖြစ်သည့် အားလျော်စွာ မိမိဇနီးကွယ်လွန်ပြီး နောက် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံ စားခွင့်များအား မြန်မာဓလေ့ထုံးတမ်း စဉ်လာအရ အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ မိမိမှသာ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်း ကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်း ကျိန်လွှာ(၂)စောင်၊ နိုင်ကတ်တို့တင်ပြ ၍ ဒေါက်တာထွန်းခင်မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံ သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ သရက်တော(၄)လမ်း၊ အမှတ်(၇၆)၊ မြေတိုင်းရပ်ကွက်အမှတ်–(၂၆ F၅)၊ မြေကွက်အမှတ် (V ၁၁၈)ဟုခေါ်တွင်၍ ယခုဒေါ်စန်းအမည်ပေါက် (မူလဦးမြင့်ရွှေအမည်ပေါက်) (၁၉၉၂ ခုနှစ်၊ မြေငှားအမှတ်တွဲအမှတ်–ကမ–၂၃၇/၉၀ အရ) နှစ်(၆၀)မြေငှားဂရန် ရရှိထားသော မြေဧရိယာ (၀.၀၂၈)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (Hall Type) အကျယ်အဝန်း( ၂၅ပေx၄၉ပေ၈လက်မ) ရှိသော (၆)ထပ်တိုက်အဆောက်အဦမှ ပထမထပ်တိုက်ခန်းအပါအဝင် မြေအကျိုး ခံစားခွင့်အရပ်ရပ်တို့အား ဦးခိုင်ဇော်မိုး(ဘ)ဦးကျော်ဝေက အရောင်းအဝယ်ကတိ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားခဲ့ပါသည်။ ယင်းမြေကွက်နှင့် ပထမထပ် တိုက်ခန်းတို့အား အကျိုးခံစားခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဦးခိုင်ဇော်မိုးမှ မြေငှား ဂရန် တရားဝင်အမည်လွှဲပြောင်းနိုင်ရေးအတွက် ဆောင်ရွက်လျှောက်ထားမည် ဖြစ်၍ ကန့်ကွက်လိုသူ မည်သူမဆို ယခုကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန် တရားဝင် အမည် လွှဲပြောင်းနိုင်ရေးအတွက် ဆောင်ရွက်လျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းထွဋ်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၄၅၂၈/၂၀–၁၂–၂၀၀၅)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း–၀၉–၇၈၄၄၁၁၁၇၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဒေါ်သင်းသင်းရီ [၁၂/ဒဂတ (နိုင်) ၀၀၈၈၅၆] ၏ လွှဲအပ်ညွှန်ကြားချက် အရ –

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂)ရပ်ကွက်၊ မေမြို့လမ်း၊ မြေကွက်အမှတ် (၆၁) အကျယ်အဝန်း(၄၀ ပေx၆၀ ပေ)ရှိသော ဦးစိန်မောင် အမည်ပေါက် ပါမစ်မြေအမျိုးအစားနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ် (၄)လုံးတို့၏ အကျိုးခံစားခွင့်အရပ်ရပ် တို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပါသော ဒေါ်နွယ်နီစိုး [၇/အဖန(နိုင်) ၀၅၉၅၁၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကန့်ကွက်ကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်သည့်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါ က ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သီတာစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၈၂/၂၀၁၉)**
**အမှတ် (၆၀)၊ မြေညီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း–၀၉–၆၉၄၂၄၅၅၆၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ တိုက်အမှတ် (၁၃)၊ ၆လွှာ(ခ) ဟုခေါ်တွင်သော (အလျား ၂၅ပေ x အနံ ၅၀ပေ) ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက် အဆောက်အအုံ မှ ပဥ္စမထပ် (၆လွှာ) (B6) (အလျား ၁၂ ပေခွဲ x အနံ ၅၀ ပေ)တိုက်ခန်းရှိ ရေ၊ မီးအစုံနှင့် တိုက်ခန်းတွင် အခိုင်အမာတပ်ဆင်ပြီးသော ပစ္စည်းများနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဒေါ်ယုယုဝါ (ခ) ဒေါ်ဝင့်ဝါခိုင် [၇/ကဝန(နိုင်)၀၉၅၂၀၄]ထံမှ ကျွန်မ ဒေါ်ငြိမ်းပြည့်စုံ [၁၃/တကန(နိုင်)၂၁၈၂၂၂] က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ပြု လုပ်ခြင်းအား မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံ သော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက ဤပစ္စည်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဒေါ်ငြိမ်းပြည့်စုံ**
**[၁၃/တကန(နိုင်)၂၁၈၂၂၂]**
**အမှတ်–၆၄(၆လွှာ)၊ နှင်းဆီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**

## အိမ့်ဆုမေဇော် (ခ) မေဆုဇော် [၁၄/ဟသတ(နိုင်)၂၈၂၀၄၃]
## နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော မောင်တိုးဝင်းနှင့် မစုလဲ့ညိုတို့သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၆)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တွင် ထိမ်းမြားလက်ထပ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေများအား ဂုဏ်သိက္ခာ ထိခိုက်ကျဆင်း နစ်နာစေရန်ရည်ရွယ်ချက်ဖြင့် May Su Zaw Facebook အကောင့် အသုံးပြုသူမှ ကျွန်ုပ်မိတ်ဆွေ Su Lae Nyo Facebook အကောင့်မှ ခွင့်ပြုချက်မရှိဘဲ ဓာတ်ပုံများအားရယူပြီး လူမှုကွန်ရက်မှတစ်ဆင့် ညစ်ညမ်း (Website) များတွင် လိင်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာရေးသားပြောဆိုမှုများကို လည်းကောင်း၊ ခင်ပွန်း ဖြစ်သူ တိုးဝင်း၏ Facebook အမည်ဖြစ်သော Lucas Zell အမည်ကို Telegram တွင် Sex Page ထောင်ခြင်း၊ အဆိုပါ Page တွင် လိင်ပိုင်းဆိုင်ရာထိခိုက်နစ်နာ စေသောရေးသားပြောဆိုလုပ်ကိုင်မှုများ၊ ဥပဒေနှင့်မညီသော ငွေတု၊ ဆေးခြောက် ရောင်းဝယ်လုပ်ကိုင်ခြင်းတို့ကို လုပ်ကိုင်ပါကြောင်း၊ ရေးသား ပြောဆိုခြင်းများအပြင် ၎င်းမှ နေအိမ်လိပ်စာသိရှိသဖြင့် ဆေးပစ်ခိုင်းမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခြင်း များပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ကျွန်ုပ်တို့မိတ်ဆွေများ နေအိမ်သို့ မှာယူထားခြင်း မရှိသော လိင်အင်္ဂါပစ္စည်းတုများပေးပို့ခြင်းအစရှိသည်တို့အပြင် ကျွန်ုပ်မိတ်ဆွေ များပုံအား Photoshop ဖြင့် ပြုပြင်ကာ ကျွန်ုပ်၏မိတ်ဆွေများ ဓာတ်ပုံမဟုတ်ဘဲ ညစ်ညမ်း Website မှ လိင်ဖျော်ဖြေရေးပုံများကို ရယူကာ ကျွန်ုပ်မိတ်ဆွေ Facebook အကောင့်ထဲရှိ ဆွေမျိုးအပေါင်းအသင်းများထံ ပေးပို့ခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေများ အနေဖြင့် များစွာဂုဏ်သိက္ခာ ထိခိုက်ကျဆင်း နစ်နာခဲ့ရပါသည်။ သို့ပါ၍ အထက် ဖော်ပြပါအတိုင်း လုပ်ကိုင်ဆောင်ရွက်မှုများကို ကျွန်ုပ်မိတ်ဆွေများမှ မည်သည့် အခါကမှ ဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်းနှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သူ May Su Zaw Facebook အကောင့်ပိုင်ရှင်အား ဥပဒေကြောင်းအရ အရေးယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဇာထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၁၁၁)**
**အမှတ်–၁၇/၂၁၊ မြေညီထပ်၊ G.S Sharma House ၊ ၃၅–လမ်း (အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၆၈၁၇၄၄၄၃၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ်(၂၆၆)၊ မြေအကျယ်အဝန်း (အလျား ၃၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်ပေါ် တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ ကန်ထရိုက်တိုက် အဆောက်အဦ၏ ပဥ္စမထပ်၊ (၆)လွှာ(A)၊ (ခေါင်းရင်းဘက်ခြမ်း) တိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ယခုလက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဒေါ်ခင်ဖြိုးမေ [၁၂/မဂဒ(နိုင်)၁၄၂၇၈၈]မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြတ်သန္တာဇော် LL.B, D.IT**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၄၂)**
**အမှတ်(၁၂၀၂/ခ)၊ ဒေဝဒဟ(၃၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၅၀၄၁၂၂၊ ၀၉–၇၉၆၃၄၅၃၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉/B၊ မြေကွက်အမှတ်–၄၂၉၊ မြေကွက်တည်နေရာအမှတ်(၄၂၉)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၉/B)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ဦးရဲထွဋ်မှ BN.၀၀၅၈၆၈) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးရဲထွဋ်မှ(ဖခင်) နှင့် ဒေါ်သန်းမေ(မိခင်)တို့ ကွယ်လွန်သဖြင့် သားများဖြစ်သော (၁)ဦးကိုကိုနောင် [၁၂/သကတ(နိုင်) ၁၀၇၈၀၉]၊ (၂)ဦးအောင်သန်းထွဋ်မှ[၁၂/သကတ(နိုင်) ၁၀၇၈၀၈] တို့မှ ၎င်းတို့ညီအစ်ကို(၂)ဦးတည်းကိုသာမွေးဖွားခဲ့ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြား သော မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမ သား/သမီးမွေးစား ထားခြင်းလည်းမရှိပါကြောင်း၊ ၎င်းတို့(၂)ဦးသာ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါ ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်)ဦးရဲထွဋ်မှ၏ သေဆုံးမှုလက်မှတ်၊ (မိခင်)ဒေါ်သန်းမေ၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ်(၂၀၄)ရှိ The Leaf Residence ၊ Tower–B (4th Floor) ရှိ ဧရိယာ (၁၁၄၁ စတုရန်းပေ)အကျယ်အဝန်းရှိသည့် အခန်းအမှတ် (B– 402) နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ်(၇၇)နေ ဦးဝင်း သူရ [၁၂/အစန(နိုင်)၁၆၉၄၈၀]၊ ဒေါ်ထက်ထက်ထွန်း [၁၂/ဒဂမ(နိုင်)၀၁၁၉၁၀] နှင့် ဒေါ်ဥမ္မာဦး [၁၂/အစန(နိုင်)၁၆၉၄၇၉]တို့က လက်ရှိထားပိုင်ဆိုင်လျက် စီမံခန့်ခွဲ ခွင့်နှင့်လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ များက စရန်ငွေတစ်စိတ်တစ်ဒေသကို ရောင်းချသူများဖြစ်ကြသည့် ဦးဝင်းသူရ၊ ဒေါ်ထက်ထက်ထွန်းနှင့် ဒေါ်ဥမ္မာဦး တို့ထံသို့ ပေးချေထားပြီးပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်း နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းလင်းနိုင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ် – ၂၆၄၅၄)**
**အမှတ် (၉၆)၊ ၅ လမ်း (အထက်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၅၀၀၉၀၇**

## "ကိုဖြိုးကျော်သူနှင့် အများသိစေရန်"

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ သီတာလမ်း၊ အိမ်အမှတ် (၁၆/၂၉၇) တွင်နေထိုင်သူ ကျွန်မ မခင်ကျော့ကေခိုင် (ဘ) ဦးငွေအေး [၁/တနန(နိုင်) ၀၁၈၅၉၅]နှင့် မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ အမှတ်–၄၂၇ နေ ကိုဖြိုးကျော်သူ (ဘ) ဦးမြင့်ဝေ [၁/မကန(နိုင်)၁၉၇၀၁၀] တို့သည် မေတ္တာမျှ ကြပြီး ကျွန်မတို့နှစ်ဦး၏ လွတ်လပ်သော သဘောဆန္ဒဖြင့် နှစ်ဖက်သက်သေ များနှင့်အတူ မြစ်ကြီးနားမြို့နယ် တရားရုံးတော်၏ တရားသူကြီးရှေ့မှောက် တွင် (၁၄–၁၀–၂၀၂၂) ရက်နေ့၌ မှတ်ပုံတင်အမှတ်စဉ် (၉၅/၂၀၂၂)ဖြင့် လက်ထပ်ထိမ်းမြားခြင်းစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အထက် အမည်ပါ ကိုဖြိုးကျော်သူသည် ယနေ့တိုင် ကျွန်မ မခင်ကျော့ကေခိုင်၏ တရားဝင်ခင်ပွန်းဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မခင်ကျော့ကေခိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂/ ဗိုလ်ရန်ပြေ ၊ မြေကွက်အမှတ်– ၉၅၆ ၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်–၉၅၆၊ မင်းရဲကျော်စွာ လမ်း၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဒလမြို့နယ်၊ ဒေါ်စိန်မြင့် (Q/RGN–၀၀၀၁၁၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်မြင့်(အစ်မ)သည် ကိတ္တိမ သားသမီးများ မွေးစားထားခဲ့ခြင်းမရှိဘဲ အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး ဒေါ်စိန်မြင့်တွင် မောင်နှမ(၃)ဦးရှိသည့်အနက် ညီမဖြစ်သူ ဒေါ်မာမာကြည်သည် လည်း ဒေါ်စိန်မြင့်ထက် အရင်ကွယ်လွန်ကြောင်းတင်ပြ၍ ဒေါ်စိန်မြင့်၏ တရားဝင် အမွေဆက်ခံသူ တစ်ဦးတည်းမောင်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေဆုံးမှု လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန် မူရင်းတို့တင်ပြ၍ ဦးမောင်မောင်အေး [၁၂/ဒလန(နိုင်)၀၂၅၇၆၇]မှ ပိုင်ဆိုင် ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မဥ္ဇူလမ်း၊ အမှတ်(၁၁-အေ)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၅)ထပ်တိုက်အဆောက်အဦမှ အကျယ်အဝန်း (၁၄' x ၃၅')ရှိ မြေညီထပ်(တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား **ဦးမိုးအောင် [၁၂/ပဇတ(နိုင်)၀၀၇၂၅၃]၊ ဦးမိုးဇော် [၁၂/ပဇတ(နိုင်)၀၁၀၈၃၈]၊ ဦးမိုးကျော် [၁၂/ပဇတ(နိုင်)၀၁၁၀၈၄]နှင့် ဦးမိုးမြင့် [၁၂/ပဇတ(နိုင်)၀၀၇၃၇၅]** တို့က တရားဝင် ပိုင်ဆိုင်လျက်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်တားမြစ်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေအောင် (တရားလွှတ်တော်ရှေ့နေ)စဉ်-၉၉၁၇**
**LL.B, D.B.L, D.M.L, D.I.L (W.I.P.O – Switzerland)**
**တိုက်အမှတ်(၂၀)၊ အခန်း(၂၀၁)၊ ပုလဲမွန်အိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၇၉၁၇၂၂၆၁၇၊ ၀၉-၄၄၈၀၂၅၈၃၇**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၉)ရပ်ကွက်၊ (၃၁)လမ်း၊ အမှတ်(၆၃)ဟု ခေါ်တွင်သော အကျယ်(၁၂ပေခွဲx၄၀ပေ)ရှိ မြေညီထပ်(ယာ) နေအိမ်တိုက်ခန်း၊ ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွယ်နီတင် [၁၂/ပဘတ(နိုင်)၀၀၄၈၉၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**"ဝယ်သူ၏လွှဲအပ်ချက်အရ"**
**"တရားလွှတ်တော်ရှေ့နေများ"**
**ဦးအောင်နိုင်ထူး (စဉ်-၁၃၅၇၅)** **ဦးကျော်စွာမြင့် (စဉ်-၁၃၂၈၂)**
**LL.B., WIPO (Switzerland)** **LL.B., D.B.L, D.I.L**
**အမှတ်(၈၃)၊ ပထမထပ်၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-385205,09-420088970**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၄)လမ်း၊ မြေကွက်အမှတ် (၄၁၉/က)၊(၄၁/ခ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၊ တိုက်ခန်းများထဲမှ (၄)လွှာ(ခြေရင်းဘက်အခြမ်း)၊ အကျယ်(၁၃x၅၄)ပေ ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေသူလွင် [၁၂/သကတ(နိုင်)၁၆၅၆၄၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"ဝယ်သူ၏လွှဲအပ်ချက်အရ"**
**"တရားလွှတ်တော်ရှေ့နေများ"**
**ဦးအောင်နိုင်ထူး (စဉ်-၁၃၅၇၅)** **ဦးကျော်စွာမြင့် (စဉ်-၁၃၂၈၂)**
**LL.B., WIPO (Switzerland)** **LL.B., D.B.L, D.I.L**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-385205,09-420088970**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၁၊ မြေကွက်အမှတ်-၁၃၅၊ အကျယ်အဝန်း (အလျား ၄၀ပေxအနံ၆၀ပေ)ရှိသည့် ဒေါ်ခင်အေးကြည် (A/RGN-၀၀၆၁၁၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး ယခုလက်ဝယ်ရှိပိုင်ဆိုင်သူ ဦးသန်းထိုက် [၁၀/ကမရ(နိုင်)၀၅၈၃၆၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်မွန် (LL.B, LL.M, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၄၀၁၃)**
**အမှတ်(၅၅၇/၅၆၇)၊ အခန်း(၉၀၂)၊ ၉-လွှာ၊ MAC Tower, မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-795492660**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ တရနာကျေးရွာ၊ မန်ကျည်းစုရပ်ကွက်နေ နိုင်လှအောင် [၁၀/ကမရ(နိုင်)၀၁၄၁၉၆]နှင့် မိမေရီမြင့် [၁၀/ကမရ(နိုင်)၀၁၄၂၃၁]တို့၏ သားဖြစ်သူ မင်းအမ်စောနွန် [၁၀/ကမရ(နိုင်)၀၈၅၅၆၃]သည် မိသားစုကို အကြိမ်များစွာ စိတ်ဒုက္ခရောက်အောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(ဖခင်) နိုင်လှအောင်**
**(မိခင်) မိမေရီမြင့်**

## အမည်မှန်

(ဘ)ဦးစိုးနိုင်ထူး၏ သား ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်မှ မောင်မျိုးနိုင်ထွန်း၏ အမည်မှန်မှာ မောင်စည်သူနိုင် ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ည၊ မြေကွက်အမှတ်-၆၈၆၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၆၈၆)၊ ရော(၁၂)လမ်း၊ (ည)ရပ်ကွက်၊ ဦးတင်အေး [၁၂/ဥကမ(နိုင်)၀၅၇၂၁၉] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးတင်အေး(ခင်ပွန်း)သည် (၂၄-၃-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ခင်ညို[၁၂/ဥကမ(နိုင်)၀၅၇၂၂၁]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၇၄၄/၂၀၂၃/၄-၈-၂၀၂၃၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ဘီ)၊ မြေကွက်အမှတ်(၃၉)၊ မြေကွက်တည်နေရာအမှတ်(၃၉)၊ မဟာဗန္ဓုလလမ်း၊ (၃၉/ဘီ)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးလှမိုး [၁၂/ဗဟန(နိုင်)၀၃၈၇၀၅]၊ ဒေါ်မြသီတာ [၁၂/ဗဟန(နိုင်)၀၅၀၇၃၃] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးလှမိုးနှင့် ဒေါ်မြသီတာတို့ဖြစ်ပြီး အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်မြသီတာ (ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဦးလှမိုး(ခင်ပွန်း) [၁၂/ဗဟန(နိုင်)၀၃၈၇၀၅]မှရရန်၊ ဇနီး သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ကွယ်လွန်သူ ဇနီးဖြစ်သူတွင် မိမိတစ်ဦးသာ တရားဝင် ခင်ပွန်းအဖြစ်ရှိပြီး သက်ရှိထင်ရှားရှိစဉ် မိမိနှင့်အတူတကွ နေထိုင်ပြီး ကွယ်လွန်စဉ်ကလည်း ကောင်းမွန်စွာသဂြိုဟ်ခဲ့ကြောင်း မိမိတို့မှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေအရ မိမိသာအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နိုင်ကတ်တို့တင်ပြပြီး ဦးလှမိုးမှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/မြို့မအနောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ရှိ မြေကွက်အမှတ် (ပ-၃၀၅၄၅)ကို အမည်ပေါက် ဒေါ်မြမြမိုး (ဘ) ဦးလှသိန်း [၁၂/ဥကမ(နိုင်)၁၅၃၈၅၂]၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်ဆုရတနာ(ဘ)ဦးအောင်ကျော်ထူး [၁၃/ကတန(နိုင်)၁၆၃၉၅၉]မှ ဦးအောင်ဘိုဘို(ဘ)ဦးရဲစိန် [၁၀/ကမရ(နိုင်)၀၈၀၂၈၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၆၆၁/၂၀၂၂(၁၆-၂-၂၀၂၂)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်သင်းသင်းအိ[၁၂/သလန(နိုင်)၀၈၉၄၂၇] ကိုင်ဆောင်သူနှင့် ဦးတင်အောင်အောင်ဦး [၁၂/သခန(နိုင်)၀၃၈၂၁၇] ကိုင်ဆောင်သူတို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါ၍ ၆-၁၁-၂၀၂၃ရက်တွင် သန်လျင်မြို့ တရားရုံး၌ နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး သက်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်အကြောင်းကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းအိ**

## "အများသိစေရန် အသိပေးကြေညာခြင်း"

**"ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅ဒီ-၁)၊ လူနေရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(V-66)၊ အကျယ်အဝန်း(အလျား၂၅ပေ x အနံ ၅၀ပေ)ရှိ မြေပိုင်မြေအမျိုးအစားမြေကွက် (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ ပန်းဘဲတန်းမြို့နယ်၊ (၉)ရပ်ကွက်၊ (၃၂)လမ်း၊ အိမ်အမှတ်(၄၉)ဟု ခေါ်တွင်သည့် မြေနှင့်မြေပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"** ကို အမည်ပေါက်ပိုင်ရှင် ဦးမောင်ကို (ကွယ်လွန်) (စီစီ-၀၄၈၁၇၉)၏ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါ်မေမေအေး [၁၂/ပဘတ(နိုင်)၀၀၄၃၇၃]၊ ဦးခင်မောင်ဝင်း[၁၂/ပဘတ(နိုင်)၀၀၆၁၅၉]၊ ဒေါ်ခင်စိုးလှိုင် [၁၂/ပဘတ(နိုင်)၀၀၆၁၅၄]၊ ဒေါ်တင်သန်းဌေး(ခ) ဒေါ်စိန်သန်းဌေး[၁၂/ပဘတ(နိုင်)၀၂၈၅၈၇]တို့(၄)ဦးမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်( ၄၀၁၁/၂၀၁၇ (၁၄-၁၂-၂၀၁၇)အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအား အရောင်းအဝယ်ပြုလုပ်ရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း ဝယ်ယူရန်အတွက် သဘောတူညီပြီး "(၉-၁၁-၂၀၂၃)နေ့စွဲပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ စရန်ငွေပေးကတိစာချုပ်"ကို ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်သော မြေနှင့်အဆောက်အဦ၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း/စာရွက်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်ကာယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးသီတာမော် (LL.B, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ ) ( စဉ်-၈၄၂၉/၁၂ )**
**အမှတ်( ၉၉/၁၀၁ )၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊ ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဇ)၊ မြေကွက်အမှတ်(၁၄/ခ)၊ ၁၂၀၀-စပေ၊ မြေကွက်တည်နေရာအမှတ်(၁၄/ခ)၊ ခေမာသီလမ်း၊ (ဇ)ရပ်ကွက်၊ ဒေါ်ဖွားတင် (CF-062265)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်ဖွားတင်(မိခင်)သည် ၁၄-၉-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ ဦးတင်လှ(ဖခင်) သည် ၂၅-၁-၂၀၀၆ ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန် ခဲ့သဖြင့် ဦးတိုက်ကင်း [၁၂/ဥကမ(နိုင်)၁၁၀၉၆၀]၊ ဦးအေးမောင်[၁၂/ဥကမ(နိုင်)၁၃၀၁၃၂]၊ ဒေါ်မြင့်မြင့်အေး[၁၂/ဥကမ(နိုင်)၀၅၈၀၆၃]၊ ဒေါ်ဝင်းဝင်းအေး [၁၂/ဥကမ(နိုင်)၁၃၉၆၄၅]၊ ဦးမျိုးမင်း [၁၂/ဥကမ(နိုင်)၁၅၃၂၅၃]၊ ဦးသန့်ဇင်ထွေး[၁၂/ဥကမ(နိုင်)၀၁၈၂၁၁]၊ ဦးကျော်မင်းဦး[၁၂/ဥကမ(နိုင်)၁၅၃၂၈၅]၊ ဦးသိန်းမင်းထွန်း [၁၂/ဥကမ(နိုင်)၂၉၁၉၄၆] တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား၊ သမီးများတော်စပ်ကြောင်း၊ မိမိတို့ (၈)ဦးမှလွဲ၍ အခြားအမွေစားအမွေခံ ကိတ္တိမသား၊ သမီးများမရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၇၉၆/၂၀၂၃ (၈-၉-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ ဂရန်မူရင်း၊ ၁၉၉၉ခုနှစ်တွင် မိဘများမှဘဏ်ချေးမြေပုံကူးလျှောက်ထားခဲ့ပြီး ယခုအခါ ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ရှာဖွေကြည့်သော်လည်း ရှာဖွေမတွေ့ရှိဘဲပျောက်ဆုံးနေပြီး၊ မိမိတို့လက်ဝယ်တွင် မရှိသည်မှာ မှန်ကန်ပါကြောင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ပေါင်နှံထားခြင်း မရှိပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက မိမိတို့က တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်၊ ၁၇၉၇/၂၀၂၃(၈-၉-၂၀၂၃)တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒု-ရုံးအဖွဲ့မှူး(လုပ်ငန်း) ရာထူးနေရာ ခေါ်ယူခြင်း

သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ဒု-ရုံးအဖွဲ့မှူး (လုပ်ငန်း)ရာထူးနေရာ လစ်လပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ (၃၀-၁၁-၂၀၂၃)ရက် နောက်ဆုံးထားပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

**လိုအပ်သောအရည်အချင်းများ**

(၁) ဗုဒ္ဓဘာသာဝင်အမျိုးသားဖြစ်ပြီး အသက်(၅၅)နှစ်မှ (၆၅)နှစ်အတွင်း ရှိသူဖြစ်ရမည်။
(၂) အနည်းဆုံး ဘွဲ့တစ်ခုခုရရှိပြီး ဖြစ်နိုင်ပါက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားဖြစ်ရမည်။
(၃) ဘာသာရေးလုပ်ငန်းများကို စိတ်ဝင်စားပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(၄) ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မှ နုတ်ထွက်ခဲ့သူ၊ ထုတ်ပယ်ခဲ့သူ ဝန်ဝမ်းဟောင်းများ လျှောက်ထားခွင့်မပြုပါ။
(၅) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ စာရွက်စာတမ်းများ တင်ပြနိုင်ရမည်။

**ဂေါပကအဖွဲ့ရုံး**
**ကျိုက္ကစံ ဆံတော်ရှင်စေတီတော်**
**ဂေါပကအဖွဲ့ရုံးဖုန်း-၀၉-၄၄၆၈၉၀၀၁၉**

## "ကန့်ကွက်နိုင်ရန်နှင့်အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ စုပေါင်းပိုင်အဆောက်အအုံတိုက်(၄၃)၊ အခန်း(၄၀၁)၊ လေးခန်းတွဲ ငါးထပ်တိုက်(စတုတ္ထထပ်) ဦးသူရ(ခ) ဦးအဲလ်ဘတ်စိန်ဝင်း [၁၂/ဗဟန(နိုင်)၀၅၅၅၈၁] အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် စပ်ဆိုင်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ခင်ညွှန့်ညွှန့်ရီ[၈/ရနခ(နိုင်)၀၂၆၂၁၇] မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သူဇာဆက်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၇၂)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၆၅၅၀၈၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်(၁၃)နယ်မြေ၊ ဦးပိုင်အမှတ် (N/၃၂)၊ ကွင်းအမှတ်(၆၇၂/A)၊ ကွင်းအမည် ကျောင်းကုန်းမြောက်၊ အမှတ်(၉)၊ ဧရိယာ(၀.၉၈)ဧကရှိသည့်အနက်မှ (၄၀ပေx၆၀ပေ)ရှိ မြေကွက်အား စာချုပ် အဆက်ဆက်ဖြင့် လက်ရှိထားဝယ်ယူပိုင်ဆိုင်ထားသူ ဦးအန်ဂဲဆာမိ [၁၂/သလန(ပြု)၀၀၄၀၀၀]မှ ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ များဖြစ်ကြသော ဦးလှနိုင် [၁၂/အစန(နိုင်)၀၆၄၉၄၇]နှင့် ဒေါ်ခင်အိအိရှိန် [၁၂/သကတ(နိုင်)၁၃၂၈၈၈] မှ အဆိုပါမြေကွက်အား အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးလှနိုင်နှင့် ဒေါ်ခင်အိအိရှိန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမို့မို့အောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၃၉၀/၁၀) (၂၄-၉-၂၀၁၀)**
**တိုက်(၂၈၇)၊ အခန်း(၄)၊ ကျောင်းလမ်း၊ ၂၅-ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း -၀၉-၄၂၅၃၁၁၇၁၂၊ ၀၉-၄၄၇၆၅၈၇၀၃**

တရားမပုံစံအမှတ် ၁၄၁

### အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
### ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃ )
### ကျောက်တံတားခရိုင်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၉၈

ကွယ်လွန်သူ ဒေါ်အေးသိန်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း။

ဒေါ်လှသူဇာကျော် -------------- လျှောက်ထားသူ။

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၆၇)၊ မြေညီထပ် (ဘီ)နေ ဒေါ်လှသူဇာကျော်က ကွယ်လွန်သူ ဒေါ်အေးသိန်း၏ **သမီးအရင်း**ဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၆၇)၊ မြေညီထပ် (ဘီ)နေ ၎င်းကွယ်လွန်သူ ဒေါ်အေးသိန်းမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်အေးသိန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်လှသူဇာကျော်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန့်စင်ငြိမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ကျောက်တံတားခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်မည့် အခြေခံပညာဦးစီးဌာန အောက်ရှိအခြေခံပညာကျောင်းများမှ မူလတန်းဆင့် ကျောင်းသားကျောင်းသူများ အတွက် ကျောင်းဝတ်စုံ(အဖြူအစိမ်း)များ ဝယ်ယူမည်ဖြစ်ပါသဖြင့် သတ်မှတ် ချက်များနှင့် ညီညွတ်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | (၁၀-၁၁-၂၀၂၃)ရက်မှ(၂၃-၁၁-၂၀၂၃)ရက်ထိ (ရုံးချိန်အတွင်း) |
| တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် | (၂၃-၁၁-၂၀၂၃)ရက်နေ့ ညနေ(၄:၃၀)နာရီ |
| တင်ဒါတင်သွင်းရမည့် နေရာ | ဘဏ္ဍာဌာန၊ အခြေခံပညာဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် (၀၆၇-၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၈/က၊ မြေကွက်အမှတ် (၁၀၈)၊ မြေကွက်တည်နေရာအမှတ် (၁၀၈)၊ သရဖီလမ်း၊ ၁၈/က-ရပ်ကွက်၊ ဒဂုံတောင်၊ ဦးဉာဏ်လင်း [၁၂/သကတ(နိုင်)၀၈၃၈၆၅] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးဉာဏ်လင်း [၁၂/သကတ(နိုင်)၀၈၃၈၆၅]မှ နှစ်(၆၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၀၄ ခုနှစ် ဘဏ်ချေးမြေပုံ လျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ အဆိုပါ ဘဏ်ချေးမြေပုံမှာ မိမိ၏လက်ဝယ်တွင် အထားအသို မှားယွင်း၍ ပျောက်ဆုံးသွားခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အခြား မည်သည့်ဘဏ်တွင်မှ ငွေချေးထားခြင်းမရှိပါကြောင်း၊ ဘဏ်ချေးမြေပုံပျောက်ဆုံး သွားသည်မှာ မှန်ကန်ပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက် လာပါက မိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၅၃၇/၂၀၂၃(၁၇-၁၀-၂၀၂၃)ဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ(၁)စောင် တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ဒေါ်ခင်မာဦး [၁၂/မဂတ (နိုင်) ၀၅၄၅၆၆] နှင့် အများသိစေရန် ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပဒေသာမြို့သစ်၊ ခွာညိုလမ်းသွယ် (၄)၊ ရပ်ကွက်ကြီး (၁၀)၊ အမှတ် (၁၀၈)နေ ကျွန်ုပ် မိတ်ဆွေ ဦးဇော်သိန်းထူး (ဘ) ဦးသိန်းလွင် [၁၀/မလမ(နိုင်)၁၃၇၇၄၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

အထက်ပါနေရပ်လိပ်စာတွင်နေထိုင်သူ ကျွန်ုပ်မိတ်ဆွေ ဦးဇော် သိန်းထူးနှင့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၆၅) မြေညီထပ်နေ ဒေါ်ခင်မာဦးတို့သည် (၂၀၀၀) ပြည့်နှစ်မှစ၍ အစ္စလာမ်ဓမ္မသတ်အရ နီကာလ်စာချုပ်ချုပ်ဆို၍ ထိမ်းမြားလက်ထပ်ခဲ့ပြီး သမီး (၂)ဦး ထွန်းကားခဲ့ပါသည်။

ဦးဇော်သိန်းထူးမှ ဒေါ်ခင်မာဦးထံသို့ အစ္စလာမ်ဓမ္မသတ်အရ သုံးတွလာဘ်ပေးကြောင်း (၂၅-၁၀-၂၀၂၃)ရက်နေ့တွင် အကြောင်း ကြားစာ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ဒေါ်ခင်မာဦးမှလည်း သုံးတွလာဘ်ပေး ခြင်းကို လက်ခံပြီးဖြစ်၍ ကိုဇော်သိန်းထူးနှင့် ဒေါ်ခင်မာဦးတို့သည် လင်ခန်းမယားခန်း ပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ မဟာရ်ကြွေးကျန်ရွေ (၃)ကျပ်သားနှင့် အစ်ဒတ်ကာလ (၃)လစာ (၉)သိန်းကျပ်အား (၇)ရက် အတွင်း မည်သည့်နေ့ရက်၊ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် လက်ခံရယူမည်ကို အကြောင်းပြန်ကြားပေးရန်လည်း ပေးပို့ခဲ့သည့် အကြောင်းကြားစာ၌ ပါရှိပြီးဖြစ်ပါသည်။

သို့ရာတွင် မဟာရ်ကြွေးကျန်ရွေ (၃)ကျပ်သားနှင့် အစ်ဒတ်ကာလ (၃)လစာ (၉)သိန်းကျပ်အား လာရောက်ယူဆောင်ခြင်းမရှိသေးသည့် အတွက် ဦးဇော်သိန်းထူးထံတွင် နေ့ရက်၊ အချိန်၊ နေရာမရွေး ဒေါ်ခင်မာဦး ကိုယ်တိုင် လာရောက်ယူနိုင်ကြောင်းနှင့် ဒေါ်ခင်မာဦးအား အစ္စလာမ် ဓမ္မသတ်အရ သုံးတွလာဘ်ပေးသည်မှာ ပြီးမြောက်ပြီး လင်မယားခန်း ပြတ်စဲပြီးဖြစ်သည့်အတွက် ဒေါ်ခင်မာဦးနှင့် ဦးဇော်သိန်းထူးသည် မည်သို့မျှစပ်ဆိုင်မှုမရှိတော့ကြောင်း ဒေါ်ခင်မာဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ ထို့ပြင် သမီး (၂)ဦးအား အစ္စလာမ်ဓမ္မသတ်အရ ဦးဇော်သိန်းထူးမှ ၎င်းထံတွင် ခေါ်ယူ၍ ထိန်းသိမ်းစောင့်ရှောက်မည်ဖြစ် ကြောင်းလည်း ဒေါ်ခင်မာဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်မို့မို့ဝင်း (LL.B)** | **ဒေါ်ခင်ယုမွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၃၈၈၂)** | **(စဉ်-၁၅၀၀၈)** |

**အခန်း(၃)၊ မရမ်းကုန်းမြို့နယ်တရားရုံးရှေ့၊ နဂါးရုံဘုရားလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၀၈၁၈၄၉၊ ၀၉-၇၉၅၅၀၂၃၁၅**

## မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အိတ်ပိတ်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရှင်စောပုရပ်ကွက် (၂)၊ ထုံးဖိုပိုင်းရှိ ငါးကန်အဖြစ် အသုံးပြုနေသော မြေ (၀.၉၄)ကေ၊ စပါးငါးကန်အဖြစ် အသုံးပြုနေသော မြေ(၃.၅၆)ကေနှင့် မြေ (၁.၆၄)ကေ၊ စုစုပေါင်း (၆.၁၄)ကေအား အောက်ပါအစီအစဉ်အတိုင်း အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ၁။ | လေလံလျှောက်လွှာ ရောင်းချမည့်နေ့ရက် | - (၁၁-၁၁-၂၀၂၃)မှ (၁၇-၁၁-၂၀၂၃) ထိ |
| ၂။ | လေလံလျှောက်လွှာ ပိတ်သိမ်းမည့်နေ့ရက် | - ၁၇-၁၁-၂၀၂၃၊ သောကြာနေ့၊ ညနေ(၄)နာရီ |
| ၃။ | လေလံတင် ရောင်းချမည့်နေ့ | - (၂၀-၁၁-၂၀၂၃)ရက်နေ့ (၁၀:၀၀)နာရီ |
| ၄။ | လေလံတင် ရောင်းချမည့်နေရာ | - ကျိုက်မရောမြို့နယ် သမဝါယမ အသင်းစုရုံးခန်းမ |

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား မေးမြန်းစုံစမ်းနိုင်ပါသည်-

**ကျိုက်မရောမြို့နယ်သမဝါယမအသင်းစု**
**ဖုန်း- ၀၉- ၂၅၅၈၁၅၇၁၇၊ ၀၉-၄၂၇၇၂၀၅၀၈**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိန်မြင့် [၁၂/သကတ(နိုင်)၁၀၂၆၀၅] လက်ဝယ်ထားပိုင်ဆိုင်သော အိမ်အမှတ် (၄၆-က)၊ ဇမ္ဗူသီရိအနောက် (၂)လမ်း၊ (၆/အနောက်)၊ သာကေတမြို့နယ်ရှိ (၂၀x၆၀)ပေ (ဧရိယာ စတုရန်းပေ ၁၂၀၀) အကျယ်အဝန်းရှိမြေကွက်ပေါ်တွင် (၅)ထပ်တိုက်သစ် တစ်လုံး ဆောက်လုပ်ရန် (၂၁-၃-၂၀၁၄)ရက်စွဲပါ စာချုပ်ဖြင့် ကန်ထရိုက်တာ ဦးမျိုးမင်းသူ [၁၂/တမန(နိုင်)၀၀၄၁၈၅]Dy. Managing Director Phoe Shwe La Co.Ltd ဆိုသူနှင့် နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုပြီး အဆိုပါမြေကွက်ပေါ်တွင် (၅)ထပ်တိုက်ကို ဦးမျိုးမင်းသူမှ ဆောက်လုပ်ပေးခဲ့ရာ ကန်ထရိုက်တာဘက်မှ (၈၀)ရာခိုင်နှုန်းသာ ဆောက်လုပ်ပြီးစီးခဲ့ပြီးနောက် ဆောက်လုပ်မှု (၂၀)ရာခိုင်နှုန်း ကျန်သေး သည့်အပေါ် ဆက်လက်ဆောင်ရွက်ပေးခြင်းမရှိဘဲ ပျက်ကွက်ခဲ့သဖြင့် မြေရှင်မှ ၂၀၁၆ ခုနှစ်တွင် ကန်ထရိုက်တာပိုင်အခန်းများနှင့် ပတ်သက်၍ နစ်နာဆုံးရှုံးခဲ့ပြီဖြစ်ကြောင်းနှင့် ကန်ထရိုက်တာအနေဖြင့် (၅)ထပ် တိုက်အား ပြီးစီးအောင် ဆက်လက်ဆောင်ရွက်မပေးသဖြင့် ကန်ထရိုက်တာ ရရှိမည့်အခန်းများသည်လည်း စာချုပ်ပါအတိုင်း ဆုံးရှုံးခဲ့ပြီးဖြစ်ပါ ကြောင်း ကန်ထရိုက်တာနှင့် ပတ်သက်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်၊

**ဒေါ်စိန်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၂၆၇/၂၀၁၂)**
**အမှတ်(၂၇၆)၊ ရန်ကင်းလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း- ၀၉-၂၅၄၀၉၉၂၈၉၊ ၀၉-၉၇၂၂၅၂၂၉၀**

## (၂၆-၉-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၀)ပါ ဒေါ်ခင်ငြိမ်းချမ်းကို[၉/ခမစ(နိုင်)၀၁၉၆၇၈] ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ကြောင်း အများသိစေရန်နှင့် သတိပေးတားမြစ်ချက်ခေါင်းစဉ်ဖြင့် တရားလွှတ်တော်ရှေ့နေ ဦးဇင်လင်းအောင်(စဉ်-၁၁၇၄၄)၏ ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ မြိုင်ဟေဝန် ဥယျာဉ်အိမ်ရာ၊ (၈)ခန်းတွဲ၊ (၆)ထပ်တိုက်၊ တိုက်အမှတ် (၃)၊ အခန်းအမှတ် (၅၀၄)၊ ပဉ္စမထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မေသဇင်မောင် [၁၂/မရက(နိုင်) ၁၅၃၉၆၆]နှင့် ၎င်း၏ခင်ပွန်း ဦးခိုင်မြဲကိုကို တို့အား ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ မင်္ဂလာလက်ဖွဲ့အဖြစ် အပြီးအပိုင်လွှဲပြောင်းပေးအပ်ထား သည့် တိုက်ခန်းဖြစ်ပါသည်။ ယင်းတိုက်ခန်းတွင် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မေသဇင်မောင်နှင့် ဦးခိုင်မြဲကိုကို တို့မှ မင်္ဂလာလက်ဖွဲ့အဖြစ် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများနှင့်တကွ ရရှိခဲ့မှုအရ လင်မယားနှစ်ဦး လက်ရှိထား နေထိုင်ပိုင်ဆိုင်ခဲ့ခြင်းသာဖြစ်ပါသည်။ ဒေါ်ခင်ငြိမ်းချမ်းကိုမှ အခမဲ့နေထိုင်ခွင့် ပေးထားသည့်တိုက်ခန်း လုံးဝမဟုတ်သလို ဒေါ်ခင်ငြိမ်းချမ်းကို ပိုင်ဆိုင်သည့် တိုက်ခန်းလည်း လုံးဝမဟုတ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်မာထွန်း(LL.B,D.B.L)** | **ဦးထွန်းလင်းကျော်(LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၀၇၃)** | **(စဉ်-၁၃၀၁၅)** |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉-၄၄၈၀၀၈၇၁၆**


Myanmar Citizens Bank


## မြန်မာနိုင်ငံသားများဘဏ်လီမိတက် အစုရှယ်ယာရှင်များသို့ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများကို အတည်ပြုရန်၊ ဒါရိုက်တာများ ရွေးချယ်တင်မြှောက်ရန်တို့အတွက် (၃၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို Online အသုံးပြု၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအား Zoom Meeting ဖြင့် တက်ရောက် နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက် (စနေနေ့) |
| ကျင်းပမည့် အချိန် | - | မွန်းလွဲ (၁၅:၀၀) နာရီ မှ (၁၇:၃၀) နာရီ အထိ |
| ကျင်းပမည့် ပုံစံ | - | Zoom Online Meeting |

မှတ်ချက် - အစုရှယ်ယာရှင်များထံ အစည်းအဝေးတက်ရောက်ရမည့် Zoom Webinar Link အား SMS ဖြင့် ပေးပို့အကြောင်းကြားရမည်ဖြစ်ရာ အစုရှယ်ယာရှင်များ၏ ဘဏ်နှင့် Securities Companies များ၌ ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ရာတွင်ဖော်ပြထားသည့် နေရပ်လိပ်စာနှင့် Mobile ဖုန်းနံပါတ်များမှန်ကန်ရန် လိုအပ်ပါသည်။

- သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များအနေဖြင့် ဘဏ်မှပေးပို့သည့် ဖိတ်ကြားလွှာ ရောက်ရှိချိန်၌ ဖိတ်စာပေါ်တွင် ဖော်ပြထားသည့်ဘဏ်၌ မှတ်တမ်းတင် ထားသော အစုရှယ်ယာရှင်၏ Mobile ဖုန်းနံပါတ်အား မှန်/မမှန် စစ်ဆေးပေးပါရန်နှင့် Mobile ဖုန်းနံပါတ်ပေးထားခြင်း မရှိပါက (သို့မဟုတ်) ကွဲလွဲနေပါက မိမိတို့၏ Mobile ဖုန်းနံပါတ် အမှန်များအား 09-974039934 ထံသို့ ၅-၁၂-၂၀၂၃ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံး ထား၍ Message ပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၃၀/သုဝဏ္ဏ(လှသုံးကုန်)၊ သုခိတာလမ်း၊ မြေကွက်အမှတ်(၂၃)၊ မြေအကျယ်အဝန်းဧရိယာ(၀.၁၃၃)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်အိအိတင်ဇာမော် (၁၂/တမန(နိုင်)၀၈၇၆၄၂)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိ သူဖြစ်ကြောင်း ဝန်ခံကတိပြု၍ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်း လာရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော် ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါကြောင်း နှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ် -၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ် -၅၃၃၄၄) |

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ (၆၁) ရပ်ကွက်၊ ရောဝဏ်လမ်း၊ ရောချမ်းသာ အဆင့်မြင့်ကွန်ဒိုအိမ်ရာ၊ တိုက် (၁၀/ဘီ)၊ အခန်း(၂၃၂) အမည်ပေါက် ဦးကျော်မျိုးအောင် [၁၂/တမန(နိုင်)၁၁၂၈၉၃]နှင့် ဒေါ်အိ သန္တာဝင်းစု [၁၄/ဓနဖ (နိုင်) ၁၄၄၆၄၅]တို့ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ထက်ထက်ခိုင်[၁၂/ဒဂဆ(နိုင်)၀၀၆၆၉၃]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ တိုက်အမှတ် (၃) ဟုခေါ်တွင်သော (ပထမထပ်) တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့် (၁၂/ပဘတ (နိုင်) ၀၀၅၄၃၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်သဲနုစံ** (LL.B., D.B.L., D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၆၉)
အမှတ် (၇၀/ခ)၊ ၂-လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၀၉ ၄၀၁၆၂၀၈၀၆၊ ၀၉ ၇၉၉၂၆၀၉၇၃

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၁ ဖြတ်လမ်း၊ အမှတ်(၁၈)၊ မြေညီ၊ ကန်/တောင် ရပ်ကွက်၊ ဒေါ်လှလှသန်းတို့၏ သားဖြစ်သူ မောင်ကိုကိုနိုင် [၁၂/သကတ(နိုင်)၂၂၂၃၆၃]သည် မိဘ၏ ဆိုဆုံးမမှုကို အကြိမ်ကြိမ် နားမထောင်ဘဲ ၎င်းသဘောဆန္ဒ အလျောက် နေအိမ်မှထွက်ခွာသွားသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှသန်း (MTNT-၀၁၈၀၃၀)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/အနော်မာ)၊ မြေကွက်အမှတ် (၂၁၁/ခ)၊ ဧရိယာ (၂၅ပေx ၆၀ပေ) မြေကွက်တည်နေရာအမှတ်- ၂၁၁/ခ၊ အနော်မာအရှေ့ (၅)လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစံအေး CI-144522 အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးစံအေး(CI-144522) (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အုန်းနု [၁၂/သကတ(နိုင်)၀၃၅၇၉၅]မှ ခင်ပွန်းဖြစ်သူ ဦးစံအေးတွင် မိမိမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ ဇနီးမယား၊ အမွေစား၊ အမွေခံများလည်း မရှိပါကြောင်းခင်ပွန်းဖြစ်သူ ဦးစံအေး အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားပြီး ဇနီးဖြစ်သူမှ မိမိသာလျှင် မြန်မာထုံးတမ်းဥပဒေအရ တရားဝင် အမွေဆက်ခံခွင့်ရှိသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မိတ္တူမှန်၊ နိုင်ငံသားကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးစံအေး၏သေဆုံးမှုလက်မှတ်တို့ တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ငွေ(ခ)ဒေါ်ရင်ငွေ

### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်ဥတ္တမသာရ စာသင်တိုက်ကြီး၏ ဦးစီးပဓာန၊ နာယကဆရာတော်ကြီး အရှင်ဒေါက်တာခေမာလင်္ကာရ ဆရာတော်ဘုရားကြီးအား ဦးထိပ်ထား၍ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အထက်တမာတကောကျေးရွာနေ (ဦးရွှေဘွား-ဒေါ်လှစိန်)တို့၏ သမီး၊ စမ်းချောင်းမြို့နယ်၊ ၀ေ/မြောက်ရပ်ကွက်၊ အမှတ်(၃၅)၊ သပြေလမ်းနေ (ဦးချစ်လှိုင်)၏ဇနီး၊ ဦးလှသိန်း-ဒေါ်စန်းစန်းငွေ (မွေးမြူရေး/ငြိမ်း)၊ Capt. သန်းနိုင် (Uniteam Marine)-ဒေါ်သန်းသန်းအေး၊ (ဦးမြတ်သူ)-ဒေါ်သန်းသန်းဆင့်၊ ဦးဆန်းအောင်-ဒေါ်ခင်မေကြည်၊ ဦးမိုးကျော်အောင်-ဒေါ်ငွေငွေဝင်း၊ ဦးကျော်လေး-ဒေါ်ခင်ယုဆွေ၊ ဒေါ်ဝင်းဝင်းကြည်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွား ဒေါ်ငွေ(ခ) ဒေါ်ရင်ငွေသည် ၉-၁၁-၂၀၂၃ (ကြာသပတေးနေ့) ည ၉:၂၀ နာရီတွင် ဂရန်းဟန်သာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၂၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ညွန့်ငွေ

လက်ထောက်ကထိက(ငြိမ်း)

ကုန်ထုတ်ဓာတုဗေဒဌာန(ရန်ကုန်တက္ကသိုလ်)

### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် (၁၀၈)နေ ဦးဘသိန်း-ဒေါ်တင်ကြွေတို့၏ သမီး၊ ဦးလင်းစူ-ဒေါ်နန်းမူတို့၏သမီးချွေးမ၊ ဦးဝင်းခိုင်-ဒေါ်ညွန့်ညွန့်သိန်းတို့၏ညီမ၊ ဦးမျိုးအောင်၏ ချစ်လှစွာသောဇနီး၊ မချိုသဉ္ဇာမျိုးအောင်၊ မောင်အောင်ကိုကို-မသက်သက်ဇင်တို့၏ မိခင်၊ မောင်အောင်မျိုးသိန်း (Nigel Khine)၏ အဒေါ်၊ မောင်ဟိန်းသန့်မင်းသစ်၏ အဘွားသည် ၁၀-၁၁-၂၀၂၃ (သောကြာနေ့) နံနက် ၁၂:၄၅ နာရီတွင် ရန်ကုန်မြို့၊ ရွှေလမင်းဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၂-၁၁-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးမြင့်ဝေ(ခ)ဦးမြင့်ဟန်(ခ)ဦးကြီးရှောင် (ပဲခူး)

### အသက် (၈၉)နှစ်

ရန်ကုန်မြို့နေ ဦးကျော်ကျော် [Director (POPULAR GROUP)]- ဒေါ်ခင်စန္ဒာခိုင် [Director(GYS-Global Yangon School)]၊ ဦးမောင်မောင်မျိုးမြတ် [Director (POPULAR GROUP)] - ဒေါ်ကြူကြူသင်းတို့၏ မွေးသဖခင်၊ ဦးဥက္ကာကျော်- ဒေါ်ကေခိုင်ကျော် [CEO (GYS-Global Yangon School)]၊ ကိုဇော်မျိုးသီဟ- မအိရွှေဇင်ဝင်း၊ မပန်းဝတ်ရည်ရွှန်းလက်၊ ကိုခန့်ဇော်ရှိန်း၊ ကိုသန့်ဇော်ဟိန်းတို့၏အဘိုး၊ မမရိယဇော်၏ ဘိုးဘိုးသည် ၂-၁၁-၂၀၂၃ (ကြာသပတေးနေ့) ညနေ ၆:၅၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors**
**GYS – Global Yangon School**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်ဦး

### အသက် (၉၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ သံလွင်လမ်း၊ ဦးအောင်ကိန်းလမ်းသွယ်၊ အမှတ်(၉၉-ဒီ/၂)နေ (ဦးသောင်းဖေ- ဒေါ်သန်းတင်) တို့၏သမီး၊ [ဦးသုတ(ခ)ဦးလှကျော်-ဒေါ်သွင်]တို့၏ သမီးချွေးမ၊ [ဦးထွန်းရှိန် (ထွေ/ဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)]၏ဇနီး၊ ဦးဇော်ဝင်း-(ဒေါ်မြင့်မြင့်ဦး)၊ (ဦးအောင်သူ-ဒေါ်အုန်းဝင်းသိန်း)၊ ဦးထိန်ဝင်း-ဒေါ်သန်းသန်းဦး၊ ဦးမြင့်သူ-ဒေါ်သီတာအေးတို့၏မိခင်၊ ဒေါ်ခိုင်မွန်ဇော်၊ ဒေါက်တာပိုင်ထူးရှိန်- ဒေါက်တာနှင်းမို့မို့နိုင်၊ ဦးအာကာအောင်၊ ဦးရဲဘုန်းလှိုင်-ဒေါ်အေးမြဖူး၊ ဦးသီရန်အောင်-ဒေါ်စိမ့်ရှုပါဇော်၊ ဒေါ်ရှိန်းမြဖူး၊ မပိုပိုစစ်ဖူး၊ မနိုရာရှိန်းတို့၏ အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၀- ၁၁- ၂၀၂၃ (သောကြာနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအတိုင်း ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိပါကြောင်း

၅-၁၁-၂၀၂၃ ရက် နံနက် ၂:၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ဘဝတစ်ပါးကူးပြောင်းရောက်ရှိသွားသော သရုပ်ဆောင် မရွှေသွန်းရူပါ၏ ဈာပနကိစ္စအဝဝတွင် ကူညီစောင့်ရှောက်ဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကွယ်လွန်ချိန်မှ ဈာပနပြီးဆုံးသည်အထိ နွေးထွေးကြင်နာစွာ ကူညီပေးပါသော မဈိမနှလုံးသား လူမှုကူညီရေးအသင်းသားများ၊ သတင်းကြားသည့်အချိန်မှ ယနေ့တိုင် လူကိုယ်တိုင်ရောဖုန်းဖြင့်ပါ အားပေးဖေးမကြပါသော မိတ္ထီလာမြို့မှ ဆွေမျိုးများနှင့် ငယ်သူငယ်ချင်းများ၊ ဒါရိုက်တာဗန်းကြီးနှင့် အစိုးမရ အနုပညာရုပ်ရှင်ဇာတ်ကားကြီးမှ အဖွဲ့သားများ၊ ဦးကျော်ထွန်းအောင်နှင့် Happy World Amusement Park မိသားစုများ၊ ဆရာကြီး ဦးခင်မောင်ဝင်း၊ ကိုတူးနိုင်-မမို့ (29)ရတနာ၊ သရုပ်ဆောင် လှမျိုးသဥ္စာနွယ်နှင့် လုပ်ဖော်ကိုင်ဖက် အနုပညာရှင်များ၊ လိုက်ပါပို့ဆောင်ပေးကြပါသော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများ၊ ဆရာစံတောင်ရပ်ကွက်မှ မိတ်ဆွေများနှင့် သရုပ်ဆောင်ရွှေသွန်းရူပါ၏ အချစ်ဆုံး သရုပ်ဆောင်သူငယ်ချင်းများအား ကျန်ရစ်သူမိသားစုမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်လဖိုင်မော်ဆွီနန်အောင်

### အသက်(၆၁)နှစ်

ကချင်ပြည်နယ်၊ ဒွေ့ဖုန်းယန်မြို့နေ ဦးလဖိုင်မော်ဆွီထိန်နန်ဒူ-(ဒေါ်အင်ဝမ်ထုရော်)တို့၏ သမီး၊ Rev ဖော်ဂျုံတန်အောင်၏ ချစ်လှစွာသောဇနီး၊ ဖော်ဂျုံဆိုင်းမွန်မိုင်၊ ဖော်ဂျုံဆွတ်ဆိုင်းလတ်၊ ဖော်ဂျုံလဂရောင်တို့၏မိခင် ဒေါ်လဖိုင်မော်ဆွီနန်အောင် (အ.ထ.က ဒွေ့ဖုန်းယန်)သည် ၉-၁၁-၂၀၂၃ ရက် မွန်းလွဲ ၁:၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၃-၁၁-၂၀၂၃ ရက် နံနက် ၉ နာရီတွင် ထိန်ပင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဦးအာကာငြိမ်းချမ်း

ဒုတိယညွှန်ကြားရေးမှူး (အကောက်ခွန်ဦးစီးဌာန)

### အသက် (၄၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅) ရပ်ကွက်၊ (၅၁) လမ်း၊ (၂၈)ခန်းတွဲ၊ အခန်း(၁၅)၊ အကောက်ခွန်အိမ်ရာနေ ဦးခင်မောင်ညွန့်-ဒေါ်မြင့်မြင့်ကြည်တို့၏သား ဒုတိယညွှန်ကြားရေးမှူး ဦးအာကာငြိမ်းချမ်းသည် ၈-၁၁- ၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၁-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၇)ဒေါ်ထူးသီရိစံ+၁၏ဂရန်သစ်တွင်မှတ်ပုံတင်အမှတ်-၅/ကလထ(နိုင်)၀၈၂၇၄၃ အစား၅/ကလတ(နိုင်)၀၈၂၇၄၃ ဟုအမှန်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁၀-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၆)ဦးရဲလွင်၏အမည်ပြောင်းတွင်မြေကွက်အမှတ်၁၁အစားမြေကွက်အမှတ်-၁၁A ဟုအမှန်ဖတ်ရှုပါရန်။

## ဒေါ်တင်လှိုင်

### အသက်(၈၇)နှစ်

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ် (၁၅၀)နေ (ဦးချစ်ခိုင်-ဒေါ်ငွေတင်)တို့၏ သမီးကြီး၊ (ဦးချိန်လျန်း)၏ ဇနီး၊ (ဦးမြင့်ဦး)-ဒေါ်အေးဟန်၊ ဦးလှဝေ- Ms.Daeng၊ ( ဦးမြင့်သိန်း)-ဒေါ်နီနီလွင်၊ ဦးတင်မောင်ဝင်း-ဒေါ်ကြည်ကြည်လွင်၊ ဦးဇော်ညွန့်- ဒေါ်ငွေငွေယုစံတို့၏ မွေးသမိခင်၊ မြေး ကိုးယောက်၊ မြစ် သုံးယောက်တို့၏အဘွား ဒေါ်တင်လှိုင်သည် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၂ ရက်) ၁၀-၁၁-၂၀၂၃ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၃ ရက်) ၁၁-၁၁-၂၀၂၃ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ "ပိန္နဲကုန်းမြန်မာသုသာန်"သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသုဘရှုကြွရောက်ပါရန်။ [ကွယ်လွန်သူအားရည်စူးပြီး သမုတိသံဃာတော်အရှင်သူမြတ်တို့ အားဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လကွယ်) ၁၂-၁၁-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မြစိန်

(ဌာနစုမှူး-ငြိမ်း၊ ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)

### အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးကြည်မောင်-ဒေါ်ခင်ညွန့်)တို့၏သမီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း (၆)လမ်း၊ အမှတ် (၁၇)နေ ဦးညိုထွန်း(ကုန်သွယ်ရေး-ငြိမ်း)- ဒေါ်ခင်အုန်းမြင့်(နှစ်ရှည်-ငြိမ်း)၊ ဒေါ်ခင်မြဝင်း(ဒု-ညွှန်ချုပ်-ငြိမ်း၊ ပြည်ထောင်စုလွှတ်တော်) တို့၏ ညီမ၊ ဦးသန်းအောင်စိန်(MFIJV Ltd.)၏ ချစ်လှစွာသောဇနီး၊ မရွှန်းလဲ့ဖြိုး၊ မောင်ကောင်းမြတ်သူတို့၏ ချစ်လှစွာသောမိခင်သည် ၁၀-၁၁-၂၀၂၃ (သောကြာနေ့) နံနက် ၉:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၂-၁၁-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ မြင့်မြတ်ရာဘုံဘဝသို့ရောက်ရှိပါစေခြင်းအကျိုးငှာ ၁၆-၁၁-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအာကာငြိမ်းချမ်း

DSA(၄၆)

ဒုတိယညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန

### အသက်(၄၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၅၁)လမ်း၊ (၂၈)ခန်းတွဲ၊ အခန်း(၁၅)၊ အကောက်ခွန်အိမ်ရာနေ ဦးခင်မောင်ညွန့်-ဒေါ်မြင့်မြင့်ကြည်တို့၏သားသည် ၈-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၀-၁၁-၂၀၂၃ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆပ်ကပ်လှူဒါန်း အမျှပေးဝေလိုပါသောကြောင့် ၁၄-၁၁-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၆ကေ၊မြေကွက်အမှတ်-၁၁၁ အက်စ်/၂အေဘီ၊ဧရိယာ(၀.၁၀၇)ဧက၊မြေကွက်တည်နေရာအမှတ်(၄၂)၊ အင်းယားမြိုင်လမ်း၊ရွှေတောင်ကြား(၂)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ဦးလွင်အောင်အေး(၁၂/မဂဒ(နိုင်)၀၂၂၅၆၃)၊ဒေါ်နီနီသိန်း(၁၂/သလန(နိုင်)၀၁၇၈၀၈) အမည်ပေါက်၊မြေပိုင်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူ(ဇနီး)ဒေါ်နီနီသိန်းသည်(၁၁-၆-၂၀၂၃)ရက်နေ့တွင်ကွယ်လွန်ခဲ့ပါသဖြင့်ကျန်အမည်ပေါက်(ခင်ပွန်း)ဦးလွင်အောင်အေး(၁၂/မဂဒ(နိုင်)၀၂၂၅၆၃)မှတရားဝင်ခင်ပွန်းဖြစ်ပြီးအခြားသောခင်ပွန်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ဇနီးဖြစ်သူဒေါ်နီနီသိန်း၏ပိုင်ဆိုင်ခွင့်အစုအားမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ၄င်းကသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့်အခြားသောအမွေဆက်ခံပိုင်ဆိုင်မည့်သူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှတ်ပုံတင်အမှတ်-၅၆၀/၂၀၂၃ (၁၉-၉-၂၀၂၃)ရက်နေ့ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်နီနီသိန်း၏သေဆုံးမှုလက်မှတ်၊အမည်ပေါက်အရောင်းအဝယ်စာချုပ်စာချုပ်အမှတ်-၆၀၀၁/၂၀၂၂(၁၅-၈-၂၀၂၂)၊အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၁၊ မြေကွက်အမှတ်-၁၆အေ/၁.၂၊ ဧရိယာ(၀.၁၀၃)ဧက၊ မြေကွက်တည်နေရာအမှတ်(၉၃/ဘီ)၊ ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးမောင်မောင်အေး [၁၀/မလမ(နိုင်)၀၁၅၂၁၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်အေးမှ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မူရင်းမှာ ၎င်း၏လက်ဝယ်တွင် သိမ်းဆည်းထားရင်း ခြကိုက်ပျက်စီးသွားခဲ့ကြောင်းနှင့် အဆိုပါဂရန်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံတင်သွင်းထားခြင်းတို့ မရှိကြောင်း၊ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ၎င်းကသာ တာဝန်ယူကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်စာအမှတ်-၂၀၃၈/၂၀၂၃(၂၆-၇-၂၀၂၃)ရက်နေ့ ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း ခြကိုက်ပျက်စီးကြောင်း ရဲစခန်းနှင့် အနောက်ရွှေဂုံတိုင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ မြေငှားဂရန်ပျက်စီး၍ ဂရန်မိတ္တူမှန် လျှောက်ထားကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်...**

❖ **မိမိတို့အစိုးရသည် နိုင်ငံရေးအစိုးရ မဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေသည့် အစိုးရဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## MFF Rhino Futsal Championship 2023 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

MFF Rhino Futsal Championship 2023 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပသည်။

**ထိပ်ဆုံးနှစ်သင်းစီ ရှုံးထွက်အဆင့် တက်ရောက်ခွင့်ရမည်**

ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၂၆ သင်းကို လေးသင်းနှစ်အုပ်စု၊ သုံးသင်း ခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီ ရှုံးထွက်အဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် VUC အသင်း၊ M2K အသင်း၊ Sun Far အသင်း၊ Noka Utd အသင်း၊

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့** ❂



၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာနှင့် ဂျပန် တွေ့ဆုံခဲ့စဉ်။

## မြန်မာအသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် ဂျပန်လက်ရွေးစင်အသင်းတွင် လူစုံပါဝင်နေ

**ရန်ကုန် နိုဝင်ဘာ ၁၀**

၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲများကို နိုဝင်ဘာ ၁၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် အုပ်စုအဖွင့်ပွဲကစားရမည့် အာရှထိပ်သီး ဂျပန်လက်ရွေးစင်အသင်းတွင် နာမည်ကြီးကစားသမားများ အစုံအလင်ပါဝင်လာသည်။

ဂျပန်လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲအဖြစ် ယခုလအတွင်း နှစ်ပွဲကစားရမည်ဖြစ်ပြီး ယင်းပွဲများအတွက် ကစားသမား ၂၆ ဦး စာရင်းထုတ်ပြန်ခဲ့ရာ ဥရောပအခြေစိုက်ကစားသမားအများအပြား ပါဝင်လာခြင်းဖြစ်သည်။ **စာမျက်နှာ ၂၁ ကော်လံ ၁ သို့** ❖



## ဝက်စ်ဟမ်းနဲ့ ဘရိုက်တန်တို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး လီဗာပူးအသင်းက တူးလော့အသင်းကို ရှုံးနိမ့်

ယူရိုပါလိဂ်အုပ်စုအဆင့် ပွဲစဉ် (၄)ကို နိုဝင်ဘာ ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းအသင်းနဲ့ ဘရိုက်တန်အသင်းတို့နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး လီဗာပူးအသင်းကတော့ တူးလော့အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

**အနိုင်ရရှိခဲ့**

ဝက်စ်ဟမ်းအသင်းဟာ အိုလံပီယာကို့စ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရရှိခဲ့တာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲကစားချိန် ၇၃ မိနစ်မှာ လူးကတ်ပါကွေတာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဘရိုက်တန်အသင်းကတော့ အေဂျက်အသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဘရိုက်တန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၅ မိနစ်မှာ အန်ဆူဖာတီက တစ်ဂိုးနဲ့ ၅၃ မိနစ်မှာ အက်ဒင်ဂရာက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့** ❍

**ယနေ့ ဖတ်စရာ**

**လုပ်အားပြဖို့လိုပြီ**

ဆောင်းပါး စာမျက်နှာ » ၆

**တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**ဈေးရောင်းပွဲတော်ကနေရရှိတဲ့ ဈေးကွက်အခွင့်အလမ်းထက် အမြဲတမ်းဖွင့်လှစ်ထားတဲ့ အခုလို အရောင်းစင်တာတွေက ပိုပြီးဈေးကွက်အခွင့်အလမ်းရနိုင်တယ်**

တွေ့ဆုံမေးမြန်း

စာမျက်နှာ » ၁၆

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုတည်ဆောက်ခြင်း**

ဆောင်းပါး စာမျက်နှာ » ၁၈